www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အပ္ပမာဒေါ် အမတံ ပဒံ

မမေ့မလျော့ခြင်းသည်မသေခြင်း၏အကြောင်းဖြစ်သည်။

အပ္ပမာဒ
စာစဉ်

အမှတ်(၁၈၉)၊ ရွှေဝါထွန်း(၂)လမ်း၊ (၃၃)ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်။
ဖုန်း-၅၈၄၇၃၀

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး
ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ချစ်တတ်တဲ့သူတွေနေရင်လောကကြီးကလှနေမယ်

**ပထမအကြိမ် ၊ အုပ်ရေ (၂၀၀၀) ၂၀၀၀ပြည့်နှစ် ၊ စက်တင်ဘာလ**

စာမူခွင့်ပြုချက် -၅၈၀ / ၂၀၀၀ (၈)
အဖုံးခွင့်ပြုချက် -၄၉၆ / ၂၀၀၀ (၈)
မျက်နှာဖုံးပန်းချီ -ပန်းချီ ကျော်မင်းမောင်
အတွင်းသရုပ်ဖော် -ပန်းချီ မောင်မောင်သိုက်
ကွန်ပျူတာစာစီ -ပိုးကွန်ပျူတာ
စီစဉ်ဖြန့်ချိသူ -ဒေါ်သိင်္ဂီမိုး
ထုတ်ဝေသူ -ဒေါ်ရွှေအိမ် (တိုင်းလင်းစာပေတိုက်)
(၀၁၂၉၉) ၊ ၈/၆၅ ၊ အုပ်စု (၃)
အောင်သိဒ္ဓိလမ်း၊ တော်ဘုရားကြီးကုန်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
အဖုံးနှင့်အတွင်းပုံနှိပ် -ရွှေနိုင်ငံပုံနှိပ်တိုက်
ဦးမောင်မောင်လှ၊ (မြဲ-၀၅၇၄၅)
အမှတ်၊ ၉၀(စီ)၊ ကမ္ဘာအေးဘုရားလမ်း
ရန်ကုန်မြို့ ။
ဖြန့်ချိရေး အပ္ပမာဒစာစဉ်
၁၈၉၊ ရွှေဝါထွန်း(၂)လမ်း၊ ၃၃ ရပ်ကွက်
ဒဂုံမြောက်ပိုင်း၊ ဖုန်း-၅၈၄၇၃၈
တန်ဖိုး -(၂၈၀) ကျပ်

BURMESE CLASSIC .com

အပ္ပမာဒ
စာစဉ်
(၈)

မြသန်းစံ

# ချစ်တတ်တဲ့လူတွေနေရင်လောကကြီးကလှနေမယ်

www.burmeseclassic.com

www.burmeseclassic.com

# သပ္ပဒါန် ဓမ္မဒါန် ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏

## ထုတ်ဝေပြီးစာစဉ်များ


၁ မေတ္တာဓမ္မ သာသနာ့အလင်းရောင်တို့၏ အေးမြသောဆွဲငင်အား
၂ မမေ့မလျော့သောသတိဖြင့်နေထိုင်ခြင်း
၃ ငြိမ်းချမ်းသောစိတ်ဖြင့် မငြိမ်းချမ်းသောအာရုံများကိုဖြတ်ကျော်ခြင်း
၄ နက်ရှိုင်းသောတော၏ရင်ခွင်၌ပျော်မွေ့ခြင်း
၅ လာခြင်းကောင်းသောဧည့်သည်
၆ ဘုရားရှင်၏အဓိပ္ပါယ်ကိုခံစားကြည့်ရှုခြင်း
၇ မက်လာရှိသောနေ့တစ်နေ့မွေးဖွားခြင်း
၈ ချစ်တတ်တဲ့လူတွေနေ့ရင်လောကကြီးကလှနေမယ်


## ထုတ်ဝေမည့်စာစဉ်


၉ ခန္ဓာအိမ်ကိုအရင်းပြု၍သဘာဝဓမ္မကိုလေ့လာခြင်း


# မာတိကာ


စာရေးသူ၏နိဒါန်းစကား

**အပိုင်း (၁)**

၁။ ချစ်တတ်တဲ့လူတွေနေရင်လောကကြီးကလှနေမယ် ၁
၂။ စွန့်လွှတ်ခြင်းကို စွန့်လွှတ်ခြင်း ၉
၃။ ဓမ္မသဘာဝနကုသိုလ် ၁၇
၄။ အချစ်အတွက်တစ်ပန်မွေးဖွားခြင်း ၃၃
၅။ (ငြိမ်း)ကို နားလည်ခြင်း ၅၇
၆။ ဂန္ထပလိဗောဓနှင့် မိတ်ဖွဲ့ခြင်း ၇၁
၇။ ဂီတ၏ ခဲသြယသံသရာတွင် နှစ်မြုပ်စီးဝင်ပျော်ပါခဲ့ခြင်း ၈၁
၈။ ကျေးဇူးတရားတစ်ခု (သို့မဟုတ်) ဆရာမြသန်းတင့်နှင့်
သူ၏ စကားပြေခွန်အား ၁၀၁
၉။ စွန့်မှစွမ်း ၊ မျှမှရ ၊ ငြိမ်မှငြိမ်း ၁၁၁
၁၀။ မျှဝေထောက်ရှု စောင့်ရှောက်မှုဖြင့် ၁၂၇

**အပိုင်း (၂)**

၁။ ဗိုလ်ငါးပါးနှင့်တကျောတို့၏စရိုက် ၁၄၃
၂။ ဝေဒနာ (သို့မဟုတ်) ထာဝရပိတ်ဆွေ ၁၅၃
၃။ ယုံမှားသံသယနှင့် အယူမှားများကိုကျော်ခိုင်းခြင်း ၁၆၁
၄။ ပိတ်၌ရပ်ဝန်ပနစ်မွန်းလိုခြင်း ၁၆၉
၅။ အဝေး သို့မဟုတ် လက်တွဲဖော် ၁၇၇
၆။ နည်းလမ်းအသီးသီးနှင့် ကုဋ္ဌာစွမ်း ၁၈၅


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏နိဒါန်းစကား

ကိုယ်ရေးသည့်စာအုပ်၌ ကိုယ့်ဘာသာကိုယ်နိဒါန်းဆိုရပြန်ပါပြီ။

သည်စာအုပ်ပါ ဆောင်းပါးအချို့တွင် ကျွန်တော်၏ဘဝဟောင်းဖြစ်သည့် သီချင်းရေးသားသူဘဝက အရိပ်အငွေ့တွေ အများကြီးပါနေပေသည်။ ယခုကောဘဝသစ်သို့ရောက်နေပြီလောဟု မေးစရာရှိပါသည်။ မရောက်သေးပါဟု ကျွန်တော်ဖြေရမည်ဖြစ်ပါသည်။ ကျွန်တော့်စိတ်အာရုံတွေက ဘဝဟောင်းနှင့်ဘဝသစ် နယ်နိမိတ်မျဉ်း ဟိုဘက်၊ သည်ဘက်လူးလာခေါက်တုံ့ပြေးလွှားလျက်ပင်ရှိနေပါသေးသည်။

ထို့ကြောင့်ပင် သည်စာအုပ်၏ ခေါင်းစဉ်ကို ကျွန်တော်ရေးခဲ့သည့် သီချင်းတစ်ပုဒ်၏စာသားတစ်စွန်းတစ်စကို ပြန်လည်ခံစားမိရာမှ ``ချစ်တတ်တဲ့လူတွေနေရင် လောကကြီးကလှနေမယ်'' ဟု အမည်ပေးလိုက်မိခြင်းဖြစ်ပါသည်။ အချို့ဆောင်းပါးတို့သည် စာပေတိုက်အချို့ကထွက်ပြီးသား စာအုပ်ထဲတွင်ပါဝင်ပြီးသား ဖြစ်ပါသည်။ သို့သော် ကျွန်တော့်ဆောင်းပါးချည်းသက်သက်စုစည်းထုတ်ဝေသည့်အတွက် ထိုဆောင်းပါးများလည်းပြန်လည်ပါဝင်လာရပြန်ပါသည်။

ကျွန်တော်သည် မည်သည့်စာစောင်၊ မဂ္ဂဇင်း၌ရေးရေး ပြန်လည်စုစည်းထုတ်ဝေနိုင်မည့်အထဲတွင် ပါဝင်နိုင်ကောင်းသည့် အထိ ရည်ရွယ်ကာ သတိထား၍ရေးသားခဲ့သည်ချည်းဖြစ်ပါသည်။



နှစ်တွေကြာလာလေလေ ဓမ္မဆိုင်ရာအာရုံအထိအတွေ့တွေက ပိုမိုနက်နဲသိမ်မွေ့လာလေဖြစ်သည်။ ထိုအခါ ဓမ္မအသိအမြင်ကို ပြန်လည်ရေးဖွဲ့သည့်ကျွန်တော့်စာရေးသားပုံသည်လည်း ပြောင်းလဲလာမှန်းသတိထားလာမိသည်။

စာအုပ်တွေစရေးကာစက ကျွန်တော်သည်မြန်မြန်ရေး၊ များများပါ၊ မြန်မြန်စာအုပ်ထွက်ဖို့ အားသန်ခဲ့သလောက် ယခုတော့ ပြောင်းပြန်ဖြစ်ချေပြီ။ စာတစ်ပုဒ်ရေးဖြစ်ဖို့ ကျွန်တော်တော်တော် သက်တွဲ့လာသည်။ အဘယ့်ကြောင့်နည်း။ ဓမ္မအာရုံ၊ သတိပဋ္ဌာန် အလေ့အကျင့်၊ ဝိပဿနာဉာဏ်တို့သည် ကြာလေနက်နဲလေ၊ နက်နဲလေလေ သိမ်မွေ့လေ၊ သိမ်မွေ့လာလေလေ တင်ပြပြောဆိုရန် ခက်ခဲသောအခြေအနေသို့ ဆိုက်ရောက်လာလေ ဖြစ်သောကြောင့်ပင်။ ထို့ထက်နှုတ်ဆိတ်နေခြင်းကပင် ပို၍ကောင်းမည်ဟု ကျွန်တော်ထင်မြင်လာသည်။

အမှန်တကယ်တွင် ကျွန်တော်သည် ဆရာတော်ကြီး အသီးသီး၏ ဝိပဿနာကိုယ်တွေ့၊ အတွေ့အကြုံ၊ ကျမ်းစာများကို ဖတ်ရှုရင်းမှ ဆရာတော်ကြီးများ၏ ပါရမီစွမ်းအားကိုအားကျကြည်ညိုစိတ်ဖြင့် ဓမ္မပီတိကိုသာခံစားချင်နေမိသည်။ ထိုအခါ ဓမ္မခရီးလမ်းကို ပက်ကျိသွားနှုန်းဖြင့်သွားနေသော ကျွန်တော်၏ ရေးချင်းမှုများအပေါ် အားမလို အားမရဖြစ်လာရသည်။ သည့်နောက် ဓမ္မခရီးသွားတစ်ဦးဖြစ်သည့် ကျွန်တော်သည် မိမိ၏ သွားနှုန်း အရှိန်အဟုန်ကို မြှင့်တင်လိုစိတ်ဖြင့် သတိပဋ္ဌာန်တရားတော်၏ လေ့ကျင့်မှုနယ်ပယ်တွင်သာ အာရုံနှစ်၍နေလိုက်ချင်

www.burmeseclassic.com

www.burmeseclassic.com


သည်။ သည်လိုစိတ်ကူးတွေ ပေါ်ပေါက်သောအခါ ကျွန်တော်သည် စာမရေးဖြစ်တော့ပေ။ စာလည်းရေးချင်စိတ်မရှိတော့။

စာဖတ်ခြင်း၊ ကျင့်ကြံအားထုတ်ခြင်း၊ ဓမ္မဆိုင်ရာတရားများကို နာခံနာကြားနေခြင်းတို့ဖြင့်သာ ကျွန်တော့်သက်တမ်း၏ လက်ကျန်အချိန်တွေကို ကုန်သွားလိုက်ချင်ပါသည်။ သို့သော် စာရေးခြင်းကိုမစွန့်နိုင်သော အာရုံကိလေသာတပ်မက်နေသေးသည့် စိတ်တွေက ကျွန်တော်၏ စာရေးသားခြင်း ဝိညာဉ်ကို ပြန်လည်တပ်လှန့်လှုပ်နိုးပြန်ပါသည်။ ထိုအခါ ကျွန်တော်သည် ချထားသောကလောင်ကိုကိုင်ကာ စာရေးဖြစ်ရပြန်တော့သည်။

ဤသို့ဖြင့် ထုံ့ပိုင်း ၊ ထုံ့ပိုင်း ၊ ဟိုနားတစ်ပုဒ်၊ သည်နားတစ်ပုဒ်ရေးခဲ့သော ကျွန်တော့်ဆောင်းပါးတွေကို အဌမအကြိမ်စုစည်းမိသောအခါ ယခုဤစာအုပ်ကလေးဖြစ်လာရပြန်ပါသည်။

သည်စာအုပ်၏ ပထမပိုင်းတွင် ဆောင်းပါး(၁၀)ပုဒ်ဖြင့် ဖွဲ့စည်းထားပါသည်။ ဒုတိယပိုဒ်တွင်ဆောင်းပါး (၆)ပုဒ်ဖြင့် ဖွဲ့စည်းထားပါသည်။ ပထမပိုင်း ၊ ဒုတိယပိုင်း နှစ်ပိုင်းခွဲရခြင်းမှာအကြောင်းရှိပါသည်။ ပထမပိုင်းသည် သမုတိနယ်ပယ်နှင့်ရောယှက်သော **ဓမ္မအတွေးအမြင်ဆိုင်ရာအရေးအဖွဲ့**ဖြစ်ပါသည်။ ဒုတိယပိုင်းမှာမူ သတိပဋ္ဌာန်တရားတော်လေ့ကျင့်ရေး ပရမတ်တရားနယ်ပယ်မှ **ဓမ္မအသိအမြင်ဆိုင်ရာအတွေ့အကြုံ**ဖြစ်ပါသည်။

ပထမပိုင်းသည် မည်သူမဆို ဖတ်သိခံစားနိုင်သော်လည်း ဒုတိယပိုင်းမှာမူ သတိပဋ္ဌာန်အလုပ်ခွင်အတွင်း၌ စနစ်တကျလေ့ကျင့်ထားဖူးသောသူများသာ ခံစားနိုင်မည်ဖြစ်ပါသည်။ ချုပ်အားအခံမရှိလျှင် ဘာတွေရေးထားမှန်းလည်းမသိဘူးဟု ထင်စရာရှိပါသည်။

ပထမပိုင်းနှင့် ဒုတိယပိုင်းနှစ်ခုစလုံးကို ဖတ်ပြီးသွားလျှင်မူ ကျွန်တော့်စိတ်သည် အာရုံနယ်ပယ်နှစ်ခုကို မျှတစွာကိုင်တွယ်တွေ့နေရကြောင်း စာဖတ်သူတို့ခံစားနားလည်နိုင်မည်ဖြစ်ပါသည်။

ကျွန်တော့်အကြိုက်ပြောရလျှင် ဒုတိယပိုင်းအာရုံတွေဖြင့် အမြဲနေချင်ပါသည်။ ထို့ပြင် ဒုတိယပိုင်း၌ ကျွန်တော်ခင်းကျင်းရေးပြထားသောအသိတို့ထက် ပိုမိုအဆင့်မြင့်သောအသိဉာဏ်တွေရဖို့အတွက်သာ လေ့လာကျင့်ကြံအားထုတ်သွားချင်ပါသည်ဟု ........။

မြသန်းစံ

၄–၈–၂၀၀၀


www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



လောဘနဲ့အရောင်တွေခြယ် လောကကြီးအကျည်းတန်သွား
ဒေါသကိုမတားဆီးလို့အလှတွေမီးများ ကျွမ်းလောင်သွား
ချစ်တတ်တဲ့လူတွေနေရင် လောကကြီးကလှနေမယ်၊
လောကကိုချစ်တတ်မှ ငြိမ်းချမ်းအေးမြမှာ .......

## ချစ်တတ်တဲ့လူတွေနေရင် လောကကြီးကလှနေမယ်

အကယ်၍ယခုအချိန်တွင် ကျွန်တော်သေဆုံးပြီးသားဖြစ်နေလျှင် သူ့အကြောင်းကိုကျွန်တော်ရေးဖြစ်လိမ့်မည်မဟုတ်ပါ။ သို့တည်းမဟုတ်ယခုအချိန်တွင် သူသေဆုံးပြီးခဲ့ခြင်းမရှိသေးပါကလည်း သူ့အကြောင်းကို ကျွန်တော်ဆောင်းပါးတစ်ပုဒ် အဖြစ်ရေးသားဝံ့မည်မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော်သူသည် အလွန်တရာအကင်းပါးလှသူတစ်ယောက်ဖြစ်သောကြောင့်ပင်တည်း။

သူ၏အကင်းပါးမှုများ၊ ချက်ဆိုလျှင်နားကွက်ကမီးတောက်ပြီးသားအရည်အချင်းများကြောင့်ပင် သူသည် ကျွန်တော်တို့ထက် အစစအရာရာသာလွန်သောဘဝကို ပိုင်ဆိုင်ခွင့်ရသွားခဲ့သူဖြစ်ပါသည်။ ယခုတော့လည်းဘယ်ဘဝ ဘယ်မှာရော



www.burmeseclassic.com

www.burmeseclassic.com



ရောက်၍ ဘာတွေပိုင်ဆိုင်ခွင့်ရနေပြီဆိုတာကို ကျွန်တော်တို့ မသိနိုင်တော့ပါ။ သိရလျှင်လည်းသူအသက်ထင်ရှားရှိခဲ့စဉ်ကလိုပင် သူဘာတွေ ပိုင်ဆိုင်ခံစားခွင့်ရနေသလဲဆိုတာ ကျွန်တော်တို့ စိတ်ဝင်စားလိမ့်မည်မဟုတ်ပါ၊ သူကတော့ "ငါဘာတွေ ပိုင်ဆိုင်ခွင့် ခံစားခွင့်ရနေပြီလေကွာ၊ မင်းတို့တွေ့ရဲ့မဟုတ်လား" ဟုပါးစပ်မှ ထုတ်မပြောရုံတမယ်မျက်နှာနှင့် ကျွန်တော်တို့ရှေ့တွင် အမြဲတမ်း ဝင့်ဝင့်ကြွားကြွား နေထိုင်ခဲ့သူတည်း . . .

တကယ့်တော့သူသည် ကျွန်တော်တို့အမြင်၌ ထမင်းအိုး၊ ဟင်းအိုးမွှေသောယောက်မတစ်ချောင်းနှင့်တူလှသည်။ အိုးထဲသို့ ဆန်ထည့်မည်၊ ရေထည့်မည်၊ မီးဖိုပေါ်တင်မည်၊ ဆူပွက်လာသောအခါမွှေပေးမည်၊ ကျက်သွားသောအခါအိုးထဲမှ ပန်းကန်ထဲသို့ခူးထည့်မည်၊သည်လုပ်ရှားမှုဖြစ်စဉ်ကြီးထဲ၌ သူမပါမဟုတ် ပါနေသည်သာ။ သို့သော် သူ့ခမျာ အရသာကိုသိခွင့် မရရှာ။ ပျော့သလား၊ မာသလား၊ ချိုသလား၊ ခါးသလား၊ စပ်သလား . . . . စသည့်အရသာတွေကို သူလုံးဝမခံစားတတ် ပါ။ ဆိုရလျှင် သူသည် လျှာမရှိသော လူတစ်ဦးနှင့်တူနေသည်။

သို့သော် အကင်းပါးသောစရိုက်ရှိသူပီပီ သူ-မသိ သိအောင်ကြိုးစားသည်။ ကိုယ်တိုင် သိရှိ ခံစားနိုင်ခွင့်အကျိုး ပေးပါမလာသော်လည်း သူသည်အားမငယ်တတ်ပါ။ ဘေးလူကို သိအောင်မေးသည်၊ မှတ်ထားသည်၊ ပြီးလျှင်လူသူထုထပ် ပြီဆိုလျှင် စကားရောဖောသောဖြင့် သူသိသယောင်ဝင်ရောက် ဆွေးနွေးသည်။ ပြောဆိုသည်။ တင်ပြသည်။ ငြင်းခုန်သည်။





ကျွန်တော်တို့က သူ့အကြောင်းခါတ်သိ၊ အတွင်းသိ၊ အစင်းသိ ဖြစ်နေသဖြင့် အထင်ကြီး၍မရသော်လည်း သူ့အကြောင်းမသိ သူတွေကတော့ သူ့အပေါ်အထင်တကြီးတလေးတစားနှင့် ဆက်ဆံကြသည်ကိုတွေ့နေရသည်။ သို့သော်သူ့စိတ်ထဲမလုံမလဲ ဖြစ်နေပုံက သူ့မျက်လုံးတွင် အထင်းသားပေါ်နေလေသည်။ မျက်ဆံအနက်ကိုဒေါင့်ကပ်၍ ပေကလပ်၊ ပေကလပ်ဖြင့်ကျွန်တော် တို့ကိုလှမ်းကြည့်နေဟန်မှာ သူ့အကြောင်းကိုဖွင့်မပြောပါနှင့်ဟု တောင်းပန်နေသယောင် . . . .

ကျွန်တော်တို့ကလည်း သိတတ်ပါသည်၊ သူများ အရှက် ဘကွဲဖြစ်ပြီးမှ ကျွန်တော်တို့စိတ်ချမ်းသာရသော အနေအထားကို ကျွန်တော်တို့မလိုချင်ပါ၊ ကျွန်တော်တို့မသိသလို နေလိုက်ပါသည်။ ဤသည်ပင်လျှင် သူ့အတွက်အခွင့်ကောင်းတစ်ရပ်ဖြစ် နေပြန်ပါသည်။ ကျွန်တော်တို့၏အနှောင့်အယှက်ပေးနိုင်မှု အရိပ်အယောင်တွေ မရှိတော့သည်နှင့်သူသည် သူ့ရပ်တည်မှုအရှိန် အဟုန်ကိုမြှင့်တင်ပါတော့သည်။ အခြားမဟုတ်ပါ၊ သူသည် ကျွန်တော်တို့ကဲ့သို့ပညာသည်တစ်ယောက်ဖြစ်လာရန် အကြီး အကျယ်ကြိုးပမ်းလာခြင်းပင် . . . သည်နေရာတွင် ကျွန်တော် တို့၏ညံ့ဖျင်းမှုမှာ သူ့ကိုဖြစ် မလာနိုင်ဟုအထင်သေးထားမိခြင်းပင်။ သူ့မှာခံစားနိုင်တဲ့ စွမ်းအင်မှမရှိတာပဲ ဘယ်လိုမျိုးဖြစ်မလာနိုင်ပါဘူး၊ ဘယ်လိုနည်းနဲ့မျှပညာသည်တစ်ယောက်ဖြစ်လာစရာ အကြောင်း မရှိပါဘူးဟု ကျွန်တော်တို့တတွေ လှေနံဓါးထစ် ပုံသေကားချ မှတ်ထားလိုက်မိသည်။ ဤသည်မှာကျွန်တော်တို့၏ အမှား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူသည် ကျွန်တော်တို့၏ (သူ့အရက်ကိုမခွဲတတ်သော) စိတ်နှလုံးမွေးမြူတတ်မှု၊ ကျွန်တော်တို့၏သူ့အပေါ်အထင်သေးနေမှု၊ သူ့အနားတွင်ဝိုင်းဝန်းစပြုလာပြီဖြစ်သော တပည့်တပန်းနှင့်ပရိသတ်တို့ကို လွှတ်မသွားအောင် ပေးကမ်းကျွေးမွေးတတ်မှုကိုကို အရင်းအနှီးပြု၍ ရှေ့သို့ဆက်တိုးသည်။ မဖြစ်နိုင်ပါဟုသောသူသည် ကျွန်တော်တို့ရှေ့သို့တဟုန်ထိုးကျော်ဖြတ်သွားလေသည်။ ကျွန်တော်တို့မှာ လိပ်ကိုအထင်သေး၍ ပန်းတိုင်ရောက်ခါနီးမှအိပ်စောင့်နေသောယုန်လို အငိုက်မိသွားရသည်။ ကိုရွှေလိပ်ကြီးပန်းဝင်၍ လက်ခုပ်သံတွေတဖြောင်းဖြောင်းကြားရတော့မှ ကျွန်တော်တို့မှာ ကပျာကသီမျက်လုံးဖွင့်ကြည့်ဖြစ်သည်။ ဟင် – ကိုရွှေလိပ်ကြီးအောင်ပွဲခံနေပါရော့လား ...

ကျွန်တော်တို့ ဘာတတ်နိုင်ပါမည်နည်း။ ကျွန်တော်တို့၏အကြီးမားဆုံးအမှားမှာ ကျွန်တော်တို့တွင်မရှိသောအရည်အချင်းတစ်ရပ်ဖြစ်သည့် သူ၏အကောင်းပါးမှုနှင့် ဦးနှောက်ဖောက်စားတတ်သောအကျင့်ကို မထီမဲ့မြင်ပြုခဲ့မိခြင်းပင် ၊ သည်အကျင့်သည်စရိုက်သည် ပညာသည်အစစ်တွေကို ခုန်ပျံကျော်လွှားသွားနိုင်ပါလားဟု ကျွန်တော်တို့ထည့်မတွက်တတ်ခြင်းသည်ပင်လျှင် ကျွန်တော်တို့အတွက် ဘဝသင်ခန်းစာဖြစ်ခဲ့ရပေပြီ။

တကယ်တော့ သူ့ကွင်အပြစ်မရှိပါ၊ သူသည်လည်း လမ်းကြောင်းတစ်ခုရွေး၍ မဖြစ်ဖြစ်အောင်လုပ်စားသွားခဲ့ခြင်းဖြစ်ပါသည်။ ခက်သည်က သူရွေးချယ်သောလမ်းကြောင်းသည်





ကျွန်တော်တို့လျှောက်နေသော လမ်းကြောင်းဖြစ်နေခြင်းပင်။ ကျွန်တော်တို့က ပန်းတိုင်ရောက်၊မရောက်ကို ထည့်မတွက်တတ်၊ ပန်းတိုင်နီးသလား၊ ဝေးသလားသည် ကျွန်တော်တို့အလုပ် မဟုတ်၊ ကျွန်တော်တို့အလုပ်မှာ ခံစားနေတတ်ဖို့၊ ပညာသည်တစ်ယောက်၏အရည်အသွေးတွေ တစ်စထက်တစ်စပြည့်ဝလာဖို့သာ အဓိကဖြစ်ပါသည်။

ကျွန်တော်တို့ချစ်သည်မှာ အနုပညာဖြစ်ပါသည်။

ကျွန်တော်တို့မြတ်နိုးသည်မှာ သဘာဝတရားကြီးဖြစ်ပါသည်။ကျွန်တော်တို့ ခင်တွယ်သည်မှာ အနုပညာဖန်တီးမှုဖြစ်ပါသည်။

ယုတ်စွအဆုံး တရားအားထုတ်၍ ဝင်လေထွက်လေကိုမှတ်နေချိန်၌ပင်လျှင် နူးညံ့သောအထိအတွေ့ကို ထိုးထိုး ဖောက်ဖောက် အာရုံခံစားတတ်သူတွေဖြစ်ပါသည်။ နူးညံ့သော အထိအတွေ့၊ သိမ်မွေ့သောခံစားမှုမှသည် စိတ်၏အတွင်းနယ်ပယ်အထိထိုးဖောက်ဝင်ရောက်သွားမှုကို နှစ်ခြိုက်ပျော်မွေ့ကြသူများဖြစ်ပါသည်။ သည်နယ်ပယ်ကိုမူ သူဝင်ရောက်နှောင့်ယှက်အားမပြိုင်ကောင်းရဲ့ဟု ကျွန်တော်တို့မှတ်ယူထားကြပါသည်။ အကယ်၍သာ တရားအားထုတ်သည့်နယ်ပယ်အထိသာ ဝင်ရောက် နှောင့်ယှက်အားပြိုင်လာလျှင်လည်း သူသည်ကျွန်တော်တို့နှင့်ပြိုင်ရမည်မဟုတ်တော့ပါ။

သူ့စိတ်နှင့်သူသာပြိုင်ရမည်ဖြစ်ပါသည်။

ထိုအချိန်ကျလျှင်မူ သူ့စိတ်နှင့်သူ ဘယ်လိုအားပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နေကြမည်ဆိုသည်ကို ကျွန်တော်တို့လည်းသိနိုင်မည်မဟုတ်ပါ၊ သူ့အားပြိုင်စရာသည် ကျွန်တော်တို့မဟုတ်တော့ပါ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစိုင်အခဲ၊ ပစ္စည်းတွေမဟုတ်တော့ပါ၊ သိခြင်း ကို သူဘယ်လို ဘယ်ပုံနားလည်သဘောပေါက်သည် ဆိုသည့်အပေါ် သူ့ဘာသာ သူသိအောင်ကြိုးစားရမည်ဖြစ်ပါသည်။

ကျွန်တော်တို့၏ အနုပညာအပေါ်ချစ်ခြင်း၊ သဘာဝတရားအပေါ်မြတ်နိုးခြင်း၊ အနုပညာဖန်တီးမှုအပေါ်ခင်တွယ်ခြင်းတို့အပေါ် သူဖြတ်ကျော်အနိုင်ယူခဲ့သမျှ ကိုယ့်စိတ်ကိုယ်သိအောင်သူကြိုးစားသည့်အခါ သူဖြတ်ကျော်အနိုင်ယူနိုင်ပါဦးမလား။

သူ၏ချစ်ခြင်းသည် မည်သည့်အရာ များအပေါ်၌ မှီတည်ခဲ့သနည်း ...။အများသူငါက အထင်တကြီးဖြင့် သူ့ကိုတငေးတမော လှမ်းကြည့်နေမည့်မျက်လုံးမျိုးကို သူချစ်တတ်ပါသည်။ သည် အကြည့်ကိုရဖို့ ဘာကိုလုပ်ရလုပ်ရ သူ့မှာမရှက်မကြောက် စိတ်ရှိနေပါသည်။ ဤနည်းလမ်းဖြင့်ရလာမည့်စည်းစိမ်ဥစ္စာ၊ ကျော်ကြားမှု၊ ချီးမြှင့်မြှောက်စားမှုတို့အပေါ် သူချစ်တတ်ပါသည်။ ဤသို့သောချစ်ခြင်းဖြင့် ဖွဲ့နှောင်တတ်သော သူ့စိတ်သည် မည်သည့်အမြုတေတို့ ကိန်းအောင်းနေပါသနည်း။

ထိုအမြုတေတို့ဖြင့် စုဖွဲ့တတ်သောစိတ်ကို သူပြန်ကြည့်မိချိန်၌ ...ထိုစိတ်သည် သူ့အတွက်မိတ်ဆွေဖြစ်နိုင်ပါမည်လား ...

သူ့ကိုမျက်လုံးအေးစေပါ့မလား ... သူ့မျက်လုံးတွေကျိန်းစပ်သွားလေမလား ...မဆီမဆိုင် ကျွန်တော်တို့က





သူ့ကိုပူပန်နေလိုက်သေးသည်။ တကယ်တော့သူသည် သူ့စိတ်ကိုသူသိနိုင်သည့် အလေ့အကျင့်နယ်ပယ်သို့ ရောက်ပင်မရောက်လိုက်ရရှာပါ၊ သူကိုးစား ယုံကြည်ချစ်ခဲ့သော အရာများကိုရှာဖွေရင်းကပင် ကျွန်တော်တို့ကိုနှုတ်မဆက်ပဲ ရုတ်တရက်ထွက်ခွာသွားခဲ့ရပြီ ဖြစ်သည် ...

ထိုသို့ထွက်ခွာသွားရခြင်းအတွက် သူ့ကို ကျွန်တော်တို့မပြောဖြစ်လိုက်သောစကားလေးတစ်ခွန်းကို သူမကြားသွားခဲ့ရရှာပါ၊ ကျွန်တော်တို့က ထိုစကားလေးတစ်ခွန်းမပြောဖြစ်ခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်နေမည်ဖြစ်သော်လည်း သူကမူထိုစကားလေးနားလည်နိုင်ဖို့အတွက် ကျွန်တော်တို့ကို အထပ်ထပ်အခါခါ အမိပ္ပါယ်ရှင်းပြနိုင်းနေမည့်ပုံကိုလည်း ကျွန်တော်တို့မြင်ယောင်နေမိပါသည်။စကားလေးတစ်ခွန်းဆို၍အခြားမဟုတ်ပါ၊ ကျွန်တော်တို့၏ သီချင်းများထဲမှ စာသားအပိုင်းအစ လေးများဖြစ်ပါသည်၊


*လောဘနဲ့အရောင်တွေခြယ်*
*လောကကြီးအကျည်းတန်သွား*
*ဒေါသကိုမတားဆီးလို့အလှတွေမီးများ ကျွမ်းလောင်သွား*
*ချစ်တတ်တဲ့လူတွေနေရင် လောကကြီးကလှနေမယ်၊*
*လောကကိုချစ်တတ်မှ ငြိမ်းချမ်းအေးမြမှာ ....*

သူတမလွန်ဘဝမှကြားသိစေချင်ပါသည်။

(နဝဒေးမဂ္ဂဇင်း အမှတ် ၁ မှ)

www.burmeseclassic.com

www.burmeseclassic.com



စွန်လေတံခွန်များစွာ မာန် မာနချင်းပြိုင်
ဘဝမှာအောင်မြင်ချိန်ရှိနိုင်သလို အရှုံးတွေ
ကြုံလာတတ်တယ် .....
သတိပြုကြွယ် ......

## စွန်လွှတ်ခြင်းကို စွန်လွှတ်ခြင်း

ပြာလဲ့သောကောင်းကင်နောက်ခံ။

တိမ်လိပ်တိမ်ဆုပ်တို့သည် ဟိုတစ်စ သည်တစ်စပြန့်ကြဲနေလေသည်။

အမှတ်တမဲ့ကြည့်လျှင် အပြာသားကောင်းကင်ပြင်၌ တိမ်ဖြူ။ တိမ်မီးခိုးတို့ကပ်ငြိနေသယောင်။ သို့သော် ကောင်းကင်ပြာကြီးကသပ်သပ်။ တိမ်ရောင်စုံတွေက သပ်သပ်ဖြစ်သည်။

တိမ်သားတိမ်လိပ်ကောင်းကင်ပြာနောက်ခံတွင် လေတံခွန်ရောင်စုံ (စွန်ရောင်စုံ) တွေဝဲပျံနေသည်။ အပြာရောင် အနီရောင်၊ အမဲရောင် အချို့ကအပြာနှင့်အဖြူစပ်ကြား၊ အချို့က အနီနှင့်အဖြူစပ်ကြား၊ အရောင်အသွေးတွေကွဲပြားလို့။

လွှတ်လပ်ကျယ်ပြန့်သော ကောင်းကင်ပြင်ကြီးဖြစ်လ



www.burmeseclassic.com

www.burmeseclassic.com



ကစား စွန်တွေမှာအထိန်းအချုပ်တွေနှင့်။ ချုပ်ကိုင်လှုပ်ရှားစေသည့် ယစ်လုံးပိုင်ရှင်တွေနှင့်၊ ယစ်လုံးပိုင်ရှင်တွေ၏ကြိုးအလျှော့အတင်းအပေါ်မူတည်၍ စွန်တွေသည် ဝေးဝေးမြင့်မြင့်သို့ လွင့်တက်သွားရသည်လည်းရှိသည်။ အနီးအနားသို့ပြန်ဆင်းလာရသည်လည်းရှိသည်။

လွတ်လပ်ကျယ်ပြန့်သောကောင်းကင်ပြင်ထဲရောက်နေသော်လည်း ကြိုးတည်းဟူသောအမျှင်အတန်းကြောင့် လွတ်လွတ်လပ်လပ်လှုပ်ရှားမသွားလာနိုင်သောဘဝ။

စွန်တွေကိုကြည့်ရင်းမှ ရင်မောနေရသည်။ ရေးခဲ့ဖူးသောသီချင်းတစ်ပုဒ်ကိုသတိရမိသည်။ တေးသံရှင်အသစ်ကလေးတစ်ဦး၏ တေးစီးရီးထဲတွင်ပါခဲ့ခြင်းဖြစ်သည်။ သီချင်းနာမည် "လူနှင့်စွန်" ...။

★ မိုးကောင်းကင်အမြင့်ထက်ဖျား
ဝဲလွင့်တဲ့စွန်များစွာ
လေအဟုန်မှာစီးခိုနေ တွေ့မြင်လာ
★ ကြိုးများရှည်ရင်မြင့်သထက်မြင့်
ကြိုးပြတ်တော့အနိမ့်ဘုံစံ
လေအဟုန်မှာမစီးခိုနိုင် လွင့်ကြွေ
★ စွန်–လေတံခွန်များလို လူ လူတွေများစွာ
အမြင့်မှာ နေထိုင်စဉ် ဝင့်ဝါသလို အနိမ့်စံ
မရယ်နိုင်မပြုံးနိုင် ...
★ ကြိုးချင်းထပ် ဖြတ်ကြမလား





ရဲဝံ့တဲ့အစွမ်းတွေပြိုင် ယောကျာ်းစွန်တွေ အသွေးရောင်စုံ လေထဲမှာ
★ စွန်လေတံခွန်များစွာ မာန် မာနချင်းပြိုင်
ဘဝမှာအောင်မြင်ချိန်ရှိနိုင်သလို အရှုံးတွေ
ကြုံလာတတ်တယ် ..
သတိပြုကွယ် ....

ဟော ... ပြောရင်းဆိုရင်း တွေ့နေရပါပြီ။

စွန်အနီနှင့် စွန်အမဲအားပြိုင်နေကြလေပြီ။ အားစမ်းနေကြလေပြီ။

အမဲသည် အနီထက်မြင့်သောနေရာတွင်ရှိရာမှ ရုတ်တရက်ခေါင်းချိုး၍ စိုက်ကျလာသည်။ ပြီးသည်နှင့်အနီဘက်သို့ ယိမ်းရင်းမှ အပေါ်ထောင်တက်လိုက်သည်။ အနီသည် အမဲ၏ခြေလှမ်းကို ရိပ်မိသွားပုံရသည်။ ဘယ်ဘက်သို့ ယိမ်းကာ အမဲရန်ကိုရှောင်သည်။ အမဲသည် မှန်းချက်နှင့်နှမ်းထွက်မကိုက်။ ပစ်မှတ်ဖြစ်သူ အနီကိုဖြတ်တောက်ခြင်းမပြုလိုက်နိုင်။ အမဲနှင့်ဝေးကွာသဖြင့်အနီသည် ကြိုးကိုထပ်မံလျှော့၍ အဝေးသို့ဆန့်ထုတ်နေပြန်သည်။ ထို့နောက်အနီမှ တစ်ဖန်ပြန်လည် တိုက်စစ်ဆင်ပြန်သည်။ အမဲရှိရာဘက်သို့ လေအဟုန်ကိုအားပြု၍ တဆင့်ပြီးတစ်ဆင့် ဆင့်ကာ ဆင့်ကာ ယိမ်းညွတ်သည်။ ပြီးလျှင် အမဲ၏ ကြိုးတန်းတစ်ဘက်အထိကျော်သွားအောင်နေရာရွှေ့သည်။ စိတ်ချရလောက်သော နေရာရောက်သည်နှင့် အပေါ်သို့ တဟုန်ထိုးတန်းတန်းမတ်မတ် ထောင်တင်လိုက်သည်။ လေအဟုန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးအရှိန်တို့၏အားဖြင့် စွန်အမဲမှိုခိုသမှုပြုနေသော ကြိုးတန်းကို တိခနဲဖြတ်ပစ်လိုက်နိုင်ပေပြီ။ အမဲတစ်ကောင် တိခနဲပြတ်ကျသွားပေပြီ။

အမှိုအခိုကင်းလွတ်သွားသဖြင့် အမဲတစ်ကောင်သည် လေအဟုန်၏ခေါ်ဆောင်ရာနောက်သို့ လိုက်ပါမျောလွင့်သွားရချေပြီ။ သွားပြီ ပြိုင်ဘက်တစ်ကောင်။

စွန်အနီကို ကြိုးကိုင်လွှတ်တင်နေသူ၏နေရာသို့ စိတ်ကူးဖြင့်ဝင်ကြည့်မိသည်။ သူပျော်နေမှာပဲ။ အောင်နိုင်လိုက်တာကိုး။ သူ့အနားမှာ သူ့မိတ်ဆွေတို့က သူ့အောင်ပွဲအတွက် လက်ခုပ်တွေတဖြောင်းဖြောင်းတီး၍ ချီးကျူးဂုဏ်ပြုနေပေလိမ့်မည်။ အောင်နိုင်ခြင်းအထိမ်းအမှတ်လားတော့မသိ။ စွန်ပိုင်ရှင်သည် စွန်အနီကိုကောင်းကင်အမြင့်သို့ ရောက်သည်ထက်ရောက်အောင် ဆွဲတင်လိုက်တာကိုတွေ့ရသည်။

စွန်အမဲကို ကြိုးကိုင်လွှတ်တင်နေသူ၏နေရာသို့ စိတ်ကူးဖြင့် ဝင်ကြည့်မိသည်။ သူစိတ်ပျက်အားငယ်သွားမှာပဲ၊ ရှုံးနိမ့်သွားတာကိုး . . . သူ့ကိုအားပေးနေသူ သူ့မိတ်ဆွေတွေအချို့ပင် သူ့အနားမှ ထွက်ခွာသွားပေလိမ့်မည်။ အကူအညီမဲ့သွားသော သူ့ခမျာ ရစ်လုံးအပြင်ဘက်ရောက်နေသော ကြိုးစတွေကို တစ်ဦးကည်း ပြန်လည်သိမ်းဆည်း နေပေလိမ့်မည်။ ပြီးလျှင် နောက်ထပ်စွန်တစ်စွန်လွှတ်တင်ဖို့ ပြင်ဆင်ချင်ပြင်ဆင်မည်။ သို့မဟုတ် အရှုံးရစ်လုံးကိုပွေ့ပိုက်လျက် ခေါင်းငိုက်စိုက်ချကာ အိမ်ပြန်ချင်ပြန်သွားလိမ့်မည်။





နေဝင်ဆည်းဆာ၏ အသွေးအရောင်တွေသည် ကောင်းကင်ပြင်၌ တစ်စတစ်စဖြန့်ကျက်လာသည်။ ပြာလွင်သော ကောင်းကင်ကြီးသည် မီးခိုးရောင်သန်းလာသည်။ နေဝင်တော့မည်။

မှန်းစမ်း ၊ ခုန ဇာတ်လိုက် စွန်အနီကြီးဘယ်ရောက်သွားပါလိမ့် . . ဟော – ဟိုး . . ခပ်ဝေးဝေးမှာ ၊ အလို – သူ့အနားမှာ စွန်အဖြူတစ်ကောင် . . . ။

အနီနှင့်အဖြူ ၊ လေဟာပြင်ထဲမှာ အစွမ်းပြိုင်ကြပြန်ပြီ။

သိပ်မကြာလိုက်ပါ၊ အဖြူသည်လေထဲမှာကျန်ခဲ့သည်၊ အနီသည် လေအဟုန်ခေါ်ဆောင်ရာနောက်သို့ လွင့်မျောသွားရပေပြီ၊ အနီလန်ကျသွားပြီ၊ အနီကိုလွှတ်တင်နေသူ ဘယ်လိုခံစားရမလဲ၊ ခုန အမဲကိုနိုင်လိုက်တုန်းက ခံစားမှုမျိုးကို မရနိုင်တော့တာကတော့ သေချာပါသည်။ သူ့စိတ်ထဲနင့်ခနဲဖြစ်သွားပေမည်။ သည်အချိန်မျိုးတွင် စွန်အမဲပိုင်ရှင် ကြုံခဲ့ရသောခံစားမှုကို သူထပ်တူထပ်မျှခံစားရပေမည်။ သည်အချိန်မျိုးမှာမှ စွန်အမဲပိုင်ရှင်အပေါ် သူကိုယ်ချင်းစာနားလည်နိုင်ပေလိမ့်မည်။ သို့တည်းမဟုတ်ရှုံးနိမ့်မှုကို ရှက်ရမ်းရမ်းရယ်သွမ်းကာ အရှက်ပြေစကားတွေဆိုပြီး နောက်ထပ်စွန်တစ်ကောင်ကို ထပ်လွှတ်တင်ချင်လည်း လွှတ်တင်ပေလိမ့်ဦးမည်။ သို့တည်းမဟုတ် ဒေါသထွက်စိတ်ဆိုးတောက်ခေါက်လျက် လှည့်ပြန်ချင်ပြန်သွားပေမည်။ အမျိုးမျိုးဖြစ်နိုင်ပါသည်။

စွန်နှင့်တူသော ခန္ဓာ၊ အတ္တဘော၊ ရုပ်၊ ကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



ပညတ်အတုံးအခဲ။စွန်ကိုလည်စေ၊ အပေါ်ထောင်စေ၊ အောက်စိုက်စေ၊ ဘယ်ယိမ်းစေ၊ ညာယိမ်းစေ၊ အမျိုးမျိုးစီမံခိုင်းစေနိုင်သော ဆိုင်းကြိုးနှင့်တူသောစိတ်။

ဆိုင်းကြိုးနှင့်စွန်ကို လိုသလိုစီမံဖန်တီးပေးနိုင်သော ကြိုးတန်းရှည်နှင့်တူသော စေတသိက်။

စွန်၊ ဆိုင်းကြိုး၊ ကြိုးတန်းရှည်တို့အပေါ်တွင် ငြိတွယ်ရင်းမှရစ်လုံးဖြင့် ချုပ်ကိုင်လှုပ်ရှားနေသော ပိုင်ရှင်နှင့်တူသည့် တဏှာ၊ လောဘ၊ ရမ္မက်၊ လိုချင်မှု။

ကိုယ့်ဘာသာ တစ်စွန်တည်းလေအဟုန်မှာ ဝဲလွင့်ချိန်ကစိတ်တစ်မျိုး။

ပြိုင်ဘက်ပေါ်လာချိန်စိတ်တစ်မျိုး။

ပြိုင်ဘက်အပေါ်အနိုင်ရလိုက်ချိန်စိတ်တစ်မျိုး။

ပြိုင်ဘက်အားအရှုံးပေးလိုက်ရချိန်စိတ်တစ်မျိုး။

သည်စွန်ကြောင့်ပင်ပျော်ရသည်။ ရင်ခုန်ရသည်၊ ရင်မောရသည်၊ ဒေါသဖြစ်ရသည်၊ မခံချင်စိတ်ဖြစ်ရသည်၊ ဒါဖြင့်ရင် သည်စွန်ကိုဘယ်သူကလွှတ်ခိုင်းသလဲ၊ ကိုယ့်ဘာသာကိုယ် စွန်ဝယ်သည်၊ ကြိုးဝယ်သည်၊ ရစ်လုံးဝယ်သည်၊ စွန်လွှတ်ကွင်းသို့လာသည်၊ လေထဲသို့စွန်လွှတ်တင်သည်၊ ဒါတွေအားလုံးသည် စွန်လွှတ်ချင်သောစိတ်ကြောင့် ဖြစ်ပေါ်လာကြတာပဲမဟုတ်လား ... စွန်လွှတ်ချင်သောစိတ်မရှိလျှင် ဒါတွေဖြစ်လာအုံးမလား ...

ကြုံရပါအုံးမလား ...။ကိုယ်ကစွန်ကို မဲလွှတ်နေသဖြင့် စွန်ကြောင့်ဖြစ်ပေါ်လာသော နောက်ဆက်တွဲဘေးပြဿနာ တွေကို





ကြည့်ပါဦး။စွန်လိုက်နေသောကလေးများသည် အန္တရာယ်ကိုမမြင်၊ စွန်ကိုသာမြင်သည်။

မော့တော့ မော့တော့နှင့် ကားလမ်းကိုဖြတ်ကူး၊ စွန်ရှိရာမဲလိုက်၊ ကားတိုက်ခံရ၊ ကားမောင်းသူဒုက္ခရောက်၊ သို့မဟုတ် အိမ်ဝင်းတစ်ခုထဲသို့စွန်ကျ ၊ အိမ်ခြံစည်းရိုးကို အတင်းကျော်ဝင် ပုလင်းကွဲ၊ ဆူးတွေညှိ၊ အိမ်ပိုင်ရှင်နှင့်စကားများကြ၊ ပြဿနာဖြစ်ကြ၊ မနိုင်သည့်အဆုံး စွန်ရသွားသူထံမှစွန်ကို နောက်မှလုယက်ဖျက်ဆီးကြ၊ စွန်ကြိုးတွင်ပါလာသော မှန်စာ၊ ပုလင်းကွဲအမှုန်တွေကြောင့်ကြိုးကို ဆောင့်ဆွဲရင်းမှ လက်တွေရှတပွန်းပဲ့ကြ။

ကြည့်စမ်း ၊ ကိုယ့်တဏှာကြောင့်ဖြစ်လာတဲ့ နောက်ဆက်တွဲတွေ။ နည်းသည့် ပြဿနာမဟုတ်၊

စွန်လွှတ်ချင်သောစိတ်ဖြစ်ပေါ်ရာမှအစ မီးခိုးကြွက်လျှောက် ဖြစ်လိုက်တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ၊ ကိုယ်လည်းစိတ်ပင်ပန်း ကိုယ်ပင်ပန်း။ ဘေးကလူတွေလည်းမနေရ ...။

စွန်အပေါ်မူတည်လို့ ဝိုင်းပင်ပန်းရ ...။

အကယ်၍သာ စွန်လွှတ်ချင်သောစိတ်ကို စွန့်လွှတ်လိုက်လေလျှင် ...။

စွန်လွှတ်ခြင်းကို စွန့်လွှတ်လိုသော စိတ်ကို နည်းလမ်းဘကျပြုစုပျိုးထောင်လိုက်ပါလျှင် ....။

(မမွှရသစာပေါင်းချုပ် မှ)



www.burmeseclassic.com

www.burmeseclassic.com





၁။ လောကမှာ ကာမဂုဏ်ချမ်းသာနဲ့ တရားဓမ္မချမ်းသာလို့ ချမ်းသာနှစ်မျိုးရှိတဲ့အထဲက တရားဓမ္မချမ်းသာနဲ့ပဲပျော်မွေ့ချင်တယ်။

၂။ လူ့ဘဝထက် ရဟန်းဘဝက အများအကျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဖြူဖြူစင်စင်ဆောင်ရွက်နိုင်တယ်။

၃။ မိဘကျေးဇူးကို အမြတ်ဆုံးနည်းနဲ့ဆပ်ချင်တယ်။

## ဓမ္မဿဝနကုသိုလ်

ဘုရားရှင်သည် ဘုရားအဖြစ်သို့ရောက်တော်မူ ပြီးကာစ အဇပါလသတ္တာဟ၌ စံနေတော်မူစဉ် ''ရိုသေကျိုးနွံရမည့်သူ မရှိဘဲနေသည်မှာ ဆင်းရဲလှ၏။ မည်သူ့ကို အရိုအသေအကျိုးအနွံ ဖြစ်ရပါမည်နည်း'' ဟု စဉ်းစားကြံစည်မိလေသည်။ ထို့နောက် ဘုံသုံးပါးကို သဗ္ဗညုတဉာဏ်တော်ဖြင့် ဖြန့်ကျက်ဆင်ခြင် ကြည့်ရှုသောအခါ ဘုရားရှင်ထက် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိဂုဏ်သာလွန်သူကိုမတွေ့ရပေ။ ထိုအခါ ဘုရားရှင်သည် ''ငါသည် မိမိထိုးထွင်း၍ သိပြီးသောတရားကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍နေရမူကောင်းလေစွ'' ဟုအကြံအစည် ဖြစ်တော်မူလေသည်။

ဤသို့အားဖြင့် တရားတော်သည်ပင်လျှင် ဘုရားရှင်၏ အလေးအမြတ်ရှိသောရာ ဖြစ်ခဲ့သည်မှာထင်ရှားလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားတော်၏ဂုဏ်ဒြပ်ကားကြီးမားလှပေစွ။

※ ※ ※

ဘုရားရှင်သည် သတ္တသတ္တာဟလွန်မြောက်ပြီး ရက်(၅၀)ပြည့်၍ အဇပါလညောင်ပင်ရင်း၌ ထက်ဝယ် ဖွဲ့ခွေထိုင်နေစဉ်၌လည်း စိတ်အကြံတစ်ခုဖြစ်တော်မူပြန်၏။

"ငါကိုယ်တော်တိုင် သိမြင်ခဲ့ရသောသစ္စာ လေးပါးတရားအစုသည် လွန်စွာသိနိုင်ခဲလှ၏။ ငြိမ်းချမ်းလှ၏။ မွန်မြတ်လှ၏။ သိမ်မွေ့လှ၏။ အကျင့်မှန်ကို ကျင့်ကြံသောပညာ ရှိတို့သာတွေ့မြင်နိုင်၏။ သတ္တဝါ အပေါင်းသည် အာရုံငါးပါး၊ ကာမဂုဏ်တရားတို့နှင့် မွေ့လျော်နေ၏။ထို့ကြောင့် အကြောင်းအကျိုးဆက်စပ်နေသည့် ပဋိစ္စသမုပ္ပါဒ်ကို သိမြင်နိုင်ဖို့ခက်လှ၏။ ထို့ထက် ကိလေသာတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သိမြင်နိုင်ဖို့ပိုခက်၏။ ဤမျှနက်နဲလှသောတရားတို့ကို ဟောကြားသည့်အခါကူနြွေ မရင့်ကျက်သော နတ်၊ လူတို့ နာကြား၍ မသိမြင် ၊ နားမလည်နိုင်လျှင် ငါဘုရားအတွက် ပင်ပန်းရုံသာရှိချိမ့်မည်"

ဤသည်မှာတရားတော်၏တန်ဖိုးကို သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်နားလည်သောဘုရားရှင်၏ တန်ဖိုးထားမှုပင်တည်း။ သို့သော် မဟာကရုဏာရှင်ပီပီ၊ အချိန်ကျသည့်အခါလူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အနန္တတို့အား တရားရေအေးကို (၄၅)ဝါကာလပတ်လုံး မပြတ်တိုက်ကျွေးခဲ့သည်သာ။

တရားတော်၏တန်ဖိုးကား ကြီးမားလှပေစွ။

※ ※ ※

နှင်းမှုံနှင်းငွေ့တို့ကြားမှာပင် နန္ဒမထေရ်၏ တရား





ဟောသံသည် လွင့်ပျံ့လာ၏။ ဘုရားရှင်သည် နန္ဒမထေရ် တရားဟောကြားရာ ဆွမ်းစားဆောင်ဆီသို့ ညီတော် အာနန္ဒာနှင့်အတူကြွမြန်းလေသည်။ ဆောင်းနှင်းမှုန်တွေရိုက်ခတ်နေသဖြင့် ဆွမ်းစားဆောင်တံခါးတွေပိတ်ထား၏။ ဟနေသော တံခါးမကြီး၏ တံခါးနှစ်ချပ်ကြားမှ အရှင်အာနန္ဒာမထေရ်၏အသံသည် ကြည်ကြည်သင်လင် ထွက်ပေါ်နေသည်။

အထဲမှာ တရားနာပရိသတ်ကြီးရှိနေသည်။ ဆောင်းည၏အေးစိမ့်မှု၊ တိတ်ဆိတ်မှုသည် ပတ်ဝန်းကျင်ကိုကြီးစိုးနေသည်။ နန္ဒမထေရ်၏အသံတစ်ခုတည်းထွက်ပေါ်နေခြင်းမှာ ပရိသတ်၏တရားအပေါ်စူးစိုက်မှု မည်မျှ ကြီးမားသည်ကို ဖော်ပြနေသည်။ ညီတော်အာနန္ဒာက ဆွမ်းစားဆောင်တွင်းသို့ ဟနေသောတံခါးဝမှဝင်ရန် ဘုရားရှင်ကို လျှောက်ထားလိုက်သည်။ ဘုရားရှင်သည် အဆောင်တွင်းသို့ဝင်တော်မမူပေ။ ညီတော်အာနန္ဒာကို လက်ဖြင့်ကာပြတော်မူကာ နန္ဒမထေရ်၏တရားကို ဆွမ်းစားဆောင်အပြင်မှပင် နာကြားနေသည်။

ဆောင်းနှင်းခါးတွေရိုက်ခတ်နေသည့်ကြားမှပင် ဘုရားရှင်သည် ခန္ဓာဝန်၏ဒဏ်ရာဒဏ်ချက်ကို သည်းခံတော်မူကာ တရားကိုဆက်နာနေသည်။ ညဥ့်ဦးယံပြီးဆုံးသွားပြီ။ ဓမ္မကထိက နန္ဒမထေရ်၏တရားကား အဆုံး မသတ်သေး။ ညီတော်အာနန္ဒာက နားတော်မူပါရန် လျှောက်ထားသော်လည်း ဘုရားရှင်ကငြင်းပယ်တော်မူ သည်။

ညဥ့်လယ်ယံသို့ရောက်လာသည်။ နန္ဒမထေရ်၏ တရားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကားမပြီးဆုံးသေး။ အပြင်တွင်ဆောင်းနှင်းခါးတွေရိုက်သဖြင့် ဘုရားရှင်၏ သင်္ကန်းတော်တို့ပင်လျှင် စိုစွတ်လာချေပြီ။ ဘုရားရှင်၏ကိုယ်တော်သည်ပင်လျှင် အေးစိမ့်ထုံကျင်လာချေပြီ။ နန္ဒမထေရ်ကားတရားဟော ကောင်းနေဆဲ။ ဘုရားရှင်ကလည်း တရားနာ၍ ကောင်းနေဆဲ။

မိုးသောက်ယံသို့ရောက်လာသည်။ အရှေ့ဘက်တွင် ရောင်နီတွေ သမ်းလာပြီ။ ထိုအခါမှ နန္ဒမထေရ်တရားပွဲကား ပြီးဆုံးသွားသည်။ ဘုရားရှင်ဆွမ်းစားဆောင် အတွင်းသို့ကြွမြန်းဝင်ရောက်လာမှ နန္ဒမထေရ်သည် ပြင်ပဆောင်းနှင်းဒဏ်ကြားတွင် တစ်ညလုံးသည်းခံတော်မူကာ တရားနာနေခဲ့သည့် ဘုရားရှင်၏ စိတ်ဓာတ် ကိုသိရသည်။ ထိုအခါ ဘုရားရှင်၏ တရားတော်ကို တန်ဖိုးထားမြတ်နိုးတတ်ပုံ၊ သူတစ်ပါးတရားဟော အရှိန်ပျက်မှာစိုး၍ ဆွမ်းစားဆောင်အတွင်းမဝင်ဘဲ ပြင်ပမှတရားနာခဲ့ပုံ၊ တရားနှင့်ပတ်သက်၍ ဘုရားရှင် ကိုယ်တော်တိုင် တပည့်သားရဟန်းသံဃာအပေါ် ချီးမြှင့်ပုံ ကိုယ်တော်တိုင် တရားတော်ကိုဖော်ထုတ်၍ စတင်ဟောကြားသူဖြစ်ခဲ့ပါလျက် သူတစ်ပါး ဟောကြားသည်ကို တလေးတစား နာခဲ့သည်အထိ တရားအပေါ်၌ အလေးအမြတ်ပြုပုံ၊ တရားဟူသည်သူ့တရား၊ ငါ့တရားမရှိ။ သဘာဝတရားသက်သက် သာ ဖြစ်သည်ဟုဘုရားရှင်က စိတ်ဓာတ်နှင့်လုပ်ရပ်တွဲ၍ သက်သေ ပြသွားခဲ့ပုံတို့ကို နန္ဒမထေရ်သည် ဆင်ခြင်တွေးဆမိသွားသည်။

''တံခါးအပြင်ဘက်တွင် ဘုရားရှင်ရှိနေမှန်း သိပါက ဤမျှလောက် ဟောပြဝံ့မည်မဟုတ်ပါဘုရား'' ဟု နန္ဒမထေရ် ကလျှောက်ထားလိုက်သည်။ ဘုရားရှင်က ပြုံးတော်မူလေသည်။



တရားတော်၏ဂုဏ်ကျေးဇူးကို ဘုရားရှင်ကိုယ် တော်တိုင်ချီးမြှောက်တော်မူခဲ့ပါလား။

တရားတော်၏ဂုဏ်ကျေးဇူးကား ''အနှိုင်းမဲ့'' လေစွ။

ဿ ဿ ဿ

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်းတွင် ''အနှိုင်းမဲ့'' ဟောစဉ်တရားများ ရေးသားချီးမြှင့်တော်မူနေသော ဆရာတော်အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)ကို တရားတော်၏ ဂုဏ်ကျေးဇူးများကို အနှိုင်းမဲ့ဟောစဉ်တရားတစ်ခုအဖြစ် ရေးသားချီးမြှင့်ပေးပါရန် လျှောက်ထားမည်ဟု စိတ်ကူးနေစဉ်မှာပင် အိမ်သို့ဖိတ်စာတစ်စောင် ရောက်လာသည်။

တရားပွဲဖိတ်စာ။

ခေတ်စကားနှင့်ဆိုရသော် ဖိတ်စာကအပျံစား။ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၏ အထူးတရားပွဲတဲ့။ ကျင်းပမည့်နေရာက စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက်။

၂၈-၃-၂၀၀၀ပြည့်နှစ်၊ ည (၇)နာရီ။ ဖိတ်စာကရောင်စုံကွန်ပျူတာဒီဇိုင်း။ ''ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း''ပါသည်။ ''ဆရာတော်ဆန္ဒ'' ပါသည်။ ပြီးတော့ဆရာတော် နှစ်သက်မြတ်နိုးသည့် ကြာပွင့်ကြီးသည် ငွားငွားစွင့်စွင့်ပွင့်လန်းလျက် ဖိတ်စာအပေါ်တွင်အထင်းသား။ဆရာတော်၏ ဆန္ဒ(၃)ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖတ်လိုက်မိသည် -

(၁) လောကမှာ ကာမဂုဏ်ချမ်းသာနဲ့ တရားဓမ္မချမ်းသာလို့ ချမ်းသာနှစ်မျိုးရှိတဲ့အထဲက တရားဓမ္မချမ်းသာနဲ့ပဲပျော်မွေ့ချင်တယ်။

(၂) လူ့ဘဝထက် ရဟန်းဘဝက အများအကျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဖြူဖြူစင်စင်ဆောင်ရွက်နိုင်တယ်။

(၃) မိဘကျေးဇူးကို အမြတ်ဆုံးနည်းနဲ့ဆပ်ချင်တယ်။

ဆရာတော်သည် သူ့ဆန္ဒပါအတိုင်းသူကိုယ်တိုင်ဖြည့်ဆည်းကျင့်ကြံဆောင်ရွက်နေပြီတည်း။ ကျွန်တော်က ဆရာတော်ကို အလေးမှအားကျကြည်ညိုနေရသည်။ ယခင်တလောက ဆရာတော်တစ်ပါးတည်း ကေစာရီ တောရဆောက်တည်ရာ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်းသို့ ကျွန်တော်လိုက်သွားခဲ့မိသေးသည်။ နေ့ပရိယတ်၊ ညပဋိပတ်အလုပ်နှင့် တစ်ပါးတည်း တောရဆောက်တည်နေသော ဆရာတော်၏လက်ရှိ ဘဝနေမှုပုံစံကို ကြည်ညိုအားကျမိခဲ့ရသည်။

ဆရာတော်နှင့်ကျွန်တော်သည်ထူးခြားတိုက်ဆိုင်စွာ မွေးရက်၊ မွေးလတစ်ထပ်တည်းတူနေပါသည်။ ဇန်နဝါရီ (၉)ရက်ဖွားများဖြစ်၏။ သို့သော်ကျွန်တော်က ဆရာတော်ထက် (၁၀)နှစ်တိတိ စောပြီးမွေးပါသည်။ တနည်းအားဖြင့် ဆရာတော်ထက်ကျွန်တော်ကအသက် (၁၀)နှစ်ကြီးသည်ဟုဆိုနိုင်ပါသည်။





သို့သော်အသက်ဟူသည် မသေမီအတွင်း သည်ဘဝအတွက် ရှိထားသော ကိန်းဂဏန်းအရေအတွက်သာဖြစ်ပါသည်။ ဘာမျှလုပ်၍ မရပါ။ တကယ်တန်ဖိုးအစစ်မှာမူ အသိဉာဏ်ပညာသာ ဖြစ်ပါသည်။ ကျွန်တော်က ၁၉၉၅-၉၆ ပတ်ဝန်းကျင်ရောက်မှ ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်ကို အပြီးတိုင် ခိုလှုံဖို့စိတ်ကူးပေါ်လာခဲ့သည်။ ထိုအချိန်တွင် ၁၉၈၄ခုနှစ် ကတည်းက (၁၀)တန်းခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီးနောက် ပရိယတ်၊ ပဋိပတ်နှစ်ဖြာကြိုးစား ကျင့်ကြံလာခဲ့သော ဆရာတော်က ကျွန်တော်ထက်စာလျှင် အသက်အရွယ် (ဂဏန်းနံပါတ်အားဖြင့်) ၁၀နှစ် ငယ်သော်လည်း အသိဉာဏ်ပညာရှာဖွေမှုအရာ၌ ကျွန်တော့်ထက် (၁၀)နှစ်စောသည်ဟုဆိုချင်ပါသည်။ သို့ကြောင့်လည်း ကျွန်တော်သည် ဆရာတော်၏ သီလ ဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို "လာခြင်းကောင်းသောဧည့်သည်" ဆောင်းပါးဖြင့် ဖော်ထုတ်ရေးသားမိခဲ့ ခြင်းဖြစ်ပါသည်။ ထိုဆောင်းပါးရေးစဉ်က ဆရာတော် သည် သဒ္ဓမ္မရံသီရိပ်သာ၌ သီတင်းသုံးနေစဉ်ကာလဖြစ် ပါသည်။ ရိပ်သာမှနေ၍ ကျွန်တော့်အိမ်သို့ ဆွမ်းစားကြွခဲ့သော အခြေအနေလေးကို ပြန်သတိရမိနေသေး သည်။ ကျွန်တော်ရေးသားခဲ့သော "ငြိမ်းချမ်းသောစိတ်ဖြင့် မငြိမ်းချမ်းသောအာရုံများကိုဖြတ်ကျော်ခြင်း" စာအုပ်၌ ဆရာတော်က ကျွန်တော့်အတွက် အမှာစာရေးသား ချီးမြှင့်ပေးခဲ့သည်ကိုလည်း ပြန်သတိရနေမိပါသည်။

မွေးနေ့တူ၊ အာရုံတူ၊ ဝါသနာတူ၊ ဦးတည်ရာတူ သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချင်းဆက်သွယ် မေတ္တာစာတ်တွေ အပြန်အလှန်နွှယ်ယှက်ခဲ့ကြပါသည်။ ဆရာတော့်တရားပွဲကို ကိုယ်တိုင်တစ်ခါမျှ မနာခဲ့စဘူးသည့်တစ်ခါတော့ တရားပွဲသို့မရောက်ရောက်အောင်သွား၍ ရှေ့ဆုံးမှ နာကြားမည်ဟု အားခဲထားလိုက်မိသည်။

ကာလေနဓမ္မဿဝနံ ဧတံမင်္ဂလမုတ္တမံ (အခါ အခွင့်သင့်တိုင်းတရားနာခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်) ဟု (၃၈)ဖြာမင်္ဂလာတရားတွင် ဘုရားရှင်ဟောထားခဲ့သည်။ ဓမ္မဿဝနကုသိုလ်ဟူသည် ရခဲပေစွ။

တရားနာခြင်းသည် မင်္ဂလာတရားကို ဖြစ်စေ ပါလား။
တရားတော်၏စွမ်းအားကား မြင့်မားလှပေစွ။

❀ ❀ ❀

၂၈-၃-၂၀၀၀ပြည့်နှစ် ညချမ်း။

စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်းသို့ရောက်သည်။ တရားပွဲကျင်းပရာ ဓမ္မသဘင်ကို သည်မျှအထိခမ်းနားစွာ ပူဇော်ပြင်ဆင်ထားလိမ့်မည်ဟုမထင်မိခဲ့။ သီရိမင်္ဂလာလမ်းထိပ်တွင် တရားပွဲရောင်စုံဆိုင်းဘုတ်ကြီးတွေက ဟီးနေသည်။ ဖိတ်စာထဲကအတိုင်း ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း ဆရာတော်၏ ဆန္ဒတို့ကို ဆိုင်းဘုတ်ကြီးများဖြင့်ရေးထား သည်။ မုခ်ဦးအပေါက်ဝတွင် ''ဓမ္မာစရိယ ၊ ပထမကျော် ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၏ အထူးတရားပွဲ'' စာတန်းကြီးက ဆွဲဆောင်မှုအပြည့်။

သီရိမင်္ဂလာလမ်းထဲတွင် ကံမြင့်ကျောင်းတိုက်ရှိသည်





လမ်းထိပ်နှင့်ကျောင်းတိုက်သည်အတန်ငယ်လှမ်း သည်။ ကိုက်(၃၀၀)လောက်ဝေးသည်။ မုခ်ဦးဝလမ်းထိပ်မှ ကံမြင့်ကျောင်းတိုက်အထိ လမ်းဘယ်ညာတွင် မီးချောင်း မီးလုံးတွေ အစီအရီထွန်းညှိထားသည်။ ရာဇမတ်တွေကာပြီး ထီးဖြူတွေလည်းစိုက်ထားသည်။ သည်အပြင်အဆင်အားလုံး၏အလှူရှင်မှာ ရွှေသံလွင်ကုမ္ပဏီ မိသားစုဟုသိရသည်။ သီရိမင်္ဂလာလမ်းသည် မုခ်ဦးဝင်သည်နှင့် အေးချမ်းတည်ငြိမ်မှုက ဆီးကြိုနေသည်သို့ ရှိသည်။

ကံမြင့်ကျောင်းတိုက်အဝသို့ရောက်သောအခါ တာဝန်ရှိသူတွေက ပျူငှာသောအပြုံးများဖြင့်ဆီးကြိုနေကြသည်။ တရားပွဲတာဝန်ယူကျင်းပသူဒေါက်တာလူမော်၊ ဒေါက်တာအေးကျော်တို့အဖွဲ့က ဆီးကြိုမိတ်ဆက်သည်။ ကိုတင်ထွဋ်နှင့် ကိုလွင်ဦးတို့ကို တွေ့ရပြန်ပြီ။ရန်ကုန်မြို့ရှိ ခမ်းနားကြီးကျယ်လှသော တရားပွဲမှန်သမျှ၌ ကိုတင်ထွဋ်နှင့်ကိုလွင်ဦးတို့ကို တွေ့ရစမြဲ၊ သူတို့သည် ချမ်းမြေ့ဆရာတော်ကြီး၏ တပည့်များဖြစ်ကြသည်။ သို့သော်သူတို့သည် ချမ်းမြေ့ဆရာတော်ကြီး တရားပွဲမှမဟုတ်။ အခြားသော ဆရာတော်များ၏တရားပွဲများတွင်လည်း တရားပွဲဖြစ်မြောက်ရေးအတွက် ကိုယ်ရောစိတ်ပါ အားတက်သရော ဆောင်ရွက်ကြသည်ကိုတွေ့ရသည်။ သူတို့သည် လူအများဓမ္မဿဝနကုသိုလ်ရစေရန်အတွက် သူတို့၏ကိုယ်ပိုင်အချိန်များကို ဓမ္မဒါနအဖြစ်အရင်းပြု၍ ဝေယျာဝစ္စကုသိုလ်ယူနေကြခြင်းပင်။ သူတို့ကိုကြည့်လိုက်လျှင် ကုသိုလ်စိတ်ကြောင့် အမြဲရွှင်လန်းတက်ကြွနေသည်ကိုတွေ့ရသည်။ သူတစ်ပါးအကျိုးဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



လိုသော သူတို့၏စေတနာမှာ သူတို့၏မျက်နှာများပေါ်တွင် အထင်းသားပေါ်လွင်နေသည်။ သူတို့ကိုမြင်လိုက်ရသည် နှင့် သူတို့ထံမှ ဓမ္မပီတိလှိုင်းတွေကို ထိတွေ့ခံစားလိုက် ရသလိုရှိသည်။

ကံမြင့်ကျောင်းတိုက်အောက်ဘက်တွင် (၃၆) လက္ခခန့်ရှိ တိဗ္ဗကြီးတစ်လုံးချထားသည်ကိုတွေ့ရသည်။ ယခင်အကြိမ် တရားပွဲဗွီဒီယိုအခွေကို ထုတ်လွှင့်ပြသနေသည်။ တရားပွဲမကျင်းပမီ ဆရာတော်ကြွမလာမီ ရောက်နှင့်ပြီးသော ပရိသတ်များကို တရားနှင့်မိတ်ဆက်နေသည့် သဘော။ သည်နေ့တရားပွဲနှင့်ပါဆိုလျှင် သည်ကျောင်းတိုက်တွင် တရားပွဲများကျင်းပခဲ့သည်မှာ (၁၂၆) ကြိမ်ရှိခဲ့ပေပြီ။ ဆရာတော်ပေါင်းစုံသည် သည်ကျောင်းတိုက် ဓမ္မသဘင် ဓမ္မပလ္လင်ပေါ်မှတစ်ဆင့် တရားဒေသနာပေါင်းများစွာ ဟောကြားခဲ့ပြီးပေပြီ။ စီစဉ်သူတို့ကလည်းစီစဉ်ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည်။ ကျွန်တော်ကား ယခုမှပင်ရောက်ဖူးတော့သည်။ ကိုယ့်အဖြစ်ကို ကိုယ်ကြည့်၍ အားမလိုအားမရဖြစ်မိသည်။

တရားဟောပလ္လင်အနီးရှေ့ဆုံးနားတွင် နေရာယူလိုက် သည်။ ထီးဖြူသုံးလက်အောက်မှ တရားဟောပလ္လင်သည် ရွှေရောင်တွေ တဖိတ်ဖိတ်လက်နေသည်။ စံပယ်ပန်းတွေက တရား ဟောပလ္လင်ပတ်လည်တွင် ဖြူဖွေးနေအောင်စွာနေရာယူလျက်။ဘုရားခန်း ထဲရှိကျောက်ဆင်းတုဘုရားရုပ်ပွားတော်မှာ ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးကာ ကြွေရွေ့ရင့်ကျက်စွာဖြင့် ပြုံးတော် မူနေသည်။ ဘုရားခန်းအတွင်း ဘယ်ညာပန်းအိုးကြီးများ။ ဘုရားခန်းအပြင်ဘက် ဘယ်ညာပန်းအိုးကြီးများမှာ တင့်တယ်





လှပေသည်။ စီစဉ်သူတို့၏ သဒ္ဓါတရားကြီးမားပုံမှာ ပန်းအိုးပြင်ဆင် ထားပုံနှင့်ပင်သိသာလှပါသည်။

ဖြန့်ကျက်အာရုံပြုနေမိသောစိတ်တို့ကို ပြန်လည် စုစည်းရ သည်။ ဆရာတော်ကြွလာသည်အထိတရားကို နှလုံးသွင်း နေလိုက်မိသည်။ ည (၇)နာရီသာသာကလေးတွင် ဆရာတော် ကြွလာလေသည်။ အသံချဲ့စက်မှ ရေကင်းသံအဖွင့်တီးလုံးကို ဖွင့်ထားပေးသည်။ ဆရာတော်ကြွလာသည့်လမ်းတစ်လျှောက် ဖူးမြော်ဦးခိုက်နေသော တရားနာပရိသတ်တို့၏ သဒ္ဓါတရားကို လှမ်းတွေ့နေရသည်။ ဆရာတော်သည်သက်တော် ငယ်လင့်ကစား ကျင့်ကြံဆောက်တည်နေသော သီလ၊ သမာဓိ၊ ပညာ ဂုဏ်တို့ ကြောင့် ကြွေရွေ့ရင့်ကျက်တည်ငြိမ်လှသည်။ တောရဆောက်တည် နေသောကြောင့်လားမသိ။ဆရာတော်သည် သိသိသာသာပိန်ကျ သွားသည်။ ခန္ဓာကိုယ်သွယ်လျသွားသဖြင့် ကြည့်ရသည်မှာပို၍ ပေါ့ပေါ့ ပါးပါးရှိလှသည်။ ကျွန်တော်သည် အရိုးပေါ်အရေတင် ခန္ဓာကိုယ်ဖြင့် သာသနာတော်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက် သွားတော်မူခဲ့သော မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးကို သတိရလိုက်မိသည်။ သာသနာတော်အတွက်ကြီးမားသော ဝီရိယဖြင့် ရွက်ဆောင်ကြိုးပမ်းတော်မူသွားခဲ့ကြသည့် ဆရာတော် ကြီးများသည် ခန္ဓာကိုယ်ကိုမငဲ့တော့။ ခန္ဓာကိုယ်ပေါ်ကပ် ညိလာသည့် ရောဂါဝေဒနာတို့ကိုလည်း ရှေ့တန်းတင်နှလုံးသွင်း မနေတော့။သာသနာတော်အတွက် အသက်ကိုမငဲ့ကြတော့ပြီ မဟုတ်လော။ ဤသို့သော သာသနာ့အာဇာနည် စိတ်ဓာတ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေသည့် ဆရာတော့်ထံ၌ အတိုင်းအတာတစ်ခုအထိ ဖြစ်ထွန်းပေါ်ပေါက်လာနေ ပြီလားဟု ကျွန်တော်တွေးကြည့်နေမိသည်။

သံဃာစင်ထက်၌ထိုင်ကာ ဘုရားကို ဝတ်ပြုနေပုံ၊ တရားဟောပလ္လင်ပေါ်သို့လှမ်းတက်ပုံ၊ သင်္ကန်းကို အစအနသိမ်း၍ တရားဟောရန်ပြင်ဆင်နေပုံတို့ကို အမှတ်သတိဖြင့် ပြုမူဆောင်ရွက်နေသော ဆရာတော်ကို ကြည့်ရှုကြည်ညိုနေမိသည်။ ဆလိုက်မီးတွေထိုးထား သောရွှေရောင်ပလ္လင်ထက်မှာ ဆရာတော် ထိုင်လျှက် သီတင်းသုံးနေပုံမှာ ကြည်ညိုဖွယ်ရာ။ ဆရာတော်၏ ဥပဓိရုပ်အဆင်းမှာ ကြည်လင်ပီသသလို၊ ဆရာတော်၏ အသံတော်မှာလည်း ကြည်လင်အေးချမ်းလှသည်။

"ဒီနေ့ဟောမယ့်တရားက ရလေ လိုလေ ဒါပေမယ့် တဒင်္ဂလေးတွေဆိုတဲ့တရားဖြစ်ပါတယ်"

တရားတော်၏ခေါ်ဆောင်ရာနောက်သို့ ကျွန်တော် လိုက်ပါသွားမိသည်။ ကာမဂုဏ်ဟူသည် ချမ်းသာပါသလား။ တရားအာရုံသည်သာ ချမ်းသာအစစ်ပေတကား။ ပုထုဇဉ်တို့၏ အလိုတွင် "ကာမဂုဏ်ချမ်းသာ"ဟူသော အစွဲအမှတ်တွေရှိနေသည်။ အရိယာတို့၏အမြင်တွင်မူ "ကာမဂုဏ်ဆင်းရဲ"ဟု မှတ်ထင်သည်။တရားသည် သာလျှင် ချမ်းသာအစစ်ဖြစ်လေသည်။ ဆရာတော်က သည်ကာမဂုဏ်၏အပြစ်တွေကို တစ်ဆစ်ချင်း ဖေါ်ထုတ်ပြသည်။ အထောက်အထားပုံပြင်တွေပါသည်။ အတော မသတ်နိုင်သောလောဘ၏သဘာဝကို လှစ်ဟဖေါ်ထုတ် သည်။ လောဘကြောင့် ရအောင်လုပ်လို့ ရလာပြန်တော့လည်း ခဏလေး





ပါလား။ တဒင်္ဂလေးပါလားဟု ဆရာတော်က သံဝေဂဉာဏ်တင်၍ သုံးသပ်တင်ပြသည်။ နိဂုံးချုပ်တွင် –

"ဦးပဥ္စင်းက တရားဟောနေတယ်ဆိုပေမယ့် တစ်ဘက်မှာလည်း ကိုယ်ကိုယ်တိုင်ပြန်နားထောင်နေတာပါပဲ၊ တရားနာပရိသတ်ထဲမှာ ဦးပဥ္စင်းကိုယ်တိုင်လည်းပါနေတာပါပဲ။ တရားဆိုတာက ဘယ်သူမှ ကိုယ်ပိုင်မရှိပါဘူး။ ဘုရားရှင်တွေ့ရှိခဲ့တဲ့ တရားတော်တွေကို တစ်ဆင့်ပြန်ပြောနေကြတာပါ"

သည်စကားကြားရသောအခါ ကျွန်တော့်ရင်ထဲ အတိုင်းမသိ ပီတိဖြစ်မိသည်။

သုတရား၊ ငါ့တရား၊ စည်းခြား၊ နယ်ခြား၊ အစွဲများ မရှိခြင်းသည်ပင်လျှင်လည်းကောင်း၊ မူလတရားပိုင်ရှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ကျေးဇူးတရားများကို တရားတော်မှ တစ်ဆင့် ပြန်လည်အောက်မေ့ခြင်းသည်လည်းကောင်း၊ ငြိမ်းအေးမှု၏ အခြေခံအကြောင်းများဖြစ်ပါသည်။

တရားတော်သည်ငြိမ်းအေးလှပေစွ။လွတ်မြောက်မှုအတွက် လမ်းပြအမှန်ဖြစ်ပေစွ။

❀ ❀ ❀

အကြောင်းကြောင်းကြောင့် ကျွန်တော်သည် ကံမြင့်တရားပွဲများသို့ နေ့စဉ်မရောက်ဖြစ်ခဲ့ပါ။ မတ်လ (၃၁)ရက် ပိဋကဓရ(ယော) ဆရာတော်၏နေ့တွင်သာ သွားရောက်ကြည်ညိုနာကြားနိုင်ခဲ့ပါသည်။ သို့သော် ကံမြင့်တရားပွဲကျင်းပရေးအဖွဲ့က တိတ်ခွေနှင့်ဓါတ်ပုံ မှတ်တမ်းတွေပေး၍ ကျွန်တော့်အတွက်ကြည်ညိုသဒ္ဒါပွား၍မဆုံးနိုင်။ တရားခွေများမှ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆင့် ဓမ္မသဝနကုသိုလ်တွေ ရရှိ၍မဆုံးနိုင်။ မတ်လ (၃၁) ရက်နေ့ သီတဂူဆရာတော်၏ "အမြွတ်ဆုံးဥစ္စာ (၂)ပါး" (သီလနှင့်ပညာ) ဟောပြောချက်သည် ရင်ထဲသို့အလင်းတန်းများ ဖြန့်ဝင် လာသည့်နှယ်။တိပိဋကဓရ(ယော) ဆရာတော်၏ "ကိုယ်ပိုင်အလုပ်ဥစ္စာထုပ်" တရားတော်၏ ရေအလျဉ်သည်လည်း ရင်ထဲအေးမြ၍မဆုံး။ ယခု ဤဆောင်းပါးရေးသားနေချိန်တွင် တိပိဋကဓရဆရာတော်အရှင်သုမင်္ဂလာလင်္ကာရ (**Ph.D**) နှင့် တိပိဋကဓရ (ရေစကြို)ဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသတို့၏ တရားခွေများကို နှလုံးသွင်းနာကြားနေဆဲဖြစ်ပါသည်။သည်အထဲတွင် ကျွန်တော့် ဘဝထဲသို့ စီးဝင်လာသော တရားအဆုံးအမ တစ်ခုမှာ ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၏ "ရလေလိုလေ ဆင်းရဲလေ စွန့်လေချမ်းသာမည်" ဟူသော တရားဆောင်ပုဒ်ဖြစ်ပါသည်။ သည်အဆုံးအမသည် တိုသလောက် အဓိပ္ပါယ်မှာနက်ရှိုင်းလှပေသည်။ "တဏှာ လောဘ" ကိုစွန့်နိုင်သူတို့၏ အပြီးတိုင်ချမ်းသာသွားကြပုံတို့ကို ဘုရားရှင်နှင့် တပည့်သားရဟန္တာအရှင်မြတ်တို့က သက်သေပြသွားခဲ့ကြပြီး ဖြစ်ပါသည်။ ယခု ဘုရားရှင်၏ သာသနာတော်အတွင်းဝယ် ဘုရားရှင်၏ တပည့်သားသံဃာတော်တို့သည် ဘုရားရှင်ချမှတ်ခဲ့သော ဝိနည်းများအတိုင်း တရားတော်များကို လက်ဆင့်ကမ်း အမွေအဖြစ် ထိန်းသိမ်းနေကြဆဲဖြစ်ပါသည်။

သံဃာတော်များမှတစ်ဆင့် တရားတော်များကို ကြည်ညို နာကြားခွင့်ရပါသည်။





တရားတော်များမှတစ်ဆင့် ဘုရားရှင်ကိုဖူးတွေ့ခွင့်ရပါသည်။ သရဏဂုံသုံးပါးသည် ရင်ထဲ၌ဖြစ်တည်လာ၏။

သို့အတွက် တရားတော်များနာယူနိုင်ရန် တရားပွဲများ ကျင်းပပေးသော ကံမြင့်ကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့၏ စေတနာသဒ္ဒါတရားကိုလည်း လေးစားကြည်ညိုရပါသည်။

သည်မှတစ်ဆင့်ကူးစက်ကာ အပ္ပမာဒဓမ္မရသ မဂ္ဂဇင်း တစ်နှစ်ပြည့်သည့်အခါ အပ္ပမာဒအထူးတရားပွဲများ ကျင်းပရန် ကျွန်တော့်တွင် စိတ်ကူးများအစပျိုးမိပေပြီ။

မြန်မာပြည်အနှံ့အပြား နေရာဒေသအသီးသီးတွင် "တရားနဲ့ပန်းတင့် အများရဲ့ကံမြင့်" ကဲ့သို့ ဓမ္မသဝနကုသိုလ်ယူ အထူးတရားပွဲများ ပေါ်ပေါက်လာပါစေ။ ကံမြင့်အထူးတရားပွဲများကိုအားကျ၍ မိမိတို့နေရာဌာန အသီးသီးတွင် တရားရေဖျန်းခမ္မပန်းများလန်းဆန်းအောင် ဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်းနေမိပါတော့သည်။

၁၄-၄-၂၀၀၀


(အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း အတွဲ(၁) အမှတ် (၆) မှ)

<u>ကျမ်းကိုး</u>

- တိပိဋကဓရမင်းကွန်းဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင်ကျမ်း (ဒုတိယတွဲ)
- ဝဏ္ဏသီရိ၏ ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း (ဒုတိယတွဲ)


www.burmeseclassic.com

www.burmeseclassic.com





ခေ့စေကြည့်လျှင် ကျောက်ဆောင်သည် အခံဓါတ်၊ အခံရုပ်၊ တစ်နည်းအားဖြင့် အတွင်းအာယတန(၆)ပါး။ ဖေ့လှိုင်းသည် အတိုက်ဓါတ်၊ အတိုက်ရုပ်။ တစ်နည်းအားဖြင့် အပြင်အာယတန (၆)ပါး။ အခံဓါတ်နှင့် အတိုက်ဓါတ်တို့ ထိခိုက်(ထိတွေ့)သည့်အခါ ရေပွက်တွေဖြစ်လာသည်။ ပြီးတော့ ရေပွက်တွေပျက်သွားသည်။ ကျွန်တော်သည် ''ရေပွက်ပမာ ငါးခန္ဓာ'' ဆိုသည့်တရားကို သတိရမိသည်။

## အချစ်အတွက်တစ်ဖန်မွေးဖွားခဲ့ခြင်း

ပထမဦးစွာ ဆရာစိုင်းခမ်းလိတ်(တေးရေး)ကို စတင် ခေတာင်းပန်ရမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ ယခု ကျွန်တော်ရေးသားမည့်ဆောင်းပါးသည် ဆရာစိုင်းခမ်းလိတ် ရေးသားခဲ့သော သီချင်းခေါင်းစဉ်တစ်ခု၏အမည်ကိုတပ်မှ ဖြစ်တော့မည်ဖြစ်၍ ဖြစ်ပါသည်။ ပြီးလျှင် ကျွန်တော့်ဆောင်းပါးပါ အကြောင်းအရာများသည် ဆရာစိုင်းခမ်းလိတ်၏ ထိုသီချင်းပါ စာသား အချို့နှင့် ရာနှုန်းအတော်များများ ထူးခြားစွာ တိုက်ဆိုင် နေသောကြောင့်လည်းဖြစ်ပါသည်။ သည်ဆောင်းပါးပါ အကြောင်း အရာတချို့နှင့် ကျွန်တော် ထိတွေ့ကြားနာကာ အာရုံအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်နေချိန်၌လည်း ဆရာစိုင်းခမ်းလိတ်၏ ထိုသီချင်းကို စိုင်းထီးဆိုင်အသံဖြင့် ကျွန်တော် မပြတ်ကြားနေရ၍လည်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ထိုသီချင်း ၏ခေါင်းစဉ်ကို ကျွန်တော် ယခုဆက်လက်ရေးသားမည့် ဆောင်းပါးခေါင်းစဉ်အဖြစ် ကျွန်တော် ကိုယ်တိုင်ရွေးချယ်လိုက်ရခြင်းဖြစ်ပါသည်။

သည့်အတွက် ကျွန်တော့်အပေါ် ခွင့်လွှတ်ပါ။ ခွင့်ပြုပါ။ ဆရာစိုင်းခမ်းလိတ်ခင်ဗျာ ...

ကောင်းပါပြီ။ ကျွန်တော် ခွင့်တောင်းအသုံးပြုမည့် ဆရာစိုင်းခမ်းလိတ်၏ သီချင်းခေါင်းစဉ်မှာ ``အချစ်အတွက်တစ်ဖန်မွေးဖွားခဲ့ခြင်း´´ ဖြစ်ပါသည်။

သတိပဋ္ဌာန်တရားကို စွဲစွဲမြဲမြဲ အားထုတ်နေသူ တစ်ဦးက `အချစ်´တွေ၊ ဘာတွေနဲ့ ဘယ်လိုဖြစ်ပြီး ဘယ်လိုရင်ခုန်လာရတာတုံးဟု မေးစရာရှိပါလိမ့်မည်။ ထိုအမေးကို ကျွန်တော့်ဆောင်းပါး ဆုံးအောင် ဖတ်ပြီး သွားသောအခါ စာဖတ်သူအနေဖြင့် ကျွန်တော် ပေးလိုက်သောအဖြေကို တစ်ပါတည်းတွေ့ရှိသွားမည် ဖြစ်ပါသည်ဟု ကျွန်တော်ပဏာမဆိုချင်ပါသည်။

※ ※ ※

စိုထိုင်းစည်ချမ်းတစ်ခု၌ သူ့ကိုကျွန်တော် စတွေ့ခဲ့ရခြင်း ဖြစ်သည်။ ထိုနေ့က ပင်လယ်ပြင်သည် မိုးသက်မုန်တိုင်းတို့ကို သယ်ဆောင်လာရန် ဟန်ပြင်နေလေသည်။ ကျွန်တော် ရောက်ရှိနေသော ဆိတ်ငြိမ်ကျွန်းကလေးသည် မိုးသက်မုန်တိုင်းတို့၏ ဒဏ်ကို ကြိမ်ဖန်များစွာ ခံခဲ့ရဖူးသဖြင့် မမှုတော့သယောင်နှင့်





တုန်မလှုပ်ရှိနေပါသည်။ မိုးသက်လေတွေ တုံး(ရွှေ့)ရပ်ဝန်းမှာ [illegible] သေး၍လည်း ဆိတ်ငြိမ်ကျွန်းပေါ် ရောက်နေသော ကျွန်တော်တို့မှာ ပူလောင်အိုက်စပ်၍ ချွေးတဒီးဒီးကျနေရသည်။

ပင်လယ်ပြင်သည်ကား မဲမှောင်လျက်။ ဒီလှိုင်းတို့သည်ကား တဝုန်းဝုန်းနှင့် ကမ်းခြေကျောက်ဆောင်တွေကို ရိုက်ခတ်လျက် ... မဟူရာကောင်းကင်ပြင်ပေါ်တွင် ဟိုးအဝေးတစ်နေရာ၌ လင်းထိန်နေသော အလင်းတန်းကြီးတစ်ခုက ကောင်းကင်ပြင်သို့ အရောင်ထင်ဟပ်လျက် ...

ကျွန်တော်တို့က အခြေအနေသစ်တစ်မျိုး ဖန်တီးလာနိုင်သည့် ပင်လယ်ပြင်ကိုငေးကြည့်နေရင်းမှ စကားစမြည် ပြောဆိုနေဖြစ်ကြသည်။ ကျွန်တော်က သူ့ကို ရှိခိုးဦးချလိုက်ပါသည်။ 'သူ'ဟု သုံးနှုန်း၍ရိုင်းသည်ဟုမထင်စေလိုပါ။ နာမ်စားဝေါဟာရတစ်ခုအနေဖြင့် သုံးနှုန်းခြင်းသာဖြစ်ပါသည်။ တကယ်တော့သူသည် ဒလခန့် ရဟန်းသက်ရနေပြီဖြစ်သော ကိုယ်တော်လေးတစ်ပါးဖြစ်ပါသည်။

သူ့ မူလဘာသာသည် ဗုဒ္ဓဘာသာမဟုတ်ပါ။ သူကလည်း လူတစ်မျိုးဖြစ်ပါသည်။ မိဘနှစ်ပါးစလုံးက အခြားဘာသာကို ကိုးကွယ်သော်လည်းသူကမူမိရိုးဖလာဘာသာကို မကိုးကွယ်ခဲ့ပါ။ သို့သော် ဗုဒ္ဓဘာသာကိုလည်း သူမကိုးကွယ်ခဲ့ပါ။ ပြောရလျှင် သူသည် ဘာသာအယူဝါဒမရှိသူတစ်ယောက်ကဲ့သို့ နေထိုင်ခဲ့သူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ယုံကြည်သည်မှာ အသက်အရွယ်ငယ်ငယ်တွင် ပျော်ပျော်နေခြင်းသည်သာ အဓိကဖြစ်သည်ဟု . . . သို့နှင့် သူသည် စီးပွားရှာသည်၊ သုံးသည်၊ ဖြုန်းသည်၊ ပျော်ပါးသည်။ မိဘဆွေမျိုးနောက်ခံတွေကလည်း ခနအင်အားတောင့်တင်းသည်။ သို့အတွက် စီးပွားရှာရာတွင် အဟန့်အတားမရှိ။ ပြီးတော့ သူသည် ဂီတကို အထူးခုံမင်သည်။ သွားလေရာ ဂစ်တာလေး တစ်လက်နှင့် သူ့ဘယ်ဘက်လက်ချောင်းထိပ်တွေမှာ ဂစ်တာကြိုး တွေကို ဖိကိုင်ထားသဖြင့် အသားမာတွေ တက်နေသည်မှာ ယခုအချိန်ထိ မပျောက်နိုင်သေး။ ခေတ်ပေါ်သီချင်း မှန်သမျှ သူမရတာမရှိ၊ ကက်ဆက်ခွေမှန်သမျှ အကုန်ဝယ်သည်။ ပြီးတော့ ကိုယ်တိုင် လိုက်တီး၊ ကိုယ်တိုင်လိုက်ဆိုသည်။ နားကြပ်ကက်ဆက် ကလေးက သူသွားလေရာအမြဲတမ်းပါသည်။ ဂစ်တာလေး တစ်လုံးက သူနှင့်အတူ ထက်ကြပ်မကွာ။ သူမြတ်နိုးလှသော ဒီ–၂၈ မော်တော်ဆိုင်ကယ်ကြီးကလည်း သူ့ကို မြို့ရွာအနှံ့ ပို့ဆောင်ပေးနေကျ။ ဖားကန့်တက်လိုက်၊ မန္တလေးပြန် ဆင်းလိုက်၊ မူဆယ်နမ့်ခမ်းဘက်တက်လိုက်နှင့်။ လောပန်လေးတစ်ယောက် အဖြစ် အောင်ပွဲဆင်နေသော သူ့ကို ခင်မင်သူတွေ၊ သိသူတွေ၊ စိတ်ဝင်စားသူတွေအပြည့်။ သို့သော် သူ့ကို မည်သူတွေက မည်သို့ စိတ်ဝင်စား စိတ်ဝင်စား။ သူ့ရင်ထဲမှာတော့ သူမမှ သူမ။ သူမသည် သာ သူ့အချစ်ဆုံးသူ။ သူမသည်သာ သူအမြတ်နိုးဆုံး သူ။ သူသည် သူမနှင့် တစ်နေ့မတွေ့ရမနေနိုင်။ အရောင်းအဝယ်၊





စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပင်များပါစေ။ သူမရှိရာ မန္တလေး ရောက်လျှင်တော့ သူမထံ သူမပျက်မကွက်ရောက်ခဲ့ရစမြဲ။ ပြီးတော့ သူမနှင့်သူတို့၏ အချစ်သက်တမ်းသည်ပင် ၆နှစ် ကျော်ပါးရှိခဲ့လေပြီ။

"ဦးဖင်းလူ့ဘဝတုန်းကနာမည်က ဒကာကြီးရေးတဲ့ သီချင်းခေါင်းစဉ်တစ်ပုဒ်ရဲ့နာမည်ပါ" ဟော . . . သူက ပဟေဠိ ထုတ်နေပြန်ပါပြီ။ ကျွန်တော် စဉ်းစား ကြည့်မိသည်။ ကျွန်တော် ရေးသားခဲ့သောသီချင်းတွေကို ကျွန်တော်ကိုယ်တိုင်ပင် မေ့ကုန်ပြီဖြစ်ပါသည်။ သို့နှင့် သူ့ပဟေဠိကို ကျွန်တော်ချက်ချင်း အဖြေထုတ်၍မရနိုင်။

"ဘယ်နာမည်များပါလဲ–ဦးဖင်း"

"မဟာ ့ မဟာလေ"

"ဟင် . . . ဦးဖင်းရဲ့ လူ့ဘဝတုံးကနာမည်က
မဟာ ဟုတ်လား . . ."

"ဟုတ်တယ် . . . ဒကာကြီး၊ ဦးဖင်းလူ့ဘဝတုန်းက ကြိုက်ခဲ့တဲ့ သီချင်းရေးဆရာတွေထဲမှာ ဒကာကြီးလည်းပါတယ်။ ဒကာကြီးရေးတဲ့ သီချင်းတွေ ဦးဖင်း တော်တော်များများရတယ်။ အထူးသဖြင့် 'မဟာ'ကိုပေါ့။ ဦးဖင်း လူ့ဘဝနာမည်နဲ့လည်း တူတယ်။ ပြီးတော့ဦးဖင်းက ဇော်ဝင်းထွဋ်ကို crazyဖြစ်ခဲ့တာကိုး။ အကြောင့်မို့ မှတ်မှတ်ထင်ထင်ရှိနေတယ်။ အခုလည်း ဒကာကြီး ရေးတဲ့ ဘာသာရေးစာအုပ်တွေအားလုံး ဦးဖင်းဝယ်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲဖတ်တယ်။ ဒကာကြီးကို ချီးကျူးပါတယ်။ ဒါပေမယ့် ဦးဇင်း ဒကာကြီးကိုတစ်ခု ပြောချင်တယ်။ တစ်ခုခုကို တတိတိနဲ့ မပြတ်မသား ရေရှည်လုပ်နေမယ့်အစား တစ်ခါတည်း ပိုင်းဖြတ်ပြီး ပြတ်ပြတ်သားသားလုပ်ဖို့ ဒကာကြီးကို တိုက်တွန်းချင်တယ်။ ဒကာကြီးမှာ အဲဒီလိုလုပ်နိုင်တဲ့ အရည်အချင်းကောင်းတွေ၊ အတွေးအခေါ်၊ အသိဉာဏ်တွေ ရှိနေတယ်လို့ ဦးဇင်းထင်တဲ့အတွက် ပြောရတာပါ''

''မှန်ပါ ... တပည့်တော် ကြိုးစားပါ့မယ် ဘုရား''

သူ ဘာကို ဆိုလိုသည်ကို ကျွန်တော်ရိပ်မိပါသည်။ သူလို ဘာသာအယူဝါဒ တစ်ခုအပေါ်၌ ခိုင်ခိုင်မာမာ ယုံကြည်မှုမရှိသူ၊ အပျော်အပါး ခုံမင်သူ ဂီတ အနုပညာကို ယစ်မူးစွာစွဲလန်းသူ၊ ဒြနှစ်တိုင် မခွဲမခွာ ချစ်မည့်သူရှိနေသူတစ်ယောက်က ဘယ်လိုက ဘယ်လို မျက်စိလည် လမ်းမှားပြီး ဘုရား၏သားတော်တစ်ပါး အဖြစ်သို့ ရောက်နေရသနည်း။ ဤသည်မှာ ကျွန်တော့် အတွက် ကြီးစွာသော ပဟေဠိ ဖြစ်ရပြန်ပါသည်။ ပြီးတော့ အဘယ့်ကြောင့် လူသူအရောက်အပေါက် နည်းလှသည့် ပင်လယ်ပြင်ထဲက ကျွန်းတစ်ကျွန်းပေါ်၌ တောရဆောက်တည်ကာ သတိပဋ္ဌာန် တရားကို အားထုတ်နေသည့် ကိုယ်တော်တစ်ပါး ဖြစ်နေရပြန်သနည်း။ ကျွန်တော့်အတွက် သူသည် အတွေးတွေများစွာပေးနေလေပြီ။

''တပည့်တော် တစ်ခုသိချင်ပါတယ် ဘုရား၊ ဦးဇင်းက





ဘာကိုလည်း ဝါသနာပါ၊ စီးပွားရေးလည်း အောင်မြင်၊ ဥစ္စာပေါ ချမ်းချောလည်းဖြစ်၊ ကန်တော့ပါရဲ့ ဦးဇင်းကို နှစ်နှစ်ကာကာ ချစ်မည့်သူကလည်း ရှိနေ ရက်သားနဲ့ ဘယ်လိုက ဘယ်လိုလုပ်ပြီး ဦးဇင်း သာသနာ့ဘောင်ထဲ ရောက်လာခဲ့ရပါသလဲ။ စပ်စုတယ်လို့တော့ မထင်ပါနဲ့နော် ဘုရား။ ဦးဇင်း ဖြေချင်မှဖြေပါ။ ဖြေသင့်မှ ဖြေပါဘုရား''

ဦးဇင်းလေးသည် ရုတ်တရက် အသက်ရှူရပ် သွားသည်သို့ ရှိသည်။ သူ့မျက်နှာသည် ချက်ချင်းပင် ရင့်ရော်အိုမင်းသွားသည်။ ပြန်ဖြေသော စကားသံသည်ပင်လျှင် ခုနပြောနေသော အသံလောက် မကျယ်တော့။

''ဦးဇင်းက ဒကာကြီးလို စာရေးဆရာ တစ်ယောက်ကို သေသေချာချာ ပြောပြချင်ပါတယ်။ ကဲ အခုတော့ ညဉ့်နက်နေပြီ၊ ဒကာကြီး မနက်ဖြန် အစောကြီးလည်း ထရအုံးမှာဆိုတော့ နောက်နေ့မှ အေးအေးဆေးဆေး ပြောကြတာပေါ့။ မနက်ဖြန် ဆွမ်းစားပြီးချိန်လောက်ဆိုရင် ကောင်းမလားပဲ၊ ဦးဇင်း သီတင်းသုံးတဲ့ ကျောင်းကလေးကို ဒကာကြီးလာခဲ့ပေါ့၊ ဦးဇင်း အသေးစိတ် ပြောပြပါ့မယ်။ အင်း ဒီညမုန်တိုင်းဖြတ်သွားပြီးရင် မနက်ဖြန်မနက်မှာ ရာသီဥတုလည်း သာယာနေမှာပေါ့။ ကဲ ... ဒကာကြီး အိပ်ချေတော့''

ထိုနေ့ညက ပင်လယ်ပြင်တွင် မိုးသက်မုန်တိုင်းတွေ ထန်နေတော့သည်။ ဦးဇင်းလေး၏ ရင်ထဲတွင်လည်း ကျွန်တော့်ကို နှင့်ပြောပြမည့်စကားတွေသည် မိုးချိန်းသံလို ပဲ့တင်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မြည်ဟိန်းနေမည်လားမပြောတတ်။

※ ※ ※

ညက မုန်တိုင်းဖြတ်သွားပြီးဖြစ်သဖြင့် ပင်လယ် ကမ်းခြေ နံနက်ခင်းသည် ကြည်လင်စိမ်းစိုနေလေသည်။ ပင်လယ်ပြင်ပေါ်သို့ ဖြာကျနေသော နေခြည်အလင်း တို့ကြောင့် ကမ်းစပ်ရေတိမ်တွင် လူးလာကူးခတ်နေသော ငါးလေးတွေကို လှမ်းတွေ့နေရသည်။ ရေကျချိန်ဖြစ်သဖြင့် ကဏန်းကောင်လေးတွေသည် ရေညှိတက် နေသော ကျောက်တုံးကျောက်ဆောင်များပေါ်၌ ဟိုမှသည် ဘေးတိုက်ပြေးလွှားနေကြသည်။ ဆားပေါက်နေသော အချို့ ကျောက်တုံးများ၏ အကွက်အကွက်ထနေပုံမှာ အမဲအူ အပိုင်းအစတွေ ဖြန့်ကြဲထားသည်နှင့်တူလှသည်။ အဝေးမြင်ကွင်း ကို လှမ်းကြည့်နေရာမှ ဦးဇင်းလေး၏ ဆို့နစ်ကြေကွဲနေသော အသံကို ကျွန်တော်ကြားလိုက်ရသည်။

"အခု . . . ဒီနေ့ဆိုရင်ပေါ့လေ ဦးဇင်း လူ့ဘဝတုန်းက ချစ်ခဲ့သူ ဆုံးခဲ့တာ သုံးနှစ်နဲ့ ၁၈ရက်ရှိပြီပေါ့။"

"ဟင် . . . ဘယ်လို"

ဗြုန်းစားကြီးပြောချလိုက်သဖြင့် ကျွန်တော်ပင်လျှင် မည်သို့နားလည်ရမည် မသိပါ။

"ဟုတ်တယ် ဒကာကြီး . . . နေ့တစ်နေ့ ကူးတိုင်း ကူးတိုင်း ဦးဇင်း ဒိုင်ယာယီမှာ အမြဲတမ်းရေးနေရတယ်။ ဒီအကြောင်းကို ဦးဇင်းအခုအချိန်ထိ မေ့လို့မရသေးတာ အမှန်ပါဘဲ





ဒကာကြီး . . . ဦးဇင်း ကြိုးစားပြီးတော့မေ့ကြည့်တယ်။ ပြန်ပြန်ပေါ်လာတယ်။ သည်အတိတ်အကြောင်းကို တွေးကြည့် တိုင်း ဦးဇင်းရင်ထဲဆို့နစ်ကြေကွဲနေရတုံးပဲ"

သူ့အသံသည် တုန်ခါချင်လာသည်။ စကားကို ဖြတ်ပြီး ဟိုးအဝေး ပင်လယ်ပြင်ဆီသို့ သူမှန်းမျှော်ကြည့်နေပြန်သည်။ အတိတ်ပုံရိပ်တွေသည် သူ့အာရုံတွင် တဖြတ်ဖြတ် ပုံပေါ်နေပြီလား သေး။

"လွန်ခဲ့တဲ့ ၃နှစ်နဲ့ ၁၈ရက်နေ့ကဆိုရင် ဦးဇင်း အဲလေ သူ့ဘဝတုံးကနာမည်နဲ့ပဲပြောရင် ကောင်းမယ် ထင်တယ် 'မဟာ' ပေါ့လေ။ မဟာနဲ့ သူ့ချစ်သူ ဆရာဝန်မလေးတို့ ချစ်သူသက်တမ်း ၆နှစ်ပြည့်ခြင်းနဲ့အတူ စေ့စပ်ကြောင်းလမ်းပွဲလုပ်တဲ့နေ့ပေါ့။ ချစ်သူနှစ်ဦး နီးစပ်ခွင့်ရတော့မယ်ဆိုတဲ့ စိတ်နဲ့ပျော်နေ လိုက်ကြတာ ဆရာဝန်မလေးရဲ့အလုပ်ခွင်က ဆရာဝန်ကြီးတွေ ဂုဏ်သရေရှိလူကြီးတွေက ကောင်းချီးသြဘာပေးလိုက်ကြတာ ချစ်သူနှစ်ဦး ဘဝခရီးအတွက် အားဆေးလိုပါပဲ။ ဒါနဲ့ အခမ်းအနား ပြီးတာနဲ့ ဆရာဝန်မလေးက ပုဂံဘုရားဖူးချင်တယ်ဆိုလို့ မဟာ ဆိုတဲ့ကောင်လေးက ဂုဏ်ယူဝင့်ကြွားစွာနဲ့ သူ့စီးတော်ယာဉ်ဖြစ်တဲ့ D-28 မော်တော်ဆိုင်ကယ်ကြီးနဲ့ မန္တလေးက ပုဂံ–ညောင်ဦးကို ဆက်လာကြတယ်။ walkman နားကြပ်ကက်ဆက်ကလေး ကိုဖွင့်ထားပြီး တစ်ယောက်ကို နားကြပ်တစ်ဘက်စီတပ်ပြီး နားထောင်လို့ပေါ့။ ပျော်ပျော်ပါးပါးနဲ့ မန္တလေးကထွက်လာကြတာ



www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာကိုရောက် သည့်နောက် ကျောက်ပန်းတောင်း။ ဆိုင်ကယ်က ၄၅မိုင်နှုန်းနဲ့ဆိုတော့ မြန်မှမြန်။ မဟာကို သူ့ချစ်သူက ခါးကလေး ဖက်ထားလို့။ အဲ ကျောက်ပန်းတောင်းကနေပြီး ပုဂံညောင်ဦးကို ဆက်ထွက်လာလိုက်တာ ပုပ္ပါးကိုသွားတဲ့ ဗျတ္တပန်းဆက်လမ်းကိုကျော်လာပြီးတဲ့နောက် သိပ်မကြာခင်မှာ ပုဂံ–ညောင်ဦးကို ရောက်တော့မယ်။ တုရင်တောင်ကိုတောင် လှမ်းမြင်နေရပြီ။ ပုပ္ပါးတောင်မကြီးကလည်း ညာဘက်မှာ တရိပ်ရိပ်နဲ့ ကျန်ရစ်ခဲ့ပြီ။ သည်မှာတင် ...''

အရှိန်ကောင်းနေတုန်းမှာ သူက စကားကို ရုတ်တရက်ကြီး ဖြတ်ချလိုက်သည်။ ကျွန်တော် သူ့ကို လှမ်းကြည့်လိုက်သောအခါ သူခေါင်းငုံ့သွားသည်ကိုတွေ့ရသည်။ သူ့ထံမှ အသံထွက်မလာတော့။ မှင်အစိမ်းရောင်ဖြင့် ရေးထားသော သူ့မှတ်စုစာအုပ်ကလေးကို သူဖွင့်ကြည့်နေသည်။ အစိမ်းရောင်လက်ရေးကလေးများကို ကျွန်တော် လှမ်းတွေ့နေရသည်။ ကျွန်တော်က သူ့ကို ဆက်ပြောပါဦးလို့လည်း မတိုက်တွန်းရက်။ သို့သော် ကျွန်တော်ကတော့ ဆက်နားထောင်ချင်နေသည်သာ ... သူ့ထံမှ အသံထွက်လာပြန်သည်။

''အင်း ၄၅မိုင်နှုန်းနဲ့ ပြေးလွှားနေတဲ့ ဆိုင်ကယ် ကြီးပေါ်မှာ မဟာကဆိုင်ကယ်စီးဦးထုပ်ကို အပြည့်ဆောင်းထားတာ။ သူ့ချစ်သူဆရာဝန်မလေးက ဆိုင်ကယ်စီးဦးထုပ်လို့ ခေါ်နိုင်ရုံဦးထုပ်ပါးပါးလေးကိုပဲ ဆောင်းထားတာ။ အဲဒီအချိန်မှာ နောက်က





ခါးကို ဖက်ထားရင်းက ခါးကိုတို့လိုက်တော့ ရုတ်တရက်လန့်သွားတာ။ ဆိုင်ကယ်ကလည်းအရှိန်ပြင်း၊ သီချင်းကလည်း နားထောင်နေ။ သည်အချိန်မှာ အခြားအာရုံတစ်ခုက ရုတ်တရက်သားက ဖျတ်ခနဲဝင်လာသလိုဖြစ်တော့ မဟာဆိုတဲ့ကောင်လေးက ဆိုင်ကယ်ကိုရုတ်တရက် အရှိန်လျှော့ချလိုက်ကာမှ ထမ်းဘေးစောင်းကို ဆင်းမိ သလိုဖြစ်သွားပြီး မှောက်ပါလေရော''

သူ့စကားကို နားထောင်နေရသည်မှာ ကျွန်တော်ပင်လျှင် အသက်ရှူကြပ်ချင်သလို ဖြစ်လာရသည်။ ပင်လယ်ရေစပ် သစ်ပင်ရိပ်အောက်ရှိ ကျောက်ဖျာချပ်ကြီးပေါ်တွင် ကျွန်တော်တို့ထိုင်နေကြသော်လည်း ကျွန်တော့်ရင်တွေပင် ပူလောင်လာသည် သို့ရှိသည်။ ကာယကံရှင် သူ့ခမျာ မည်မျှလောင်မြိုက်ဘာ ကျွမ်းလုလုဖြစ်နေမည်နည်း။ ကျွန်တော်ကိုယ်ချင်းစာမိပါသည်။

''ဆိုင်ကယ်မှောက်တော့ ဆရာဝန်မလေးက မဟာရဲ့ခါးကို ဖက်ထားတော့ သူကမြေပြင်ပေါ် အရင်ကျတယ်။ ပြီးတော့ သူ့အပေါ် မဟာက ထပ်ဖိကျသလို ဖြစ်ပြီးပြုတ်ကျ။ အဲဒီအပေါ်မှာ ဆိုင်ကယ်က ထပ်ဖိဆိုတော့ အောက်ဆုံးမှာရောက်နေတဲ့ ဆရာဝန်မလေး ရဲ့ခေါင်းက ပိပြားကြေမွသွားတယ်။ မဟာလည်း လက်တွေကျိုး သွေးသံရဲရဲနဲ့ကြားထဲက သူ့ချစ်သူကို ပွေ့ထူလိုက်တဲ့အချိန်မှာ သူ့ချစ်သူဆရာဝန်မလေးဟာ မဟာရဲ့လက်ပေါ်မှာပဲ ဆုံးသွားရှာတယ်။ သူမဆုံးခင်လေးမှာ မဟာဆီက



www.burmeseclassic.com

www.burmeseclassic.com



ကတိတစ်ခုတောင်းတယ်။ အဲဒါက သူတို့နှစ်ဦး ချစ်သူသက်တမ်းကာလအတွင်းမှာ ဆရာဝန်မလေးက 'မဟာ'ကို အမြဲတမ်းပြောခဲ့တဲ့စကားပဲ။ သူ့ကို တကယ်ချစ်တယ်ဆိုရင် သူ့လိုပဲ ဗုဒ္ဓဘာသာကို အသက်ထက်ဆုံးယုံကြည်စေချင်တယ်ဆိုတဲ့စကား။ မဟာက အဲဒီအချိန်မှာ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး ဘာမှ နားမလည်သေးပေမယ့် ချစ်သူရဲ့နောက်ဆုံးအချိန် ဘဝကူး တော့မယ်အချိန်ဖြစ်နေလို့ ခေါင်းညိတ်ပြီးကတိပေးလိုက်ရတာ။ မဟာ ခေါင်းညိတ်လိုက်တာနဲ့ ဆရာဝန်မလေးလည်း ဖက်ကျိုးပြီး ဆုံးသွားတော့တာ''

သူတော့ မပြောတတ်။ ကျွန်တော်ပင်လျှင် သူ့ စကားကို နားထောင်နေရင်းမှ ဆို့ကြပ်ချင်သလိုဖြစ်လာသည်။ ထို့နောက်တွင် မဟာသည် အကြီးအကျယ် စိတ်လေသွားတော့သည်။ ဆိုင်ကယ်မှောက်သည့် ဒဏ်ရာကြောင့် သူ့လက်တွင် စတီးချောင်းတွေ အစားထိုးထည့်လိုက်ရသည်။ လက်အရိုးတွေ ကြေမွသွား၍ ဖြစ်သည်။ ပြီးတော့ မျက်လုံးမှာလည်း ထိခိုက်ခဲ့ရသေးသည်။ ကံကောင်းထောက်မ၍ ရုပ်ပျက်ဆင်းပျက်မဖြစ်။ သေကောင် ပေါင်းလဲဒဏ်ရာဖြင့် အိပ်ယာထဲ ရေရှည်နေရမည့် နာတာရှည် လူမမာ မဖြစ်ခဲ့ရ။ ဒဏ်ရာတွေပျောက်၍ ဆေးရုံကဆင်းခဲ့ရ သော်လည်း နကိုစီးပွားရေးအလုပ်၌ စိတ်မပါတော့။ သို့နှင့် စီးပွားရေးပါကျဆင်းလာသည်။ စိတ်လေလေနှင့် ခြေဦးတည့်ရာ လျှောက်သွားသည်။ ဆွေမျိုးအသိုက်အဝန်းက စိတ်မလေစေရန်





နောက်ထပ် အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ချပေးရန် ကြိုးစားကြသည်။ သူ လက်မခံတော့။ ချစ်ခြင်းကြောင့် ခွဲခွာရသည့် ဒဏ်ကို သူမခံနိုင်တော့။ သည်ပတ်ဝန်းကျင်အသိုက်အဝန်းမှ သူရုန်းထွက် ရှောင်ဖယ်ဖို့ကြိုးစားသည်။ နောက်ဆုံးတွင် သူ့ချစ်သူကို ပေးခဲ့သော ကတိစကားကို သူအမှတ်ရလိုက်သည်။ သူသည် ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ သားတော်အဖြစ်ခံယူကာ သာသနာ့ဘောင်သို့ဝင်လိုက်တော့သည်။

''ဦးဇင်း ရဟန်းဝတ်ပြီးတာနဲ့ မဟာစည်မှာ တရားအားထုတ်တယ်။ ပြီးတော့ အလိုတော်ပြည့် ဆရာတော်ကြီးဆီကို သွားတယ်။ ကမ္မဋ္ဌာန်းနည်းနာ နိဿယယခံတယ်။ ဆရာတော်ကြီးက ဦးဇင်းကို အမိန့်ရှိတယ်။ ရဟန်းဘဝကို ရာသက်ပန် ခံယူမယ် ဆိုရင်တော့ ဝိနည်းကိုအရင်လေ့လာပါတဲ့။ အဲဒါ ဆရာတော်ကြီးရဲ့ တပည့်ထဲမှာ ဝိနည်းနဲ့အညီ ကျင့်ကြံအားထုတ်နေထိုင်နေတဲ့ တပည့်ဦးဇင်းတစ်ပါးရှိတယ်။ ဒီဆိတ်ငြိမ်ကျွန်းမှာ တောရ ဆောက်တည်ပြီး တရားအားထုတ်နေတယ်။ အဲဒါ အဲဒီဦးဇင်းဆီ သွားပြီး နည်းနာနိဿယခံပါ။ ဝိနည်းနဲ့အညီ နေထိုင်နိုင်ဖို့ ကျင့်ကြံ ကြိုးစားပါ။ သီလဝိသုဒ္ဓိဖြစ်အောင်လုပ်ပါ။ ဆရာသမားဆီက အကျင့်ကောင်းတွေ အတုယူပါဆိုတာနဲ့ ဦးဇင်း ဒီဆိတ်ငြိမ်ကျွန်း ကို ကြွလာခဲ့တာ''

ယခုတော့ ဦးဇင်းလေးသည် ပြန်လည်အသက်ဝင်လာသည်သို့ ရှိသည်။ ခုနက သူသည် မဟာဆိုသော ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ စိတ်ဖြင့် လွှင့်မျှော်ရီဝေခဲ့ပေမည်။ သံဃာ၊ သီလ၊ ဝိနည်း၊ ဝိသုဒ္ဓိစသည့်စကားလုံးတွေသည် သူ့အတွက် အားမာန်တွေ ပြန်လည် ဖြစ်စေခဲ့မည်ထင်သည်။

''ဦးဇင်း ဒီကျွန်းကို ကြွလာပြီးတဲ့နောက် ဆိတ်ငြိမ်ကျွန်းတောရကိုယ်တော်လေးရဲ့ အဆုံးအမအောက်မှာနေထိုင်ရင်း ဦးဇင်း ဝိနည်း ၅ကျမ်းကို မပြတ်လေ့လာနေတယ်။ ပရိတ်ကြီး (၁၁)သုတ်လည်း ကျက်ပြီးသွားပြီ။ သာသနာနဲ့ ပတ်သက်တဲ့ အဆုံးအမ၊ ဘုရားရှင် ရဲ့ ဒေသနာတွေကို ဦးဇင်းရဲ့ ဥပဇ္ဈာယ်ဆရာတော်လေးဆီမှာ နာကြားရင်းနဲ့ အများကြီးသိလာရတယ်၊ ဦးဇင်းရဲ့ အဖြစ်က ဘုရားရှင်လက်ထက်တော်က ပဋာစာရီရဲ့အဖြစ်လောက် မဆိုးသေးမှန်းသိရလို့ ဖြေသိမ့်လာနိုင်တယ်။ သာသနာရဲ့ အဆုံးအမတွေကတစ်ဆင့် တရားဆိုတာကို သဘောပေါက်လာတယ်။ ဓမ္မံ သရဏံ ဂစ္ဆာမိကိုနားလည်လာတဲ့အချိန်မှာ သံဃံ သရဏံ ဂစ္ဆာမိကိုလည်း ပိုပြီးနားလည်လာတယ်။ ဒါကြောင့်မို့ ဘုရားသာသနာတော်မှာ ဘုရားရှင်ရဲ့ လိုလားချက်နဲ့အညီ သံဃာစစ်စစ်တစ်ပါးဖြစ်လာဖို့ဆိုတာ မလွယ်မှန်း ဦးဇင်းသဘောပေါက်လာရတယ်။ အဲဒီကတစ်ဆင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ကို လှမ်းမြင်လာတယ်။ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကြီးမားပုံ၊ ဉာဏ်အမြော်အမြင်ကြီးမားပုံ၊ သဗ္ဗညုတဉာဏ်တော်ရဲ့ ကျယ်ဝန်းနက်နဲပုံတွေကိုပါ သိမြင်ခံစားလာရတယ်။ ဒီနေရာမှာ ဒကာကြီးကိုလည်း ကျေးဇူးတင်ရတာက ဒကာကြီးရေးတဲ့ ''ဘုရားရှင်ရဲ့ အဓိပ္ပါယ်ကို





ခံစား ကြည်ညိုခြင်း''စာအုပ်ဟာ ဦးဇင်းရဲ့ အသိဉာဏ်ရှာဖွေမှုကို အများကြီး အထောက်အပံ့ပေးနိုင်ခဲ့တယ်။ ဦးဇင်း ဒကာကြီးရဲ့ လုပ်ရပ်တွေကို သာဓုခေါ်မိပါတယ်။ ဒကာကြီးကိုတွေ့လည်း တွေ့ချင်နေတာ။ အခု တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတော့ ဦးဇင်း အားရှိသွားတယ် ဒကာကြီးကို ဦးဇင်းရဲ့အကြောင်းတွေကိုလည်း ပြောပြချင်နေတာ''

''တကယ်လို့ ဦးဇင်းရဲ့အကြောင်းကို တပည့်တော် ဆောင်းပါးရေးမယ်ဆိုရင်ကော ဦးဇင်းအနေနဲ့ ခွင့်ပြုနိုင်ပါ့မလား အရှင်ဘုရား''

''ခွင့်ပြုပါတယ် ဒကာကြီး။ ဒါဟာ ဒကာကြီးလို စာရေးဆရာတွေကတစ်ဆင့် ပရိသတ်တွေ သိသင့် သိထိုက်တဲ့ အကြောင်းအရာပါ။ သတ္တဝါတစ်ခု ကံတစ်ခုပဲလေ။ ဦးဇင်းတို့တွေရဲ့ အတိတ်ကံတွေက တစ်ယောက်နဲ့တစ်ယောက်တူမှ မတူကြတာ။ ဒါကြောင့် အကျိုးပေးပုံခြင်းလည်း မတူညီကြတာပေါ့။ ဘဝဖြစ်စဉ်တွေလည်း ခြားနားကြတာပေါ့။ အခု ဦးဇင်းဆိုရင် အရင်တုန်းက ဘယ်လိုမှ မမျှော်မှန်းခဲ့တဲ့ ဘဝတစ်ခုကို ရနေပြီ။ ဒီဘဝသစ်ကို ရအောင် အသက်နဲ့လဲပြီး အကြောင်းအထောက်အပံ့ ပြုလိုက်တာကတော့ ဦးဇင်းရဲ့ တစ်ချိန်က ဒကာမပဲပေါ့။ အခုတော့လည်း ဒါတွေပြီးခဲ့ပါပြီလို့ ဆိုရပေမယ့် ဘုရားရှိခိုးဖို့ လက်အုပ်ချီတိုင်းမှာ ဦးဇင်းရဲ့ ဘယ်လက်ဖဝါးအရင်းမှာ စတီးချောင်းတွေထည့်ဖို့ ခွဲထားတဲ့ ဒဏ်ရာပေါ်က ချုပ်ရိုးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တိုင်း ဦးဇင်း ဘဝဟောင်းကို ပြန်ပြန်သတိရသွားမိတယ်။ ဒါနဲ့ ဘုရား၊ တရားနဲ့ ကိုယ့်ဆရာသမားတွေကို ရှိခိုးတဲ့အခါ အမြဲတမ်းသက်နှန်းကို လက်ကတော့ထိုးပြီး ရှိခိုးတယ်။ ဝိနည်းတော်နဲ့တော့ ညီသွားတာပေါ့လေ။ ဒါပေမယ့် ဦးဇင်းဝန်ခံပါတယ်။ ဦးဇင်း မရင့်ကျက်သေးဘူး။ ဦးဇင်းအနေနဲ့ ဦးဇင်းလက်က ဒဏ်ရာကိုမြင်တိုင်း သတိရနေမိလို့ လက်ကတော့ထိုးသင်္ကန်းနဲ့ဖုံးပြီး ဦးဇင်းရဲ့အတိတ်ကို သတိမရမိအောင် ဖုံးကာနေရတာ . . .''

ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော–ချစ်နှစ်သက် သောသူနှင့် ကွေကွင်းရခြင်းသည် ဒုက္ခပါတကားဆိုသည့် ဘုရားရှင်၏ အဆုံးအမကို သတိရမိသည်။ ဉပါဒါန် ဟူသော အစွဲအလမ်းသည် လွန်စွာကြောက်စရာကောင်းလှပါတကားဟု သံဝေဂရမိသည်။ ကျွန်တော်တို့ တတွေသည် အကောင်အထည်ဒြပ်အဖြစ်တည်ရှိနေသော ရုပ်ကောင်ကာယအစုအဝေးကြီးကို ပိုင်းခြား မြင်နိုင်သော ပရမတ်အမြင်တွေမရှိသောအခါ ခန္ဓာငါးပါးကိုမသိနိုင်တော့။ ခန္ဓာငါးပါးကို မသိနိုင်သဖြင့်လည်း ထိုရုပ်ကောင် ကာယအစုအဝေးကြီးကို စွဲလန်းကာ ဉပါဒါန်တွေဖြစ်ကြရသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ထံတွင်ပင် ခန္ဓာငါးပါးသည် ဉပါဒါနက္ခန္ဓာ အဖြစ် ပုံသဏ္ဌာန်ပြောင်းလဲကိန်းဝပ်နေလေသည်။ ကျွန်တော်တို့၏ ကိလေသာကို ခံမင်အားကြီးသော စိတ်စေတသိက်တွေကလည်း ခန္ဓာငါးပါးကို ဉပါဒါနက္ခန္ဓာ ငါးပါးအဖြစ် ပြောင်းလဲပုံဖော်နေသည့်





အပေါ် ကြိုက်နှစ်သက်နေကြပြန်ပါသည်။

ပင်လယ်ကမ်းခြေသို့ ရိုက်လာသော လှိုင်းလုံးတွေကို ကျွန်တော် လှမ်းကြည့်နေမိသည်။ လှိုင်းလုံးကြီး တစ်လုံးသည် ပင်လယ်ပြင်ဆီမှ ဆင့်ကာ ဆင့်ကာဖြင့် ခုန်းထရှန်းကြွလျက် ကမ်းခြေဆီသို့ အပြေးလာနေသည် ကိုတွေ့ရသည်။ ကမ်းခြေတွင် ကျောက်ဆောင် ကျောက်တုံးတွေရှိနေသည်။ ဟော . . . လှိုင်းလုံးကြီးသည် ကျောက်ဆောင်နှင့် ဝုန်းခနဲထိရိုက်လိုက်ချေပြီ။ ပင်လယ်ရေတို့သည် ကျောက်ဆောင်အနှံ့အပြားတွင် ရေပွက်၊ ရေပလုံစီများ ဖြစ်သွားကြပေပြီ။ လှိုင်းလုံးလည်းပျောက် ရေပလုံစီတွေလည်း ပျောက်သွားကြပြန်ပြီ။ ဟော . . . နောက်ထပ်လှိုင်းလုံးတွေလာပြန်ပြီ။ ဟော. . . ကျောက်ဆောင်နှင့်တိုက်ပြီး ရေပွက်တွေဖြစ်သည်။ ရေပွက်တွေ ပျောက်သွားပြန်သည်။ စေ့စေ့ကြည့်လျှင် ကျောက်ဆောင်သည် အခံဓါတ်၊ အခံရုပ်၊ တစ်နည်းအားဖြင့် အတွင်းအာယတန ဖြပါး၊ ရေလှိုင်းသည် အတိုက်ဓါတ်၊ အတိုက်ရုပ်၊ တစ်နည်းအားဖြင့် အပြင် အာယတန ဖြပါး။ အခံဓါတ်နှင့် အတိုက်ဓါတ်တို့ ထိခိုက်(ထိတွေ့)သည့်အခါ ရေပွက်တွေဖြစ်လာသည်။ ပြီးတော့ ရေပွက်တွေ ပျက်သွားသည်။ ကျွန်တော်သည် ''ရေပွက်ပမာ ငါးခန္ဓာ''ဆိုသည့် တရားကို သတိရမိ သည်။ တကယ်တော့ ရေပွက်တွေသည် ခန္ဓာငါးပါးနှင့် တူလှသည်။ အပြင်အာယတန ဖြပါး(အတိုက်ဓါတ်) ဖြစ်သည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ ကြံစည်တွေးတော



www.burmeseclassic.com

www.burmeseclassic.com



မှုတို့သည် အတွင်းအာယတန ၆ပါး (အခံဓါတ်)ဖြစ်သည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို တိုက်သည့်အခါ ရေပွက်နှင့်တူသည့် ခန္ဒါငါးပါး ဖြစ်ပေါ်လာလေသည်။ ခန္ဒါငါးပါးဟူသည် နကိုကမရှိ။ ခန္ဒါငါးပါးကို ဖြစ်စေသောအကြောင်းတွေ တိုက်ဆိုင်မှုဖြစ်လာသည်။ တိုက်ပြီးတော့လည်း မရှိတော့။ မရှိသည်ကို မြင်တတ်မှ အနိစ္စလက္ခဏာကို မြင်ရမည်၊ အနိစ္စတွေ ခဏခဏမြင်ရမှ ဒုက္ခ၏သဘာဝကို နားလည် မည်၊ အနိစ္စနှင့် ဒုက္ခလက္ခဏာကို မြင်တတ်လာလျှင် အစိုးမရသည့် အနတ္တ လက္ခဏာဓါတ်သဘောကို ခွဲခြားသိလာမည်။ သို့မှ ဒုက္ခသစ္စာ ၏အပိုင်းကို ရှုမြင်တတ်လာပေမည်။ ထို့ကြောင့် ရေပွက်နှင့် တူသော ခန္ဒါငါးပါးကို မြင်အောင်ကြည့်ရပေမည်။ ကျောက်ဆောင် တွေ၊ ပင်လယ်ရေလှိုင်းတွေ ကြည့်နေလို့ကတော့ အရာရာသည် မပြောင်းမလဲ မြဲနေသည်ဟု အတွေးအထင်တွေ အမြဲဖြစ်ပေါ် နေပေလိမ့်မည်။ ရေလှိုင်းနှင့်ကျောက်ဆောင်တို့၏ ထိရိုက်မှု ကြောင့် ဖြစ်ပေါ်လာသည့် ခဏလေးသာထင်ရှား ပေါ်လွင်လိုက် သည့် ရေပွက်များကို ကြည့်တတ်မှ ခန္ဒါငါးပါး၏သရုပ်ကို ခွဲခြားနိုင်ပေမည်။ ခန္ဒါငါးပါး ဖြစ်ပေါ်လာခြင်းသဘာဝ၊ ခန္ဒါငါးပါး ပျက်စီး သွားခြင်း၏ သဘာဝကို နားလည်လာပေမည်။ ခန္ဒါငါးပါး ၏ သဘာဝ၊ လက္ခဏာတွေကို နားလည်သိမြင်မှသာ ငါ. . . ငါကောင်တည်းဟူသော သက္ကာယဒိဋ္ဌိ အစွဲအလန်းတွေ ဝေးကွာ လွင့်စင်သွားပေမည်။





ကျွန်တော်က ရေပွက်တွေကို လှမ်းကြည့်ရင်းမှ ကျွန်တော်ဖတ်မှတ်လေ့ကျင့်ခဲ့သောတရားတွေနှင့် ယှဉ်ကာ လက်တွေ့မြင်နေရသော မြင်ကွင်းနှင့်ဆက်စပ်၍ ဦးဇင်းလေးအား ပြောပြလျှောက်ထားလိုက်သောအခါ ဦးဇင်းလေးက ခေါင်းတညိတ် ညိတ်ဖြင့် နားထောင်နေပုံကိုလည်း ကျွန်တော် ပြန်မြင်ယောင် နေမိသည်။

တရားစခန်းပြီးဆုံး၍ ဆိတ်ငြိမ်ကျွန်းမှ ပြန်လည် ထွက်ခွာလာသောအခါ၌ ဦးဇင်းလေးက ကျွန်တော့်ကို ဘော့ဆိပ်အထိ လိုက်ပို့သည်။ ဦးဇင်းလေးရှိရာ ဆိတ်ငြိမ်ကျွန်းမှ ထွက်ခွာမီ ဦးဇင်းလေး ပြောလိုက်သော စကားတွေသည် ကျွန်တော် စီးနင်းလာသော လေယာဉ်ပျံပေါ်အထိ လိုက်ပါလာ လေသည်။

"ဦးဇင်းက ဒကာကြီးလို တရားတွေစုံအောင် မလေ့လာ ဘူးသေးတော့ အရင်လူ့ဘဝတုန်းက သီချင်းတွေထဲက စာသား တွေနဲ့ပဲ ကောက်နုတ်ပြီးပြောရမှာပေါ့လေ။ ဒကာကြီး ဟိုသီချင်း ကြားဖူးမှာပေါ့။ စိုင်းထီးဆိုင်ရဲ့ အချစ်အတွက် တစ်ဖန်မွေးဖွားခြင်း ဆိုတဲ့ သီချင်းလေ။ တကယ်တော့ ဦးဇင်းဟာ မဟာဆိုတဲ့ လူ့ဘဝကတည်းက မဟာရဲ့ချစ်သူဆရာဝန်မလေးနဲ့အတူ သေသွားဖို့ကောင်းတာပါ။ ဒါပေမယ့်မသေခဲ့ဘူး။ လူတော့ မသေခဲ့ ဘူးပေါ့လေ။ ဒါပေမယ့် လူ့ဘဝကတော့ သေဆုံးသွားပြီလို့ ဆိုရ မယ်။ အခုရဟန်းဘဝရနေပြီ မဟုတ်လား။ ဒါဟာ ဦးဇင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်မွေးဖွားမှုတစ်ခုပဲ။ ဒီမွေးဖွားမှုကလည်း သီချင်းထဲကလိုဆိုရင် အချစ်အတွက် တစ်ဖန်မွေးဖွားခဲ့ခြင်းလို့ ဆိုရင်လည်း ရမယ်ထင်တယ်။ ဦးဇင်း အခု ပြန်လည်မွေးဖွားသလိုဖြစ်လာတော့ ပြန်ကြည့်လိုက်တဲ့အခါ ကမ္ဘာလောကကြီးက အသစ်လိုဖြစ်နေတယ်။ သီချင်းထဲကအတိုင်း နေမင်းရဲ့အလင်းရောင်ဟာ မနေ့ကလို မပူတော့ဘူးပေါ့။ ငှက်တွေရဲ့ သီချင်းဆိုသံဟာလည်း မနေ့ကလို မဆူတော့ဘူးပေါ့။ ဒီအချိန်မှာ ဦးဇင်းလက်ဖျံရိုးက ဒဏ်ရာကိုကြည့်ရင် မဟာဆိုတဲ့ လူ့ဘဝတုံးကချစ်သူကို သတိရလာတယ်။ သီချင်းထဲမှာတော့ သူ့မျက်နှာစမြင်လိုက်ကတည်းက စပြီး ငါသည်အချစ်အတွက် တစ်ဖန်မွေးဖွားခဲ့ပြီလို့ပါတယ်။ ဒီသီချင်းတစ်ပုဒ်လုံးဟာ ဦးဇင်းရဲ့ဘဝနဲ့ တော်တော်များများ တိုက်ဆိုင်နေတယ်။ ဆရာစိုင်းခမ်းလိတ်ရဲ့ စာသားတွေကို ဦးဇင်း သိပ်ကြိုက်တယ်။ **အားသစ်အင်သစ်တွေ ဆောင်ကြဉ်းပေးခဲ့လို့ငါသည် တို့၊ မျှော်လင့်ခြင်းတွေ ရင်မှာ ပြန်ခိုင်မာလာတို့၊ ဒီဘဝကို အရှုံးမပေးတော့ဘူးလို့ တို့၊ ငါ့နှလုံးသားတစ်ချက် ခုန်လိုက်တိုင်းသည် မနေကနဲ့ကွာ၊ မနေ့ကလို မနာတော့ပြီ တို့၊** ဒီစာသားတွေအားလုံးဟာ ဦးဇင်းဘဝနဲ့ အကုန်လုံးနီးပါး တိုက်ဆိုင်နေတယ်။ ဦးဇင်းခံစားချက်တွေနဲ့ အကုန်လုံးနီးပါး ထပ်တူထပ်မျှ ဖြစ်နေတယ်။ ဦးဇင်းမှာ အခုတော့ အားသစ်ခွန်သစ်တွေရခဲ့ပါပြီ။ အဲဒါကတော့ ဗုဒ္ဓရဲ့အဆုံးအမ ဓမ္မခွန်အားတွေပါပဲ။ ချစ်ခြင်းကြောင့်ကွေကွင်းရတဲ့ ဒုက္ခကို ဦးဇင်း



…တော်ကြောက်သွားပြီ။ ဦးဇင်း အခု **ဆုံးဖြတ်ထားပါကြောင်း** …သင်္ကန်းဟာ ဦးဇင်း ဒကာမ ဆရာဝန်မလေးက အသက်နဲ့ …တွေလှူဒါန်းခဲ့တဲ့သင်္ကန်းလို့ ဦးဇင်းမှတ်ယူထားပါတယ်။ ဒီတော့ ယောကျ်ားတစ်ယောက်ရဲ့ ကတိအတိုင်းသွားလေသူရဲ့ဆန္ဒကို ဖြည့်စွမ်းသောအားဖြင့် ဒီသင်္ကန်းကို အသက်ထက်ဆုံး မြတ်မြတ်နိုး ဝတ်ဆင်သွားဖို့ ဦးဇင်းသံနိဋ္ဌာန်ချလိုက်ပါပြီ။ သာသနာတော်ရဲ့အသက်ဟာ ဝိနည်းဆိုတာကိုလည်း ဆရာသမားတွေဆုံးမလို့ ဦးဇင်းတော်တော်သဘောပေါက်ခဲ့ပါပြီ။ ဒီတော့ ဒီသင်္ကန်းကို ဝတ်ဆင်နေသူ သံဃာတစ်ပါးမှာရှိသင့်ရှိအပ်တဲ့ အရည်အချင်းတွေ လိုက်နာစောင့်ထိန်းသင့်တဲ့ စည်းကမ်းတွေ၊ ဘုရားသားတော်ပီသဖို့အတွက် ဘုရားအဆုံးအမနဲ့အညီ ကျင့်ကြံအားထုတ်သင့်တာတွေလည်း အသက်ထက်ဆုံး ဆောင်ရွက်သွားဖို့ ဦးဇင်း ဆုံးဖြတ်ပိုင်းဖြတ်လိုက်ပါပြီ''

သာဓု ၊ သာဓု ၊ သာဓုပါဘုရားဟု ကျွန်တော် သာဓု သုံးကြိမ်ခေါ်မိပါသည်။ ဦးဇင်းလေး၏ ခိုင်မာပြတ်သားလှသော သံနိဋ္ဌာန်စကားတွေကို ကြားမိရင်းမှ ဦးဇင်းလေးအပေါ်လည်း ကြည်ညိုမိရသည်။ ကျွန်တော့်အပေါ် ဆုံးမလိုက်သော သူ့စကားတစ်ခွန်းကိုလည်း ကြားယောင်မိပြန်ပါသည်။

''ဒကာကြီး ... ကိစ္စတစ်ခုခုကို တတိတိနဲ့ မပြတ်မသား အရှည်လုပ်နေမယ့်အစား ပြတ်ပြတ်သားသားနဲ့ တစ်ခါတည်း ဆုံးဖြတ်လိုက်စမ်းပါ''



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကျင်လည်နေရသော လောကဓံတရားက ဦးဖင်းလေးလောက် မပြင်းထန်သေး၍ လားတော့မသိ။ တွန်းအား ကလည်း ပျော့နေ၍လားတော့မသိ။ ကျွန်တော်သည် ဦးဖင်းလေး ဆုံးမသည့်အတိုင်း ဖြစ်နေ ပါသည်။ ဟော . . . ပြောရင်း ဆိုရင်း အာရုံကိုလေသာ တစ်ခုက ကျွန်တော့် အကြားအာရုံတွင် ထင်လာ ပြန်ပါသည်။ အခြားမဟုတ်။ စိုင်းထီးဆိုင်အသံဖြင့် ''အချစ်အတွက် တစ်ဖန်မွေးဖွားခဲ့ခြင်း'' သီချင်း . . .

Verse:I
နေမင်းရဲ့ အလင်းရောင်သည်လည်း
မနေ့ကနဲ့မတူ
မနေ့ကလို မပူတော့ပြီ
အားသစ်အင်သစ်တွေ ဆောင်ကြဉ်း
ပေးခဲ့လို့ငါသည်
အချစ်အတွက် တဖန်မွေးဖွားခဲ့ပြီ

Verse:II
ငှက်ကျေးရဲ့ သီချင်းသံတွေလည်း
မနေ့ကနဲ့မတူ
မနေ့ကလို မဆူတော့ပြီ
အတွေးသစ် အမြင်သစ်တွေ ဆောင်
ကြဉ်းပေးခဲ့လို့ငါသည်
အချစ်အတွက် တဖန်မွေးဖွားခဲ့ပြီ





Cho:
မျှော်လင့်ခြင်းတွေရင်မှာ ပြန်နိုင်မာလာ
မာန်မာနတွေရင်မှာ ပြန်ရှင်သန်လာ
ဒီဘဝကို အရှုံးမပေးတော့ဘူးလို့

Verse:III
ငါ့နှလုံးသားတစ်ချက် ခုန်လိုက်တိုင်း
သည်
မနေ့ကနဲ့ကွာ
မနေ့ကလို မနာတော့ပြီ
သူ့မျက်နှာ ခဏမြင်လိုက်ကတည်း
က စပြီးငါသည်
အချစ်အတွက် တဖန်မွေးဖွားခဲ့ပြီ ..

သီချင်းကား ကျွန်တော့်အာရုံထဲတွင် အဆုံး မသတ်သေး ပါ။ သို့သော် ဟိုးရှေ့မှာ မိုးငွေ့တွေ ကြားထဲ၌ ရန်ကုန်လေဆိပ်ကို ...မ်းတွေ့နေရပြီဖြစ်သဖြင့် ကျွန်တော်၏ ဆိတ်ငြိမ်ကျွန်း တရား ...ခန်းအပြန်ခရီးစဉ်မှာမူ မကြာမီအဆုံးသတ်ရတော့မည် ဖြစ်ပါသည်။

(အပွမာဒ မဲ့မှရသမဂ္ဂဇင်း အတွဲ(၁) အမှတ် (၈) မှ)



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းခြင်းဟူသော သဘောထဲ၌ (ကျွန်တော်)အပြီးတိုင် ပျော်ဝင်စီးဆင်းခွင့်ရရှိသွားမည်ဖြစ်ပါသည်။ ထိုအခါ (ကျွန်တော်)ဆိုတာကြီးလည်း ရှိတော့မည်မဟုတ်ပါ။ (ကျွန်တော်)ဆိုတာလည်း ဖြစ်ပေါ်လာတော့မည်မဟုတ်ပါ။ ဘဲ- ဘယ်လောက်ရှင်းသွားလိုက်မလဲ ... ဘယ်လောက် အေးသွားလိုက်မလဲ ...။

## (ငြိမ်း)ကို နားလည်ခြင်း

အကယ်၍ ယခုနေသာ ကျွန်တော်သေဆုံးသွားခဲ့လျှင် ကျွန်တော်၏နာရေးကြော်ငြာသည် သတင်းစာ စာမျက်နှာ(၁၅)တွင် အောက်ပါအတိုင်းပါရှိလာမည် ဖြစ်ပါသည် -

ဗိုလ်မှူးမြသန်းစံ (ငြိမ်း)
(သီချင်းရေးဆရာ၊ စာရေးဆရာ)
အသက် (  ) နှစ်



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်အောက်ဘက်တွင် သတင်းစာ စာမျက်နှာ၏ ၂ လက်မ ၁ ကော်လံနေရာကလေးအတွင်း၌ ကျွန်တော့်ဖခင်၊ မိခင်၊ ဇနီး၊ သားသမီးတို့၏အမည်များ၊ ဆွေမျိုးမိတ်သင်္ဂဟတို့၏ အမည်များ၊ ကျွန်တော်သေဆုံးသည့်ရက်၊ နေရာ၊ အချိန်၊ သင်္ဂြိုလ်မည့် သုသာန်၊ သင်္ဂြိုလ်မည့်အချိန် စသည့် စာလုံးပွိုင့်သေးသေးကလေးများကို ပုံနှိပ်ဖော်ပြထားမည်ဖြစ်ပါသည်။

ထိုနာရေးကြော်ငြာကို ဖတ်ရှုရသောအခါ ကျွန်တော်နှင့်သိသူ၊ ပတ်သက်ခဲ့သူတို့က အိမ်သို့ဖုန်းတွေ တဂွမ်ဂွမ်ဆက်၍ သတင်းမေးကြလိမ့်မည်။ ကျွန်ုပ်ရစ်သူတို့ကို ဖြေသိမ့်စရာစကားတွေ ပြောကြလိမ့်မည်။ အားပေးစကားတွေ ပြောကြား၍ နှစ်သိမ့်ကြလိမ့်မည်။

ကျွမ်းကျွမ်းဝင်ဝင် မသိခဲ့သူတို့ကမူ ကျွန်တော့်နာရေးကြော်ငြာကိုဖတ်ရင်းမှ မှတ်ချက်အမျိုးမျိုးချကြပါလိမ့်မည်။

''ဘယ်လိုဖြစ်သွားတာလဲ မသိဘူးနော်၊ အရွယ်ကောင်းတုန်းမှာ နှမြောစရာ''

''ဟိုနေ့ကပဲ သူရေးခဲ့တဲ့သီချင်းတစ်ပုဒ် တီဗွီကလွှင့်သွားသေးတယ်၊ ဖြုန်းစားကြီးပဲ''

''သူ့ဘာသာရေးစာအုပ်တွေက လူတွေတော်တော်ဖတ်ကြတာ''

''ငါက အစက ဒီလူပုံစံတစ်မျိုးနဲ့ သည်လိုင်းထဲဝင်ပြီး ဘာတွေမွှေနှောက်အုံးမလဲ မသိဘူးလို့ သံသယဖြစ်နေတာ သူ့စာအုပ်တွေကို အကုန်ဖတ်ကြည့်လိုက်တော့မှ သူ့ရဲ့စိတ်နေ





သဘောထားကို နားလည်သွားရတာ – သွားပါပြီ အခုတော့ သူ့စာတွေ မဖတ်ရတော့ဘူးပေါ့''

''သူက သီချင်းရေးတုန်းကလည်း အကောင်းသားအနုပညာအားကောင်းတာကိုး ၊ စာရေးတော့လည်း ဖတ်ရအကောင်းသား ရသမြောက်တယ်နော်။ သူက တကယ်ကိုယ်တွေ့ကျင့်နေတာကိုး၊ ဒါကြောင့်မို့ရေးနိုင်တာပေါ့ ၊ ဘာသာရေးစာပေဆိုတာ စိတ်ကူးယဉ်ရေးလို့မှမရတာ၊ တကယ်တရားအားထုတ်မှ ရေးနိုင်တာဟ –''

ကျွန်တော့်အကျိုးလိုလားသူများ၏ သဘောထားမှတ်ချက်များဖြစ်နိုင်ပါသည်။ ဤသည်မှာ 'ပသံသာ' ဟူသော 'ချီးမွမ်းခြင်း လောကဓံ' တစ်မျိုးဟု ကျွန်တော်နားလည်ထားရမည်ဖြစ်ပါသည်။

ဟော–နောက်ထပ်အသံတွေ ထွက်ပေါ်လာပြန်ပါပြီ . . .

''ကောင်းတယ် . . . ဒီကောင်သေမှအေးမယ်။ ဘာသာရေးယောင်ယောင်၊ ဘာယောင်ယောင်နဲ့ စိတ်ကူးတည့်ရာလျှောက်လုပ်နေတဲ့ကောင်၊ အခုတော့ ကိစ္စချောပြီ၊ ဝမ်းသာလိုက်တာ . . .''

''အေးလေ သူ့ကိုယ်သူပဲ တကယ့်သူတော်ကောင်းကြီးအသံနဲ့ ရေးနေ ပြောနေလိုက်တာ၊ အခုတော့ သူ့စရိတ်နဲ့သူသွားရောမဟုတ်လား''

''အလကားပါကွာ၊ ဘာသာရေးအကြောင်းပြပြီးလူတကာ့အပေါ်စီးယူချင်နေတာပါ၊ တောထွက်တာလည်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးဝတ်သွားတာလည်းမဟုတ်၊ မိန်းမတွေ သားသမီးတွေ ကာမဂုဏ်အာရုံတွေမှာ အတုံးလိုက် အတစ်လိုက်ပျော်ပါးနေတ ကောင်ကများ''

''မှိုင်းတိုက်နေတာပါကွာ၊ ဒီကောင်က စိတ်ကျရော ရှိတယ်၊ သူစိတ်ဓာတ်ကျတာနဲ့ ကျန်တဲ့လူတွေကိုပါ သံဝေ ရသယောင် ဟန်ဆောင်ပြီး စိတ်ကျစေတဲ့ စာတွေရေးနေတာ

''စတန့်အမျိုးမျိုးထွင်နေတာပါကွာ၊ သီချင်းမရေးဘူး ဘာမလုပ်ဘူး၊ ညာမလုပ်ဘူးနဲ့ ပရိသတ်စိတ်ဝင်စားအော အမျိုးမျိုးလှည့်ပတ်ပြောနေတဲ့ကောင်– ခုတော့အေးရော''

ကျွန်တော့်အကျိုးမလိုလားသူတို့၏ သဘောထာ မှတ်ချက်များဖြစ်နိုင်ပါသည်။ ဤသည်မှာ ''နိဗ္ဗာ''ဟူသေ ''ကဲ့ရဲ့ခြင်းလောကဓံ'' တစ်မျိုးဟု ကျွန်တော်နားလည်ထားရမည် ဖြစ်ပါသည်။

မည်သူတွေက မည်သို့ပင်ချီးမွမ်းပါစေ၊ မည်သူတွေက မည်သို့ပင်ကဲ့ရဲ့ပါစေ ထိုအချိန်တွင်ဖြစ်နေမည့် ''မြသန်းစံ''ဟူသေ ကျွန်တော့်အမည်တပ် ''အလောင်းကောင်''ကြီးကတော ထိုအသံများကို ထ၍ခံစားနိုင်မည်မဟုတ်တော့ပါ။ နှလုံးသွင်းနို မည် မဟုတ်တော့ပါ။ ဝမ်းနည်းဝမ်းသာလည်း ထ၍ဖြစ်မည် မဟုတ်တော့ပါ။ သည်ဘဝအတွင်း၌ ကျွန်တော်ပြုခဲ့သည့်ကုသိုလ် အကုသိုလ်ကံတွေကြောင့် ယခုလက်ရှိ ကျွန်တော်သည်ပင်လျှ ထိုအချိန်၌ မည်သည့်ရုပ်–နာမ်အသစ်တွေ ထပ်ရနေမည်ပ မသိနိုင်ပါ။





ကျွန်တော်သေဆုံးသွားခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးတရားပေါင်းစုံအနက် ကျွန်တော်စိတ်အဝင် စားဆုံး အချက်တစ်ချက်ရှိနေပါသည်။ အခြားမဟုတ်ပါ။

ကျွန်တော့်နာမည်နှင့်ယှဉ်တွဲလျက် ကျွန်တော့်နာမည် နောက်နားတွင် ကပ်လျက်သားပါလာသည့်၊ (ငြိမ်း)ဆိုသော စကားလုံးကလေးပင်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ကျွန်တော်သည် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်း နယ်ပယ်မှ အနားယူ၊ အငြိမ်းစားယူခဲ့ပြီဖြစ်သဖြင့် ကျွန်တော်၏ အမည်နံ့ဘေးတွင် (အငြိမ်းစား) ဟူသော စကားအစုအဝေး အတို ကောက်အားဖြင့် (ငြိမ်း)ဆိုသော စကားလုံးကလေးကို လောက ဝေါဟာရသတ်မှတ်ချက်အနေဖြင့် ကျွန်တော်ရရှိနေပြီဖြစ်ပါသည်။

(ငြိမ်း)ဆိုသော စကားလုံးကလေးက ကျွန်တော့်ကို အဓိပ္ပါယ်ပါသော မျက်လုံးအစုံဖြင့် လှမ်းကြည့်နေသည်ဟု ကျွန်တော်ထင်သည်၊ (ငြိမ်း)နှင့်ပတ်သက်၍ အတွေးမျှင်စတွေသည် ကျွန်တော့်အာရုံတွင် တသီတတန်းကြီး နေရာယူလာပေပြီ။ သို့ အတွက်ကြောင့်ပင် ဤဆောင်းပါးကို ကျွန်တော်ရေးဖြစ်သွားခြင်း ဖြစ်ပါလိမ့်မည်။

⁂ ⁂ ⁂

ဘာကြောင့်မှန်းတော့မသိ။

ကျွန်တော်သည် 'ငြိမ်း'ဆိုသည့် စကားကလေးကို ငြိတွယ်စွဲမက်နေသည်မှာ ကြာခဲ့ပေပြီ။ မှတ်မှတ်ရရ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်စဉ်းစားတတ်စအရွယ်က စသည်ဟုထင်ပါသည်။ 'ငြိမ်း'ဆိုသောစကားလုံးကလေးကို ကျွန်တော်ကြိုက်နှစ်သက်လွန်းသဖြင့် မိခင်ဖခင်တို့ပေးထားပြီးဖြစ်သော 'မြသန်းစံ' ဆိုသည့် ကျွန်တော့်နာမည်ထဲတွင် 'ငြိမ်း'ဆိုသော စကားလုံးကလေးကို မရအရထည့်သွင်း၍ နာမည်ပြင်ကြည့်ဖို့အထိပင် ကျွန်တော်ကြံစည်ကြိုးစားခဲ့ဘူးပါသည်။ သို့သော်အထမမြောက်ခဲ့ပါ။ ထို့ကြောင့်ပင် ကျွန်တော့်နာမည်သည် အမေ၊အဖေမှည့်ခေါ်ထားသည့်အတိုင်း ဆက်လက်တည်ရှိနေခြင်းဖြစ်ပါသည်။

သို့သော် ကျွန်တော်မလျှော့ပါ။

'ငြိမ်း'ကိုချစ်သော အမြုတေက ကျွန်တော့်နှလုံးသားတွင် ခိုင်မာစွာ အမြစ်တွယ်နေပြီဖြစ်သည်။ ကျွန်တော့်တွင် သမီးတစ်ယောက်ရလာတော့ သမီး၏နာမည်တွင် 'ငြိမ်း'ကို မရရအောင်ထည့်သွင်းမှည့်ခေါ်ပါသည်။ ဤသည်မှာ ကျွန်တော့်လုပ်ပိုင်ခွင့်ပေပဲ။ ကျွန်တော်သည် ကျွန်တော်၏လုပ်ပိုင်ခွင့်ကို အပြည့်အဝအသုံးချခဲ့ပါသည်။ ကံအားလျော်စွာ သမီးကလည်း တနင်္လာသမီးဖြစ်နေသဖြင့် 'ငြိမ်း'သည် နေ့သင့်နံသင့်ဖြစ်နေပြန်ပါသည်။ သို့နှင့်သမီးကြီးအမည်ကို 'ငြိမ်း'စကားလုံး ၂လုံးထပ်ပင်ထည့်သွင်းမှည့်ခေါ်လိုက်ပါသေးသည်။ သမီးကိုကင်ပွန်းတပ်မင်္ဂလာပြုလုပ်ရင်းမှ ကျွန်တော် အာရုံပြုဆုတောင်းခဲ့ပုံကိုလည်း အမှတ်ရမိပါသေးသည်။

''ငြိမ်းအေးတဲ့ တရားဓမ္မတွေကို ခိုင်ခိုင်မြဲမြဲနဲ့ ငြိမ်းငြိမ်းချမ်းချမ်းခံစားနိုင်ပါစေ သမီးကြီး ' **နိုင်ငြိမ်းငြိမ်းစံ** ' ''

သည့်နောက် ကျွန်တော်သားတစ်ယောက်ရလာပြန်ပါ





သည်။ သားငယ်သည်လည်း တနင်္လာသားဖြစ်နေပြန်သဖြင့် ကျွန်တော်၏ 'ငြိမ်း' စကားလုံးထည့်သွင်း မှည့်ခေါ်နိုင်ရေး စိတ်ကူးအကြံအစည်သည် ဒုတိယမ္ပိအကောင်အထည်ဖော်နိုင်ခဲ့ပြန်ပါသည်။ **ကျွန်တော် အာရုံပြုဆုတောင်းခန်းဖွင့်ရပြန်ပြီ။**

''ကောင်းမြတ်တဲ့ တရားဓမ္မတွေကို ငြိမ်းအေးစွာ ခံစားစံစားနိုင်ပါစေ သားငယ် '**ကောင်းငြိမ်းစံ**' ''

ဤသို့အားဖြင့် ကျွန်တော့်ရင်ထဲတွင် အငုပ်ဓါတ်ကလေးအဖြစ် ကိန်းဝပ်နေသော 'ငြိမ်း'သည် ကျွန်တော့်မိသားစုဝင်များ၏နာမည်များ၌ ကျွန်တော့်ဆန္ဒအတိုင်း ထည့်သွင်းမှည့်ခေါ် အမည်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ တနည်းအားဖြင့် ကျွန်တော်သည် 'ငြိမ်း'နှင့်တဖြည်းဖြည်းနီးလာပြီဟု ခံစားနေရသည်။

ဟောကြည့် ... သီချင်းတွေ အပုဒ်ပေါင်းများစွာရေးသားခဲ့စဉ်ကလည်း 'ငြိမ်း'နှင့်ပတ်သက်၍ ထူးခြားခဲ့တာကိုသည်းကြည့်ဦး။ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်၌ ကျွန်တော်ရေးခဲ့သော အကျိုးပြုသီချင်းများစွာအနက် ပထမဦးဆုံးသီချင်းမှာ ''ဘာဝရငြိမ်းချမ်းရေး''သီချင်းဖြစ်ပြီး၊ နောက်ဆုံးသီချင်းမှာ ''ငြိမ်းချမ်းရေးပန်းခင်း''ဖြစ်နေပြန်ပါသည်။ 'ငြိမ်း'နှင့်စ၍ 'ငြိမ်း'နှင့်ဆုံးခဲ့သည့်သီချင်းရေးသူတစ်ဦး၏ စိတ်ကူးများဟု ဆိုရလေမည်လားမသိ။ ''ငြိမ်းချမ်းရေးပန်းခင်း''၏နောက်တွင် ကျွန်တော်သီချင်းတစ်ပုဒ်မှ မရေးဖြစ်တော့ခြင်းသည်လည်း ကျွန်တော်ကိုယ်ကျွန်တော် အသိဆုံးဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် သုဝဏ္ဏသျှံတောင်ပေါ်တွင် တွေ့ဆုံခဲ့ပြီးနောက် ကျွန်တော်သည် လှုပ်ခါယိမ်းထိုးနေသော ဘဝပုံရိပ်၊ ဘဝအမြင်များမှသည် တည်ငြိမ်အေးချမ်းသော ဘဝပုံရိပ်ကို အားကျခုံမင် အကောင်အထည်ဖေါ်လိုသော စိတ်တွေကိန်းဝပ်လာသောအခါ ကျွန်တော့်ဘဝသည် တစ်ဆစ်ချိုးပြောင်းလဲသွားပါတော့သည်။ သည်တစ်ဆစ်ချိုးကွေ့ကြီးက လျင်မြန်လွန်းလှသဖြင့် ဘေးကလူတွေမယုံနိုင်တာမပြောနှင့်။ ကျွန်တော်ပင်လျှင် ကျွန်တော့်ကိုယ်ကို မယုံချင်ချင် ဖြစ်ခဲ့ရဘူးပါသည်။ ယခုတော့လည်း နှစ်တွေကြာညောင်းလာပြီဖြစ်သဖြင့် ကျွန်တော်သည် ဘဝပုံစံအသစ်တစ်ခု၌ နေသားတကျဖြစ်နေပေပြီ။

ဩော် ... ပြောချင်တာတစ်ခုကျန်ရှိနေပါသည်။

ဘဝတစ်ဆစ်ချိုးကွေ့ ပြောင်းလဲသွားနိုင်လောက်အောင် ကျွန်တော့်ကို 'ငြိမ်း'အေးသော တရားဓမ္မတို့ဖြင့် ကျွန်တော့်စိတ်နှလုံးအိမ်ကို ငြိမ်သက်ငြိမ်းချမ်းစေခဲ့သော ကျေးဇူးရှင်မဟာစောဓိမြိုင်ဆရာတော်ဘုရားကြီး၏ လူ့ဘဝတုန်းက နာမည်မှာ "ဦးငြိမ်း" ဖြစ်နေပြန်ပါသည်။

ဤသို့ဖြင့် ကျွန်တော့်စိတ်ထဲ သန္ဓေတည်စွဲမြဲခဲ့သော ကျွန်တော့်ဘဝပုံရိပ်တွေနှင့်ဆက်စပ်ခဲ့သော ကျွန်တော့်ဘဝအတွေးအမြင်ပြောင်းလဲခဲ့သည့် အတိတ်ဖြစ်စဉ်တွေနှင့် ဆက်စပ်ခဲ့သော 'ငြိမ်း'ဆိုသော စကားလုံးလေး၏အတိုင်းအတာ ကျယ်ပြန့်မှုကို ကာယကံရှင်ဖြစ်သူ ကျွန်တော့်အနေဖြင့် တစ်စတစ်စပို၍ သတိထားလာမိပါသည်။





ယခုလည်းကြည့်။

'ငြိမ်း'သည် ကျွန်တော့်ဘဝအတွင်းသို့ ပုံစံတစ်မျိုးဖြင့် ဝင်ခစားလာနေပြီဖြစ်သည်။ သို့သော် 'ငြိမ်း'သည် ယို့ယို့ကလေး။ ကျွန်တော့်နာမည်နှင့် 'ငြိမ်း'အကြားတွင် ကွင်းစကွင်းပိတ်တွေခံနေသည်။

တစ်နည်းအားဖြင့်'ငြိမ်း'သည် ကျွန်တော့်အနီးသာရောက်နေသည်။ ကျွန်တော့်ကိုပိုင်ဆိုင်ခွင့် အပြည့်အဝမပေးသေးပေ။ ကွင်းစကွင်းပိတ်တည်းဟူသော ခြံစည်းရိုးတွေဖြင့် သူ့ကိုယ်သူကာရံထားသည်။ မည်သည့်အချိန်ရောက်မှ သည်ကွင်းစကွင်းပိတ်ခြံစည်းရိုးတွေ ကျိုးကျသွားမည်မသိပါ။ သို့သော် သည်ကွင်းစကွင်းပိတ်အတွင်း၌ 'ငြိမ်း'သည် သူ့အဓိပ္ပါယ်တွေကို ကျနော်ကြီးမားစွာလှစ်ဟပြသနေလေသည်။

※ ※ ※

<u>ငြိမ်းခြင်း ၊ မရှိခြင်းနှင့် မဖြစ်ပေါ်ခြင်း</u>

သည်စကားစုကလေးကို ကျွန်တော်သည် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း(ဒုတိယတွဲ) အခန်း(၆) နိဗ္ဗာနကထာ (စာမျက်နှာ-၃၃၇)၌ တွေ့ရှိခဲ့ပါသည်။ သည်အခန်းကလေးကို ကျွန်တော်နှစ်သက်လွန်း၍ အထပ်ထပ်အခါခါဖတ်သည်။ ကျွန်တော်၏လက်ရှိကျင့်ကြံအားထုတ်ဆဲသတိပဋ္ဌာန် တရားအတွေ့အကြုံနှင့်အသိအမြင်တို့ကို ဤအခန်းပါဆရာတော်ကြီး၏ ဖွင့်ဆိုချက်၊ ရေးသားချက်များနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ငြိမ်းခြင်း၊ မရှိခြင်းနှင့် မဖြစ်ပေါ်ခြင်းဟူသည် စိတ်ကူးဖြင့်သိနိုင်သောကိစ္စမဟုတ်ပေ။ လက်တွေ့ကျင့်ကြံ အားထုတ်မှုနယ်ပယ်မှဖြစ်ပေါ်လာသော ဉာဏ်ဖြင့်သာသိနိုင်သောအကြောင်းများဖြစ်ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးကလည်း (စာမျက်နှာ-၃၄၂)တွင် ဤသို့ဆက်လက်ဖွင့်ဆိုထားပြန်ပါသည်။

``ဖြစ်ထိုက်သော ကိလေသာ၊ ဘဝအသစ်ခန္ဓာတို့၏ ငြိမ်းခြင်း၊ မရှိခြင်း၊ စင်စင်မဖြစ်ပေါ်ခြင်းသဘောသည် စိတ်ကူးကြံစည်ရုံမျှဖြင့် သိအပ်သော အဘာဝပညတ်မဟုတ်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတသဘောတရားပါတကားဟူ၍လည်းကောင်း၊ ဂမ္ဘီရေလာ- နက်နဲသော သဘောတရားပါတကားဟူ၍လည်းကောင်း၊ ဒုဒ္ဒသောဝတ- မိမိ၏သန္တာန်၌ပြီးပြည့်စုံစေလျက်မြင်နိုင်ခဲသောတရားပါတကားဟူ၍လည်းကောင်း၊ အတက္ကာဝစရောဝတ- ကြံစည်ရုံမျှဖြင့် မရောက်နိုင်၍ ကြံစည်မှု၏ကျက်စားရာမဟုတ်သော သဘောတရားပါတကားဟူ၍လည်းကောင်း သဘောကျနိုင်ပါလိမ့်မည်။``

မငြိမ်သက်၊ လှုပ်ရှား၊ မငြိမ်းခြင်းကြောင့် ယောက်ယက်ခတ်ဗျာများကာ မတည်ငြိမ်လွန်းလှသော ရုပ်အစုအဝေး နာမ်အစုအဝေးတို့၏ ဖေါက်ပြန်ပြောင်းလဲလှုပ်ရှားနေပုံတွေကို ကျွန်တော်မကြာခဏတွေ့မြင် သတိထားနေမိပြီဖြစ်ပါသည်။ သို့သော် ထိုရုပ်၊ နာမ် အစုအဝေးတွေသည် ကျွန်တော့်အပေါ်အားမနာ၊ ပါးမနာ ဖေါက်ပြန်ချင်တိုင်း ဖေါက်ပြန်နေကြဆဲဖြစ်ပါသည်။ တစ်နည်းအားဖြင့် သည်ရုပ်၊ နာမ်တွေသည် မငြိမ်းသွားကြသေးပါ။ ရှိနေကြဆဲ





ဖြစ်ပါသည်၊ သို့သော် အသစ်အသစ်အဖြစ် ခေတ္တခဏလေးရှိသည် ဆိုရုံကလေးမျှရှိနေကြခြင်းဖြစ်ပါသည်။ ဖြစ်ပေါ်နေကြခြင်းဖြစ်ပါသည်။ သူတို့ကို ထိုင်ကြည့်နေရဖန်များလှပြီဖြစ်သဖြင့် ကျွန်တော်သည် အတော်အတန်ငြီးငွေ့နေပါပြီ။

သူတို့ကို ကျွန်တော်မကြည့်ချင်တော့ပါ။ သူတို့ကို ကျွန်တော်မမြင်ချင်တော့ပါ။ အာရုံလည်းမပြုချင်တော့ပါ။ ကြည့်နေ၊ မြင်နေရ၍လည်း ဘာမျှထူးလာမည်မဟုတ်တော့ပါ။ အာရုံပြုနေရ၍လည်း ဘာမျှထူးခြားသွားမည်မဟုတ်ပါ။ သို့သော် ကျွန်တော်ရှောင်လွှဲ၍မရပါ။ ကျွန်တော်မကြည့်ချင်လည်း ဆက်ကြည့်နေရမည်သာဖြစ်ပါသည်။ ကျွန်တော့်ဘက်ကတော့ ငြီးငွေ့မှုမှသည် ပြန်လည်သာယာသွားသည့်အခြေအနေသို့ ပြောင်းလဲမသွားဖို့ အမိကကျပါသည်။ ထိုအခါသူတို့(ရုပ်နာမ် ဖေါက်ပြန်မှုပြယုဂ်)ဘက်မှ ငြီးငွေ့နေသည့် ကျွန်တော့်အပေါ် ဆက်ပြနေလို့လည်း မထူးပါဘူးဟူသောကောက်ချက်ကို ချသွားကြလိမ့်မည်ထင်ပါသည်။ ထိုအခါတွင် သူတို့ဘက်မှလည်းရုပ်သိမ်း ကျွန်တော့်ဘက်မှလည်း စာရင်းတစ်ခါတည်း အပြီးရှင်းသွား . . ည့်အချိန်၌ . . . ။

ငြိမ်းခြင်းဟူသော သဘောထဲ၌ (ကျွန်တော်)အပြီးတိုင်ပျော်ဝင်စီးဆင်းခွင့်ရရှိသွားမည်ဖြစ်ပါသည်။ ထိုအခါ(ကျွန်တော်)ဆိုဘာကြီးလည်းရှိတော့မည်မဟုတ်ပါ။ (ကျွန်တော်) ဆိုတာလည်း ဖြစ်ပေါ်လာတော့မည် မဟုတ်ပါ။

ကဲ - ဘယ်လောက်ရှင်းသွားလိုက်မလဲ . . .



www.burmeseclassic.com

www.burmeseclassic.com


ဘယ်လောက် အေးသွားလိုက်မလဲ ...။

ထိုကဲ့သို့သော အခြေအနေတွင် ကျွန်တော်နှင့် (ငြိမ်း) အကြားတွင် ကွင်းစကွင်းပိတ်တည်းဟူသော ခြံစည်းရိုးကလေး လည်းခြားနိုင်မည်မဟုတ်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် (ငြိမ်း)၏ ကလျွေအပေါင်းပြည့်စုံရင့်ကျက်နေသော အဓိပ္ပါယ်အတွင်း၌ တစ်ပါတည်းပျော်ဝင်နစ်မြုပ်သွား၍ဖြစ်ပါသည်။

ယခုဤဆောင်းပါးရေးနေခြင်းသည်ပင်လျှင် စိတ်ကူး ကြံစည်မှုအတွင်း၌ အကျုံးဝင်နေသဖြင့် ''ငြိမ်းခြင်း''၏ရသကို ကျွန်တော်ခံစားခွင့်မရသေးပါ။ တစ်နည်းအားဖြင့် အနည်းငယ်မျှ သော လောကခံလှိုင်းတံပိုးတို့၏ဒဏ်ကို အတန်ငယ်ခံနိုင်စွမ်းရှိ လာသည်ကလွဲ၍ ကျွန်တော်သည် ထူးထူးခြားခြား''ငြိမ်းခြင်း''၏ ရသကိုမခံစားရသေးပါ။ မရှိတော့လျှင်ကောင်းမှာပဲဟု စိတ်ကူးမိ သော်လည်း ရှိနေသည့်အာရုံအချို့ကိုပင် ကျွန်တော်သည်ဝံ့ဝံ့စားစား မစွန့်ရဲသေးပါ။ မဖြစ်ပေါ်တော့လျှင်ကောင်းမှာပဲဟု စိတ်ကူးနေသော် လည်း ဖြစ်ပေါ်လာမည့်အချို့အာရုံတို့ကိုလည်းမျှော်လင့်နေမိတတ် ပြန်ပါသည်။ ဆိုရလျှင် အာရုံကိလေသာကို ကျွန်တော်သည်လက်ခံ သိမ်းပိုက်နေဆဲဖြစ်ပါသည်။

သို့သော်အချိန်မရှိတော့ပါ။

ဤဆောင်းပါးအစမှာလို ကျွန်တော်ရုတ်တရက်သေဆုံး သွားခဲ့လျှင် ကျွန်တော်ဘာတွေကို ယူသွားမည်နည်း။ သည်အာရုံ ကိလေသာတွေကို ကျွန်တော်ဖက်တွယ်၍ ဘဝသံသရာ ပင်လယ်ပြင် ကိုကူးခတ်ဦးမည်လော။ ကျွန်တော်ပြတ်ပြတ်သားသား ဆုံးဖြတ်ရ



တော့မည်ဖြစ်ပါသည်။

ဆိုရလျှင်(ငြိမ်း)ဆိုသော စကားလုံးသည် ကျွန်တော့်ဘဝ နှင့်ပတ်သက်နေသူများမှတစ်ဆင့်ကျွန်တော့်နာမည်နှင့်အနီးကပ်ဆုံး နေရာသို့ပင်ရောက်လာခဲ့ပြီဖြစ်ပါသည်။ အမှန်တကယ်တွင် ကျွန်တော်သည် လောကသားတို့၏သတ်မှတ်ချက်မျှတာအရ (ငြိမ်း)ကို စကားလုံးအဖြစ်ရနေခြင်းထက် (ငြိမ်း)၏သဘာဝအမှန်ကို ကျွန်တော်ပိုင်ဆိုင်ခွင့်ရဖို့က ပို၍အရေးကြီးပါသည်။ကွင်းစ ကွင်းပိတ်ခြံစည်းရိုးလေးကို ချိုးဖျက်ကာ ငြိမ်း၏အဓိပ္ပါယ်အတွင်း သို့ဘယ်သောအခါမှ စီးဝင်မျောပါသွားမည်နည်း။ ဤသည်မှာ ကျွန်တော့်အပေါ်၌သာ မူတည်ပါသည်။


(ငြိမ်း)ကမူ အဓိပ္ပါယ်ရှိသော သဘောတရား၊ ကလျွေ ရင့်ကျက်နေသော မျက်လုံးအစုံဖြင့် ကျွန်တော့်ကိုလှမ်းကြည့်နေပြန် ပါသည်။

(ငြိမ်း)က ကျွန်တော့်ကိုနားလည်သလောက် ကျွန်တော်က (ငြိမ်း)ကို အပြည့်အဝနားလည်ဖို့ အထပ်ထပ်အခါခါ ကြိုးစားနေရ ဦးမည်သာဖြစ်ပါသည်။

ပေါ်ပြူလာ (၃)နှစ်ပြည့်အထူးထုတ်မှ
(၂၆-၆-၂၀၀၀)


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ညှက် ၁၃ရက်ရောက်သောအခါ ပညာ၏အပိုင်းသို့ စိတ်သည် ...ဒိ်းသွတ်ကူးပြောင်းချင်လာပြီ။ သက္ကာယဒိဋ္ဌိသည်လည်း ...ပါးလာပြီ။ ငါနာတယ်။ ငါခံစားနေရတယ်။ ...ဘားမှတ်တယ်ဆိုသောအမြင်မျိုးလည်း ဝေးကွာလာပြီ။ ...မြင်သည် သမ္မာဒိဋ္ဌိဘက်သို့ ကူးပြောင်းစပြုကာ သုခ၊ ...သက် ဥပေက္ခာ၏ နူးညံ့သိမ်မွေ့မှုကို အာရုံအဖြစ် ...ယူတတ်စပြုလာသည်။

## ...ပလိဗောဓနှင့် မိတ်ဖွဲ့ခြင်း

ငြိမ်းအေးသော စိတ်အစဥ်တန်းတစ်ခုဖြစ်ပေါ်လာလုနီး ...င် သည်အတွေးထုကြီးက ရုတ်တရက်ဝင်ရောက်လာသည်။ ...လုဆဲစိတ်အခြေအနေ ပျက်ယွင်းသွားသည်သို့ရှိသည်။ ...ထဲမှာလှုပ်လာသည်။

ညှိသည်တော့ ညှိသည်ပါပဲ။ သို့ပေမယ့် မက်လုံးတွေ ...စ်ပွေ့တစ်ပိုက်ကြီးယူဆောင်လာသည့်အတွက် မဆင်မခြင် ...လိုက်သွားမိသည်။ညှိသည်ကြီးက စည်းရုံးနိုင်မည့်အခွင့်အရေး ...သည်နှင့်ကရားရေလွှတ် တတွတ်တွတ်ပြောတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



''မင်းထုတ်မယ့်မဂ္ဂဇင်းက အခုမှပထမဆုံးထုတ်မှာနော်
ဓမ္မလိုင်းဆိုပေမယ့် ဘယ်လိုပုံစံနဲ့ စာမူတွေရွေးချယ်မယ် ရေးသား
မယ်။ ဘယ်လိုတင်ပြမယ်ဆိုတာတွေ အများကြီးကွ။ ပြီးတော့
မင်းရှေ့မှာက နောင်တော်ဘာသာရေးမဂ္ဂဇင်းတွေ အများကြီးနော်
မင်းကိုယ်တိုင်လည်း ဌာနဆိုင်ရာဘာသာရေးမဂ္ဂဇင်းတစ်ခုကို
ကိုင်တွယ်ဦးစီးခဲ့ဘူးတာပဲ။ ဘယ်လောက်လေးနက်သလဲ
သိမ်မွေ့သလဲ၊ ဘယ်လောက်ခက်ခဲသလဲ မင်းအသိပဲ၊ အခုဟာက
မင်းကပုဂ္ဂလိကအနေနဲ့လုပ်မှာ၊ ငွေရေးကြေးရေးတွေပါလာပြီ
မြတ်ဖို့ထက်ရှုံးဖို့ကများတယ်။ မင်းဘယ်လိုလုပ်မှာလဲ၊ အခုပဲ
လဆန်း ၁၅ ရက်ရှိပြီ၊ စာမူတွေလိုက်တောင်းထားတာကော
အပြည့်အစုံရပြီးပြီလားမသိဘူး။ မရရင်ဘယ်လိုလုပ်မလဲ
လကုန်ရင် ရုံးတင်ခွင့်ပြုချက်ယူရဦးမယ်။ ပုံနှိပ်လုပ်ငန်းတွေရှိအုံး
မယ်။ ပြီးတော့ ဖြန့်ချိရေး ဘယ်လိုဖြန့်မှာလဲ၊ ဒါပြီးရင် နံပါတ်(၁)ရဲ့
အခြေအနေကြည့်ပြီးမှ နံပါတ်(၂)ကို ဆက်တိုးသင့်မသင့် ချင့်ချိန်
ဆုံးဖြတ်ရဦးမယ်။ ပရိသတ်လက်ခံမခံဆိုတာက ရှိသေးတယ်
ပြီးတော့ မင်းလုပ်မယ့်အရည်အသွေးက ငွေကြေးကုန်ကျသိပ်များ
မယ်။ ပရိသတ်က လက်မခံ၊အားမပေးဘူးဆိုရင် မင်းဘယ်
လောက် တောင့်ထားနိုင်မလဲ၊ အဲဒီလောက်တောင့်နိုင်အောင်ရော
မင်းမှာ စည်းစိမ်ဥစ္စာဘယ်လောက်ချမ်းသာလို့လဲ ...''

ညွှန့်သည်ကြီးသည် စည်းရုံးသည်နှင့်မတူတော့။ ဆူသံ
ပွက်သံတွေပါလာသည်။ စိတ်သည် အစည်းအရုံးခံလိုက်ရသူပီပီ





ကြောင်တက်တက်နှင့် မှင်သက်နေမိသည်။ ''သူပြောတာတွေ
လည်း တကယ်တွေပါပဲ၊ ဟုတ်ပါတယ်လေ။ ငါ့ကိုကများတာပါ၊
နောက်မှာအလုပ်တန်းလန်းတွေ တစ်ပုံကြီးထားခဲ့ပြီးမှ တရား
ထားရာရတယ်လို့၊ ဘယ်လိုလုပ် တရားထူးရနိုင်တော့မှာလဲ။
ဆန်းဖြတ်လိုက်တာ ကောင်းမယ်ထင်တယ်။ အင်း - ဒါပေမယ့်
ဆန်းဖြတ်လိုက်ဖို့ကလည်း နှမြောစရာ။ အခု သည်တရားစခန်းမှာ
(၁၅) ရက်ရှိနေပြီ၊ လူတွေနဲ့စကားမပြောတာလည်းကြာပြီ၊ အမှတ်
သတိနဲ့နေရတာ ဘယ်လောက်ချမ်းသာသလဲ၊ ဒီလိုပဲအပြီးနေခွင့်
ရရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ သည်မဂ္ဂဇင်းအလုပ်ကြီးက
မလုပ်တော့ရင်ကောင်းမယ်ထင်တယ်။ ကိုယ့်အတွက်ဘာမျှ
ကျန်နိုင်တာမဟုတ်ဘူး။ ကိုယ့်အတွက်ပါသွားမယ့်အရာ တစ်ခုမျှ
မရှိပါဘူးလေ ...''

အတွေးကြောင့်ဖြစ်လာသော နောက်ဆက်တွဲအတွေးကို
နလအတွေးဖြစ်သည့် ညွှန့်သည်ကြီးရိပ်မိသွားဟန်တူပါသည်။
သည်တစ်ခါတော့ သူ့အသံကြီးသည် ပိုမိုမာကျောလာသည်။

''အော် ... မင်းက ကိုယ်လွတ်ရုန်းစိမ်ကိန်းရေးဆွဲနေ
တယ်ပေါ့လေ၊ ဒါဖြင့်ရင် အစကတည်းကစဉ်းစားပါလား။ သည်
မဂ္ဂဇင်းလုပ်ခွင့်ရဖို့ မင်းဘယ်လောက်ကြိုးစားခဲ့ရသလဲ၊ အဲဒီတုန်းက
မင်းပဲလုပ်ချင်လှချည်ရဲ့ဆို၊ အခုမှ ဘာရှောင်ဖယ်ရှောင်ဖယ်လုပ်
ချင်ရသလဲ၊ အစတုန်းကမင်းပဲ သည်ဂန္ဓပလီဗောဓရဲ့ဒဏ်ကိုခံတော့
မယ်ဆို ၊ အခုမှ ဘယ်လိုဖြစ်ရပြန်သလဲ''



www.burmeseclassic.com

www.burmeseclassic.com



ညွှံ့သည်ကြီး၏ဆူပွက်မှုအောက်တွင် စိတ်သည်
လည်လိမ်ခံရသောကြက်လိုဖြစ်နေသည်။ ဘာပြန်ပြောရပါဦးမလဲ
ဟော . . . တွေးနေမိပါလား။ မူလကမ္မဋ္ဌာန်းကို ပြန်မှတ်ဦးမှပါပဲ
သို့သော်စိတ်က ဝင်လေ၊ ထွက်လေအပေါ် အာရုံညွတ်၍မရတော့
အလွဲလွဲအချော်ချော်။ မူလကမ္မဋ္ဌာန်းသို့ အာရုံညွတ်လိုက်တိုင်း
ညွှံ့သည်ကြီး၏မျက်နှာက ပြန်ပြန်ပေါ်လာသည်။ တွေးတယ်
တွေးတယ်၊ အတွေးတွေဝင်လာတယ်ဟုမှတ်သော်လည်းခဏသာ
ပြီးတော့ ပြန်ပေါ်လာသည်ပဲ။ ကဲ- မထူးတော့ပါဘူး၊ သည်အချိန်
မရရင်တော့ နောက်အချိန်မှာ ပြန်ရကောင်းနိုင်ပါရဲ့ . . .

ဖြတ်သန်းလာခဲ့သော (၁၅)ရက်ခရီးကို ပြန်ငဲ့ကြည့်မိ
သည်။ ပထမရက်မှ (၇)ရက်အတွင်း သမာဓိထူထောင်ရမှု၌ ကြုံ
သောအခက်အခဲ။ ညောင်းညာကိုက်ခဲဝေဒနာတို့၏ ပြင်းထန်သော
ဖိစီးမှု။ အိမ်မှာ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ်
ပုံမှန်ထိုင်သည်ဆိုသော်ငြား 'ရင်းစား' မပျောက်ရုံလေးမျှသာ
တရားစခန်းမှာတော့ ထိုသို့မဟုတ်။ တစ်နေ့ (၇)ချိန်အထိုင်၊ (၇)ချိန်
စင်္ကြံ၊ တရားနာချိန်တစ်ချိန်၊ တရားလျှောက်ချိန် တစ်ချိန်။
စကားမပြောရ၊ ဟိုသည်မကြည့်ရ။ ကိုယ့်အဆောင်နှင့် ကိုယ်
ကိုယ့်အခန်းနှင့်ကိုယ်၊ ကိုယ့်ကြောင့် သူတစ်ပါးကို အနှောင့်
အယှက်မဖြစ်စေရ၊ အာရုံပေါ်သမျှကို 'မှတ်' နေဖို့သည်ယောဂီ၏
တာဝန်။

သည်တော့ စိတ်ကိုထွက်ပေါက်မပေးဘဲ မှတ်စိတ်



ပေါက်တွေနှင့်တရစပ်ဖိညှပ်ထားသည်မို့ စိတ်သည်ဖီလွင့်ဖို့အခွင့်
အရေးနည်းလာသည်။ တောင်တောင်အီအီ တွေးတောငေးမောနေ
ရ အချိန်နည်းလာသည်။ ထိုအခါ စိတ်သည် မမှတ်ချင်လည်း
မှတ်နေရ၊ မှတ်ချင်လည်း မှတ်နေရသဖြင့် မှတ်ပါများသောအခါ
ကျိလေသာသည် ကြားဝင်နိုင်ဘို့အခွင့်အရေး နည်းပါးလာသည်။
သို့နှင့် ရရက် ၈ရက်ကျော်သောအခါ စိတ်သည်အထူး ကြည်လင်
ငြိမ်သက်လာပေပြီ။

သတိအားကောင်းလာရာမှ သမာဓိသည် ပိုမို စူးရှ
နက်မြက်လာသည်။

ထို့နောက် ပညာ၏အပိုင်းသို့ ကူးရန် ခြေလှမ်းပြင်နေ
ပေပြီ။

၁၂ရက် ၁၃ရက်ရောက်သောအခါ ပညာ၏အပိုင်းသို့
စိတ်သည် တိမ်းညွှတ်ကူးပြောင်းချင်လာပြီ။ သက္ကာယဒိဋ္ဌိသည်
လည်း လျော့ပါးလာပြီ။ ငါနာတယ်။ ငါခံစားနေရတယ်။ ငါတရား
မှတ်တယ်ဆိုသော အမြင်မျိုးလည်း ဝေးကွာလာပြီ။ အမြင်သည်
သမ္မာဒိဋ္ဌိဘက်သို့ ကူးပြောင်းစပြုကာ သုခ၊ ဒုက္ခထက် ဥပေက္ခာ၏
ညှံ့သိမ်မွေ့မှုကို အာရုံအဖြစ် မှတ်ယူတတ်စပြုလာသည်။

သည်နေရာသို့အရောက်တွင် ရုတ်တရက် ညွှံ့သည်
ကြီးက ကောက်ကာငင်ကာဝင်ချလာသည်။ အသေးမစိတ်သေး
သောသတိ၌ ''ဂယ်ပေါက်''တွေရှိနေသည်။ သည်ဂယ်ပေါက်မှပင်
ကိုယ်တိုင်သိမ်းထုတ်ထားခဲ့သော 'တဏှာ'သည် ခပ်တည်တည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာခြင်းဖြစ်သည်။ အမှန်တော့ သူ့ကိုဖိတ်ဖို့အတွက် စာရင်းတို့ ထားခဲ့ခြင်းမဟုတ်လား။ သို့သော် သူသည် အဖိတ်အခေါ်ကို မစောင့်တော့။ မဖိတ်ခေါ်သေးပါဘဲ သူဝင်ရောက်လာခဲ့ပေပြီ။

၁၅ရက်နီးပါး ထူထောင်ထားခဲ့သော သတိ၊ သမာဓိတို့ သည် ပျံ့ကြဲလွင့်စင်သွားပေပြီ။ နောက်တစ်ကြိမ် ထပ်ထိုင်သည် မရတော့။ ညွှန့်သည်ဆိုးကြီးက စိတ်အတွင်းအိမ်ထဲကနေ ဖြန် မထွက်တော့။ နောက်တစ်ကြိမ်တွင်လည်း သည်အတိုင်းပင်။ ဟင် တစ်နေ့လုံး လိုလိုပါလား ‥ စကြံ့နံအမှတ်ပင် မှတ်မရတော့ …

ကဲ …စာပေကျမ်းဂန်ကို သင်အံပို့ချခြင်း၊ ရေးသား ပြုစုခြင်း၊ ဟောပြောသင်ကြားနေရခြင်း၊ ဘုရားပုထိုးရှိခိုးခြင်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ စာပေးစာယူပြုလုပ်ခြင်းစသည်များ အတွက် ငဲ့ကွက်ကြောင့်ကြနေရခြင်းလို့ အမိပ္ပါယ်ရတဲ့ ''ဂန္ထပလိ ဗောဓ'ကြီးခင်ဗျား သင့်အလိုကျ။ ကျွန်ုပ် ဆောင်ရွက်ပါတော့မည် ရှေ့ခရီးအတွက် ထိုးဖောက်နိုင်စွမ်းအားတွေလည်း ကျွန်ုပ်မှာ ခွန်အားနည်းနေသေးသမို့ သင်နှင့်အတူသာ အကြောင်းဆက် ပေါင်းဖက်ရင်းက ရှေ့ခရီးအတွက် ခွန်အားတွေ မွေးမြူရပါဦးမယ် ကဲ သင့်ထံပါး ကျွန်ုပ် ခစားပါတော့မည်။ စိတ်သာချပေတော့ ‥

ညွှန့်သည်ကြီးသည် ယခုမှပင် ပြုံးနိုင်၊ ရယ်နိုင်လာတော့ သည်။ တရားလျှောက်ချိန်သို့ရောက်သောအခါ ကမ္ဘာ့ဌာန်းပြ ဆရာတော်လေးသည် အံ့သြကြီးစွာဖြင့် …

''ဟင် …ဒကာကြီး ဘယ်လိုဖြစ်တာလဲ။ တစ်လ





ထိုင်မယ်ဆို။ အခုမှ ၁၅ရက်ရှိသေးတာ ဦးဇင်းတို့က ဒကာကြီးကို အားရနေတာ။ နောက် ၃ရက်လောက်ဆိုရင်တောင် ဉာဏ်စဉ် နားခိုင်းတော့မလို့။

''မှန်ပါဘုရား ‥ …တပည့်တော် ဘယ်လိုမှ တရား ဆက်ထိုင်လို့ မရတော့လို့ပါဘုရား၊ မဂ္ဂဇင်းကိစ္စကြီးက တပည့် တော်စိတ်ထဲမှာ အမြဲတမ်းပေါ်နေပါတယ်ဘုရား။ ပြီးတော့ လ တစ်ဝက်ရှိနေပြီ။ တပည့်တော် ဘာမျှမလုပ်ခဲ့ရသေးဘူးဘုရား။ သံပတ်ပေးထားတဲ့ နာရီနှိုးစက်ကြီး ထမြည်နေသလိုဖြစ်နေ ပို့ပါဘုရား''

''အေးလေ။ နောက်ကြောင်းတွေ ရှိနေမှတော့ ဘယ်မှာ စိတ်ဖြောင့်ပါဦးမလဲ။ ကဲကဲ ဒကာကြီးသဘောအတိုင်းပါ။ သွားလုပ်ချည်ဦးပေါ့။ နောက်ကြောင်းတွေ ရှင်းရင်တော့ တရားစခန်းလာဝင်လှည့်အုံးနော် ဒကာကြီး''

''မှန်ပါ့ဘုရား''

ရိပ်သာမှပြန်ရောက်ပြီးသည်နှင့် စလုံးရေစ မလုပ်ရသေး သော အပွမာဒမ္မရသမဂ္ဂဇင်းကို ၁၅ရက်အတွင်း ပုံပေါ်အောင် ကြိုးစားရသည်။ ကွန်ပျူတာ၊ မျက်နှာဖုံးပန်းချီ၊ အတွင်း၊ ပရုပ်ဖ်၊ လင်ခန်း၊ ရိုးတင်၊ ပုံနှိပ်စက်ပြေး၊ ၄ရောင်၊ နှစ်ရောင်၊ ရှောင် စသည်ဖြင့် အလုပ်တွေက ဇယ်ဆက်သွားသည်။ စခန်း ဝင်ခဲ့သော ၁၅ရက်ကာလအတွင်း ရခဲ့သော ငြိမ်းအေးမှုနှင့်မတူ သည်တော့ သေချာပါသည်။ ခံစားမှုခြင်းကတော့ တခြားစီပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ထိုခံစားရမှုကို ထပ်မံ၍ခံစားချင်လို့မဖြစ်ပါ။ မျှော်လင့်နေလျှင် လောဘဖြစ်နေဦးမည်။ မမျှော်လင့်တော့။

ဟောစဉ်တရားတော်အပါအဝင် ဓမ္မရသစာမူတွေကို တစ်လ တစ်လ စာဖတ်သူတို့ ဖတ်ရှုနိုင်အောင် ကြိုးစားစွမ်းဆောင်နေသော ကိုယ့်စေတနာရေစီးကြောင်းကိုပင် ရှုမှတ်စရာအာရုံတစ်ခုအဖြစ် သဘောထားရသည်။ သည်အလုပ်ကို လုပ်နေရင်းမှ မြေသာတာ ပီတိဖြစ်ရတာကလေးတစ်ခုရှိသည်။ တရားစခန်းမှ ပြန်ခါနီးတွင် ကမ္မဋ္ဌာနာစရိယဆရာတော်၏ ဟောမိန့်မှာစကား ဖြစ်ပါသည်။

"ဒကာကြီး သည်အလုပ်တွေက ဝိတက်တော့ များတာပေါ့။ ဒါပေမယ့် ဒါဟာ ကာမဝိတက်၊ ဗျာပါဒဝိတက်တွေ မဟုတ်တော့ သိပ်ပြီး အစွန်းအထင်းမကြီးပါဘူး။ ဒါကို ဓမ္မဝိတက်လို့ ခေါ်တယ်။ ဓမ္မဝိတက်က ပြေရပျောက်ရလွယ်ပါတယ်။ ဓမ္မဝိတက်ဆိုတာက သည့်ထက်အဆင့်မြင့်တဲ့ ဓမ္မတွေ သိမြင်လာနိုင်တဲ့အခါ သူ့ဘာသာသူ ငုံမိပြီးပျောက်သွားပါလိမ့်မယ်။ သည်ဓမ္မဝိတက်သည်ပင်လျှင် ပိုမိုအဆင့်မြင့်တဲ့ ဓမ္မတွေ သိမြင်လာဖို့ အကြောင်းအထောက်အပံ့ ဖြစ်လာပါလိမ့်မယ်။ ကာမဝိတက်တို့ ဗျာပါဒဝိတက်တို့ကတော့ ပိုမိုအဆင့်မြင့်တဲ့ဓမ္မတွေကို သိခွင့်ရဖို့ နေနေသာသာ ရှိပြီးသားဓမ္မကိုတောင်မှ ဖျက်ဆီးနိုင်စွမ်းအားရှိတယ်။ ဒကာကြီးက ဓမ္မဝိတက်ဖြစ်နေတာပါ။ ဒါပေမယ့် အဆိုးဘက်ကို ဦးမတည်ပါဘူး။ အကောင်းဘက်ကို ဦးတည်နေပါတယ်။





ဦးခင်းတို့ အားပေးပါတယ်။ ဒကာကြီး ဆက်လုပ်ပါ"


အားရှိသောအဆုံးအမကို နှလုံးသွင်းရင်းမှပင် စိတ်၏ငြိမ်းချမ်းကြည်လင်မှုသည် တစ်စတစ်စပြန်လည် တိုးတက်လာခဲ့ပြီဟု ဆိုရပါတော့မည် ...။

(ရွှေပြည်တန်ဂျာနယ် အတွဲ(၁) အမှတ် (၃၆) မှ)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နာမ်အာရုံနှင့် ထိတွေ့ရာ နေရာတွင် ဂီတမရှိတော့သည့် နောက်ပိုင်း ကွက်လပ်သဖွယ်ဖြစ်လာသည်။ တစ်ခုခုအားထိုးရမည်။ ကွက်လပ်ဖြစ်နေသောသဘာဝကြီး နှင့် ကျွန်တော်မနေတတ်။ သို့နှင့် သတိပဋ္ဌာန်အလေ့အကျင့်သည် ကျွန်တော်၏ကွက်လပ်ထဲသို့ ဝင်ရောက်လာသည်။ ကျွန်တော်သည် သတိပဋ္ဌာန်အလေ့အကျင့်ကို အားပြု၍ ငြိမ်းချမ်းမှုကို ရှာဖွေလာခဲ့သည်။ အချိန်ကြာလာလေ။ ငြိမ်းချမ်းမှု အစစ်အမှန်အနီးသို့ တစ်စထက်တစ်စ ချဉ်းကပ်လာနိုင်လေပင်။

## ဂီတ၏ ဝဲဩဃသံသရာတွင် နစ်မြုပ်စီးဝင်မျောပါခဲ့ခြင်း

(၁)

သံချောင်းခေါက်သံ ၉ချက် ကြားလိုက်ရသည်။

ညဦးကတည်းက တီးခတ်နေသော ဂစ်တာသံက မတိတ်သေး။ လူငယ်တို့၏ ခေတ်ပေါ်တေး ဟစ်ကြွေးသံများကလည်း မရပ်စဲသေး။ ညသည် ပိုမို တိတ်ဆိတ်လာသည်။ ကားသံ၊ လူသံတို့ ဆိတ်ငြိမ်စပြုလာပေပြီ၊ ထို့ကြောင့် သူတို့၏ အသံများ ပိုမို အထင်းသား ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေက တစ်ပုဒ်ပြီး တစ်ပုဒ် ပြောင်းသွားသည်၊ သူတို့ သီဆိုနေသော သီချင်းများကို ကျွန်တော် တစ်ပုဒ်မျှ မကြားဖူးတော့။ ကြည့်စမ်း၊ အချိန် ဘယ်လောက်ကြာခဲ့သေးလို့လဲ။ အလွန်ဆုံးရှိမှ ၃နှစ်ပေါ့။ ကျွန်တော်သည် ဂီတနှင့် သူစိမ်းတစ်ရံဆံလို ဖြစ်ခဲ့သည်မှာ ၃နှစ် အပိုင်းအခြားလောက်သာ ရှိသေးသည်။ သည်ကာလအတွင်း လူငယ်တို့အကြား ပျံ့နှံ့ရောက်ရှိခဲ့သော သီချင်းပုဒ်ရေပေါင်း များစွာရှိလိမ့်မည်။ သို့သော် ဂီတကို လွှတ်ချစွန့်ခွာခဲ့သော ကျွန်တော်နှင့် ဝေးကွာမှန်းမသိ ဝေးကွာခဲ့ပြီကော။

စာဖတ်ခြင်းကို ခေတ္တရပ်နေ၍ သီချင်းသံကို ပိုမိုအာရုံပြုကြည့်မိသည်။ များသောအားဖြင့် ချစ်ခြင်းတရား၏ ခံစားချက်ကို ဖွင့်ဆိုလှစ်ဟသော အကြောင်းအရာများသာ ဖြစ်သည်။ သို့သော် ထိုအကြောင်းများကို သီဆိုနေသောအသံမှာကား ယခုခေတ် လူငယ်အများစု ကြိုက်နှစ်သက်ကြသော ခြောက်ကပ်ကပ်ကွဲအက်အက်အသံဖြင့်သာ။ သီချင်းတစ်ပုဒ်ပြီးသည့်အခါ နောက်ထပ် သီချင်းတစ်ပုဒ်ကို ရွေးချယ်စဉ်းစားရင်း စကားပြောကြသည့်အခါ စောစောက သီဆိုနေသော သူငယ်၏ စကားပြောသံကို ကြားရသည်။ ဟင်-ခုနကလို ခြောက်ကပ်ကွဲအက်တဲ့အသံမဟုတ်ပါလား။ သူ့အသံသည် ယခုတော့ ပီပီသသ၊ ကြည်ကြည်မြမြ၊ ယောကျ်ားပီပီ သြဇာသံနှင့်။ သူ့ကို သူ့အဖော်တွေက ဝိုင်း၍ ထောမနာပြုနေကြသည်။

''မင်းအသံက ... အသံနဲ့ တစ်သံတည်းပဲကွ''

ကျွန်တော်က အမှောင်ထဲမှာ ကြည်နူးချမ်းမြေ့စွာ ပြုံးရွှင်



နေမည့် အဆိုရှင်လူငယ်၏ မျက်နှာကို မှန်းဆ မြင်ယောင်ကြည့်မိသည်။ သူဂုဏ်ယူနေမှာပဲ။ သို့သော် သူ့မူရင်းအသံဖြင့် ဘာကြောင့် မသီဆိုရသလဲ။ ကိုယ့်ပင်ကိုအသံမဟုတ်သော အောင်မြင်ကျော်ကြားနေသူ အခြားသူတစ်ဦး၏ အသံကို အဘယ်ကြောင့် တမင်လုပ်ပြီး တုပ သီဆိုနေရသလဲ၊ အဘယ်ကြောင့် ကိုယ့်ကိုယ်ကို လောင်းရိပ် အမိခံချင်နေရသလဲ။

ကျွန်တော်တွေးနေဆဲမှာပင် သီချင်းသံထွက်ပေါ်လာပြန်သည်။ ကျွန်တော် အတွေးစ ပြတ်သွားသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်သတိရလာသည်။ ကျွန်တော်နှင့်ဂီတ၊ ဂီတနှင့်ကျွန်တော်၊ ဘယ်လိုယှက်နွယ် ပတ်သက်ခဲ့သလဲ။ ဂီတအပေါ် ဘယ်လောက်အထိ တခုတ်တရ ခင်မင် တွယ်တာခဲ့သလဲ၊ ဂီတနှင့်ကျွန်တော့်ဘဝကို နှစ်ကိုယ်ယှဉ်တွဲ၍ လျှောက်လှမ်းနေစဉ် ဂီတသည် ကျွန်တော့်ကို စိတ်ချမ်းသာအောင် အဘယ်မျှ စွမ်းဆောင်နိုင်ခဲ့သလဲ။ ကျွန်တော်ကရော ဂီတ၏ အနုပညာအရိပ်ထဲ၌ အဘယ်မျှအထိ နက်ရှိုင်းအေးချမ်းစွာ နားခိုခဲ့ဖူးပါသလဲ။ နှစ်ပေါင်းများစွာ တွယ်တာရစ်ပတ်ခဲ့သော ဂီတကို ရုတ်တရက် သစ်ခိုင်းချိုးသလို အဘယ်ကြောင့် ကျွန်တော် တိမ်းရှောင်ခွဲခွာခဲ့ရသနည်း။

ယခုတော့ ဂီတသည် ကျွန်တော်၏ အရင်းနှီးဆုံး မိတ်ဆွေအဖြစ်မှသည် ဟစ်ခါမျှ မဆုံဆည်းခဲ့ဖူးသည့် သူစိမ်းတစ်ဦးကဲ့သို့ ဖြစ်ခဲ့ရချေပြီ။

အဘယ်ကြောင့်နည်း ...။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော့်ကိုယ်ကျွန်တော်ပြီးလျှင် ဒုတိယအချစ်ဆုံးမှာ ဂီတ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ များလှစွာသော အနုပညာကိစ္စ အရပ်ရပ်ထဲမှ ဂီတသည် ကျွန်တော့အား အဆွဲဆောင်နိုင်ဆုံး ဖြစ်ပါသည်။ ဂီတနှင့် ယှဉ်တွဲ၍ နောက်ထပ်ဆွဲဆောင်သော ကိစ္စတစ်ခုမှာ စာပေဖြစ်ပါသည်။ အသံမပါလျှင် ဂီတမဖြစ်သလို အက္ခရာမပါလျှင်လည်း စာပေ မဖြစ်နိုင်ပါ။ သို့သော် အသံဟူ သော ဂီတနှင့် စာပေဟူသော စကားလုံးတို့ ယှက်နွယ် ပေါင်းစပ် ထားသောအခါ သီချင်းဟူ၍ ဖြစ်လာပါသည်။

ဂီတဟူသောစကားလုံးသည် တကယ်တော့ ပါဠိဘာသာ စကား ဖြစ်သည်။ ဂီတဟူသော အနက်အဓိပ္ပါယ်တွင် သီချင်းနှင့် သီဆိုခြင်းဟူသော အဓိပ္ပါယ်များ ပါဝင်နေသည်။ မြန်မာအဘိဓာန် ထဲတွင်''ဂီတဆိုသည်မှာ လူတို့၏ ခံစားချက်အရပ်ရပ်တို့ကို လူတို့ပြုလုပ်ထားသောအသံ၊ လူတို့ပြုလုပ်ထားသော တူရိယာ ထွက်ပေါ်လာသော အသံတို့ဖြင့် ပေါင်းစပ်၍ အသံအနိမ့်အမြင့် အတက်အကျ၊ အတိုးအကျယ်၊ အဆွဲအငင်စသော အနုပညာ နည်းစနစ်များအရ နရီအချိန်ညီညွတ်စွာ ရွေ့လျားနေသော အသံအဖွဲ့အစည်းကို ခေါ်ဆိုခြင်းဖြစ်သည်''ဟု အဓိပ္ပာယ်ဖွင့်ဆို ထားလေသည်။

ဂီတဟူသော အဓိပ္ပါယ်တွင် ပါဝင်သည့် သီချင်းနှင့် သီဆိုခြင်းတွင် ကျွန်တော်သည် မူလက သီဆိုခြင်းကို ဝါသနာ ထုံသူ ဖြစ်သည်။ အဆိုတော်ဖြစ်ရန်လည်း အာသီသပြင်းထန်





သည်။ သို့သော် တကယ်ဖြစ်လာတော့ သီချင်းရေးသည့်သူ၊ စင်ရှေ့ ထွက်မရပ်ရဘဲ စင်နောက်ကွယ်မှ ဖန်တီးစီစဉ်သူ၏ နေရာ သို့ ရောက်မှန်းမသိ ရောက်သွားသည်။ အတီးအခတ်၌ ဝါသနာ ပါ၍ ဂစ်တာသင်တန်းမျိုးစုံ တက်ခဲ့သော်လည်း တီးခတ်သူ (musician) ဖြစ်မလာပြန်။ သည်ဘက်မှာ ပါရမီက နည်းပြန် သည်။ သို့ဖြင့် သာမန်ထက် သာရုံကလေး၊ တီးဝိုင်းတစ်ခုတွင် ညည်းစနစ်မှန်မှန် အားဖြည့် ဝင်တီးခတ်နိုင်ရုံကလေး အဆင့်သို့သာ ရောက်ခဲ့ရသည်။ သည့်ထက်မပို။ တစ်နည်းအားဖြင့် ကျွန်တော် ဖြစ်ချင်ခဲ့သော အတီးသမား၊ အဆိုသမားဖြစ်မလာဘဲ မရည်ရွယ် ထားသော အရေးသမား ဖြစ်လာခဲ့ရသည်။ သို့သော် ဂီတအခြေခံ သင်္ကေတတွေ၊ နရီစည်းဝါးတွေ၊ တီးခတ်မှုပုံစံတွေနှင့် ရင်းနှီး ကျွမ်းဝင်ခဲ့သူမို့ သီချင်းတွေ ရေးစပ်လာသည့်အခါ လွယ်ကူ ချောမွေ့ခဲ့ရသည်။

သည်လိုနှင့် သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးဖြစ် လာခဲ့သည်။ သီချင်းခွေတွေ တစ်ခွေပြီးတစ်ခွေ ထွက်လာခဲ့သည်။ အနှစ် ၂၀ကျော် နှစ်မြုပ်စိမ့်ဝင်မျှော်မှန်းခဲ့သော ကျွန်တော့် မျှော်မှန်းချက်များသည် ပြည့်စုံလာခဲ့ပေပြီ။ ကြိုးစားရင်းမှပင် ကျွန်တော်သည် သီချင်းရေးသားခွင့် လိုင်စင်တစ်ခု ရလိုက်သလို ဖြစ်လာသည်။ ကျွန်တော့်ကို သီချင်းလာအပ်သူတွေ များလာ သည်။ ကျွန်တော့်သီချင်းကို နားထောင်သူတွေ များလာသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ကျေနပ်မိသည်။ ပီတိဖြစ်မိသည်။ အသိအမှတ်ရှိလာသော သီချင်းရေးသားသူဖြစ်လာသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ယခင်ထက် ပို၍ သီချင်းတွေနှင့် ထိစပ်ရသည်။ ဂီတ၏ အတွင်းသားတွေကို ယခင်ထက် ပို၍ ထဲထဲဝင်ဝင်လေ့လာရသည်။ သံစဉ်တွေ တည်ဆောက်ရသည်။ သီချင်းစာသားတွေ စုဖွဲ့ရသည်။ ထိုအခါ ကျွန်တော့်ဘဝသည် သီချင်း၊ သီချင်းတွေသည် ကျွန်တော့်ဘဝ ဖြစ်လာသည်။ အိပ်ရေး ပျက်ခဲ့သောညပေါင်းများစွာ၌ ကျွန်တော်သည် သံစဉ်များ၏ နောက်သို့ စကားလုံးများလိုက်လံ ဖြည့်သွင်း ပုံဖော်ဖို့ ကြိုးစားရင်း ဇောချွေးပျံနေပုံများကိုလည်း ပြန်မြင်ယောင်မိသည်။ တစ်နည်းအားဖြင့် ကျွန်တော့်ဘဝ၏ အချိန်များစွာကို ကျွန်တော်သည် သီချင်းများဖြင့် ယစ်မူးရင်ခုန်နေတော့သည်။

(၃)

ကျွန်တော်က ဂီတဟူသောသက်မဲ့ပစ္စည်းကို အာရုံနှင့်ထိတွေ့ဆက်ဆံနေချိန်တွင် ကျွန်တော်နှင့်ဂီတအကြားတွင် ဘာမျှအတားအဆီးမရှိလိုသူ ဖြစ်သည်။ ဂီတသည် နူးညံ့သည်၊ သိမ်မွေ့သည်၊ ထိရက်ကိုင်ရက်စရာမရှိ၊ သူသည် ကြမ်းတမ်းသောအာရုံ မဟုတ်၊ ချိုမြိန်ညင်သာသော အာရုံသာဖြစ်သည်။ ဂီတနှင့်ပတ်သက်၍ သူ့ကို ကျွန်တော် အဘယ်မျှမြတ်နိုးကြောင်း ''သုခုမအချစ်သခင်''ဆိုသည့် သီချင်းကလေးတစ်ပုဒ်ပင် ရေးစပ်ခဲ့သေးသည်။

| ... မြတ်နိုးသူမို့– တယုတယအမြဲသာ– ဟိုအမြင့်ထက်မှာ တင်ထားလိုက်ချင်တယ်





ရင်ထဲမှာပဲ– သမုဒယဦး ... ယ် ...နီးပျော်ကလေးရယ်–
သုခုမလို့ပေါ်တယ်
အလှစံအုံးသူမို့ တွေးပိုက်လို့သာ သိမ်းဆည်းထုံကာ
...ထား ပိုက်ချင်တယ်
ကိုယ့်အသ ...အိမ်များ– ကွဲအက် လို့ရယ်
...နည်းရှိကာသဲ သူမကြားမိစေနဲ့
...01 သ ...ပျော် ရှင်သန် ရှင်းသန့်ဟဲ့ သူလေး ... တစ်ခါ
...လေ အလည်လာရောက်ဖို့ ကိုယ်လာက်လှမ်းလိုအင်
...ကို ချိုးဖျက်မယ်တော့ သည့်ရင်ခွင်ဟာ သူ့အတွက်
...ဖြစ်စေမယ် ...
သန်းခေါင်ညမှာပဲ တစ်ယောက်နဲ့ တစ်ယောက်ရယ် တွေ့
ခွင့်အရေးကို မျှော်လင့်လို့နေတယ် အရုပ်ကလေးပေ
...ယ့် အသည်းနဲ့ အသက်ရယ် တွဲလက်အမြဲကွယ်
သုခုမအချစ်သခင်ရယ်]
...011 ...ရာယူစေ တန်ဖိုးများပေးသောရင် ထာဝစဉ် ပိုင်ဆိုင်ရခွင့်
ကိုယ်ဆုတောင်း
...နေသူကိုပြည့်စွက်ပါတော့ ရင်မှာခင်တွယ် သုခုမ
အချစ်သခင်ရယ် ...။

သို့သော် လူဟူသည် တစ်ဦးတည်းနေ၍မရ။ အဖွဲ့...နှင့်အတူ ဟန်ချက်ညီစွာ ပေါင်းစပ်နေထိုင်ရသည်။ ...တော်သည် ပရိသတ်နှင့် ဖြစ်လာသောအခါ ဂီတနှင့်...၏အကြားတွင် လူမျိုးစုံက ဝင်ရောက်နေရာယူလာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စွက်ဖက်လာသည်။ ကျွန်တော့်အာရုံထဲ ပိုင်စိုးပိုင်န[illegible] ဝင်ရောက်လာသည်။ ကျွန်တော်နှင့်ဂီတ ဆက်သွယ်နေမှုက[illegible] ဖျက်လို ဖျက်ဆီးလုပ်လာကြသည်။ ကျွန်တော် စိတ်မကောင်းဖြ[illegible] ကြီးစွာ ဖြစ်ရသည်။

ကျွန်တော် အမြတ်တနိုးထားသော၊ တယုတယထ[illegible] သော သုခမဂီတကို လက်ကြမ်းကြီးတွေနှင့် ကိုင်တွယ် ဖျစ်ည[illegible] လာသောအခါ ကျွန်တော့်ရင်မှာ မွန်းကျပ်နာကျင်လာရသည[illegible] ထိုလက်ကြမ်းကြီးတွေ၏ နောက်ကွယ်တွင် အနုပညာ[illegible] တန်ဖိုးမထားသော စိတ်ပိုင်ရှင်တွေ များစွာရှိနေသည်။ ထို့အပြ[illegible] အနုပညာဆိုသော ဂီတသုခမဟူသော ရှင်းသန့်သည့် နာမ်အ[illegible] ကို ပြင်ပလူလုပ်ပစ္စည်းများဖြစ်သည့် ငွေကြေး၊ ဂုဏ်အရှိန်အ[illegible] များဖြင့် ပစ်ပေါက် ဝယ်ယူ ပိုင်ဆိုင်ချင်သည့် သူတွေကို တွေ့လ[illegible] သည်။ စိတ်နှလုံး ကြည်လင် ရွှင်လန်း အေးဆေးမှုသာ အဆင့်[illegible] သော အာရုံဖြစ်သည့် ဂီတနှင့်ထိတွေ့ခွင့်ရနိုင်သည်ကို သူတို့မ[illegible] သူတို့ သိသည်မှာ ငွေကြေး၊ ဂုဏ်အရှိန်အဝါဖြင့် ပစ်ပေါ[illegible] သိမ်းဆည်းလိုက်လျှင် သူတို့လည်း ခံစားခွင့်ရနိုင်သည်[illegible] ထင်ကြခြင်းပင်။

ကျွန်တော်က ဂီတဆိုသော သုခမ အချစ်သခင်မ[illegible] ကိုယ့်စိတ်ထဲ အလည်လာနိုင်ဖို့ ကိုယ့်စိတ်ထဲက လိုအင်ဆန္ဒတွေ[illegible] ပင် ချိုးဖျက်ထားပါမည်ဟု ဂီတကို ကတိကဝတ်ပြုထားခဲ့သ[illegible]

အမြဲတမ်းမလာနိုင်တောင် တစ်ခါတစ်ခါတော့ စိတ်ထဲ[illegible] အလည်လာစမ်းပါဟု မျှော်လင့်ခြင်းမက မျှော်လင့်နေရ[illegible]





[illegible]ကယ်၍ ကျွန်တော့်တွင် လိုရာယူနိုင်သော တန်ခိုးများပြည့်စုံ[illegible]လျှင်တောင်မှ ကျွန်တော်သည် ဂီတကို ထာဝစဉ် ပိုင်ဆိုင်[illegible]သော သူအဖြစ် ဖန်တီးပြည့်စွမ်းမည့်သူ။ ဂီတနှင့်ပတ်သက်၍ [illegible]ည်လောက်အထိ ကိုယ့်ကိုယ်ကို ယစ်မူးရင်ခုန်ထားသူတစ်ဦး၏ [illegible]ဝန်းကျင်တွင် ကိုယ်တန်ဖိုးထားသလို တန်ဖိုးမထား၊ [illegible]ယ်လွယ်ကူကူပေါ့ပျက်ပျက် သဘောထားသည့်သူတွေနှင့် [illegible]ဆုံရဖန်များလာသောအခါ ကျွန်တော်သည် ဂီတကို စိုးရိမ်[illegible]သည်။

ကျွန်တော်နှင့် သဘောထားခြင်း မမျှသူတို့သည် [illegible]တော်မှတစ်ဆင့် ဂီတကို ကိုင်တွယ်ထိတွေ့ကြတော့မည်။ [illegible]ကို သူတို့၏ အောင်မြင်ကျော်ကြားမှု၊ ငွေကြေးရလိုမှုအတွက် [illegible]ကြမ်းစားအသုံးချ ကိရိယာအဖြစ် သတ်မှတ်ကာ အသုံးပြုကြ[illegible]တော့မည်။ ကျွန်တော့်ကို ဂီတသည် ပင့်သက်ပါသော မျက်လုံး[illegible]ဖြင့် ကြည့်နေသည်။ ကျွန်တော်နှင့်ဂီတတို့ နှစ်ဦးတည်းသိသည့် [illegible]သဘောတူချက်တွေ များစွာရှိနေသည်။ တိတ်တိတ်ကလေး [illegible]ဆိုထားသော စာချုပ်တွေ များစွာရှိနေသည်။ ဂီတကို [illegible]တော်က အသက်ရှိနေသူတစ်ဦးအဖြစ် မှတ်ထင်ဆက်ဆံခဲ့[illegible]ည်။ ကျွန်တော်တို့၏ gentleman promiseတွေကို [illegible]တော့်ဘက်က စတင် မချိုးဖျက်ချင်၊ မချိုးလည်း မချိုး[illegible]ရက်၊ ကျွန်တော် ဘာလုပ်ရမည်နည်း။

ဂီတ၏အကြည့်တွင် ကျွန်တော့်ကို နည်းလည်သည့် [illegible]ယ်ဖွင့်ဆိုချက်တွေပါနေသည်။ ကျွန်တော်ကရော ဂီတကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အထိ နားလည်ပေးနိုင်သနည်း။

ဂီတနှင့်ကျွန်တော် ရင်းနှီးကျွမ်းဝင် ခင်မင်ခဲ့သ
နှစ်တွေက မနည်းတော့ပေ။ တစ်ယောက်အကြောင်း
ကတစ်ယောက် နားလည်ခြင်းမက နားလည်ထားခဲ့ပြီးဖြစ်သည်

ကျွန်တော် ဆုံးဖြတ်ရ ကျပ်လာသည်၊ တစ်ဆက်တ
ဟုပင် ဂီတနှင့်ကျွန်တော်အကြား အလိုက်မသိဝင်လာ
ညှော်သည့်ဆိုးများအကြောင်းကို တွေးကြည့်မိသည်။ သ
ဘာကြောင့် ဝင်လာသနည်း။ အဘယ်ကြောင့်နည်း၊ ကျွန်တော
ထင်ရှားအောင်မြင် လူသိများလာသော အကြောင်းကြ
ပါလား။ အောင်မြင်ခြင်း အကြောင်းကြောင့် ညှော်သည့်ဆိုး
အလိုက်မသိ နှောင့်ယှက်ခြင်းဟူသော အကျိုးတွေ ပေ
ရသည်။ အောင်မြင်ခြင်းကို အကျိုးအဖြစ် ပြန်ထားကြည့်
ဂီတနှင့်ကျွန်တော် ဝိညာဉ်ပူးဆက် ဆက်ဆံခဲ့ခြင်းဟူ
အကြောင်းကြောင့်ဖြစ်သည်ကို တွေ့ရပြန်သည်။ ဂီတ
ကျွန်တော်၏ ဆက်ဆံရေးကို အကျိုးအဖြစ်ထားကြည့်လျှင် ဂီ
ကျွန်တော် ချစ်ခင် စွဲလမ်းခြင်းဟူသောစွဲလမ်းမှု(တဏှာ)ကို
တွေ့ရသည်၊ ဒါဖြင့် သည့်စွဲလမ်းမှု ဘာကြောင့်ဖြစ်ရသ
စွဲလမ်းမှုမှန်းမသိလို့ဆိုသောအဖြေကို တွေ့ရပြန်သည်။

ကျွန်တော် ရင်မောသွားရသည်။

မသိ၍ လိုချင်ခဲ့သည်၊ လိုချင်၍ လုပ်ခဲ့သည်၊ လုပ်ခဲ့
ရသည်။ ရတော့ ဒုက္ခတွေ ကြုံလာရသလို ဖြစ်လာသ
ကျွန်တော်သည် ချစ်ခြင်းကြောင့် ဒုက္ခရခဲ့ပေပြီ။ ထိုဒုက္ခကို





နေရပြီ။ ကျွန်တော်၏ ချစ်သူကို ကျွန်တော်ကဲ့သို့ မချစ်ကြခြင်းသည် ကျွန်တော့်အတွက်ဒေါသဖြစ်စရာတွေ ဖြစ်လာရသည်။ ကျွန်တော့်ရင်မှာ မငြိမ်းချမ်းတော့ပြီ။ ကျွန်တော့်ချစ်သူသည် ကျွန်တော့်ကို အလုံးစုံသော ငြိမ်းချမ်းမှုမပေးနိုင်သဖြင့်လည်းကောင်း၊ သူနှင့် ကျွန်တော်အကြား ဆက်ဆံရေးကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခကို ရှုမြင်သုံးသပ်မိ၍ လည်းကောင်း၊ ကျွန်တော့်အနေဖြင့် ဆုံးဖြတ်ချက်တစ်ခု ချရတော့မည်။

နောက်ခံအကြောင်းအမျိုးမျိုးဖြင့် ကျွန်တော့်ထံမှတစ်ဆင့် ဂီတနှင့် ဆက်သွယ်ခွင့်ရနေသူများကြောင့် ဂီတသည်လည်း ညစ်နွမ်းစပြုနေပေပြီ။ သူလည်း ဒုက္ခကြီးနေပေပြီ။ သူဒုက္ခကြီးနေသည့်မြင်ကွင်းကို တွေ့ရသော ကျွန်တော့်မှာလည်း ပို၍ ဒုက္ခကြီးလာရသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ဖယ်ရှားပစ်မှ အေးတော့မည်။ ကျွန်တော်သည် ဂီတကို ဖန်တီးရေးသားသုပ်ကိုင်ခြင်းအလုပ်မှ အပြီးတိုင်ရပ်စဲလိုက်ပါပြီဟု ယတိပြတ်ကြေညာလိုက်ရသည်။ ရုတ်တရက်ကြီးဖြစ်၍ တစ်ကြောင်း၊ ကောက်ကာ ငင်ကာဖြစ်၍ တစ်ကြောင်း၊ အများက နားမလည်။ အသံတွေမျိုးစုံထွက်လာသည်။ အားလုံးကို ကျွန်တော် ကျောခိုင်းပစ်လိုက်သည်။ အရမ်းချစ်ခဲ့ရသော ``ဂီတ´´ကိုပါပေ့ါ။

(၄)

ကျွန်တော်သည် ကျွန်တော်၏ သမုဒယတို့ ဖြစ်ထွန်းပေါ်ပေါက်ရာ ဂီတမှတစ်ဆင့် ဒုက္ခကို မြင်ခဲ့ရသူဖြစ်သည်။ ဒုက္ခကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဝနှင့်ယှဉ်၍ခံစားပြီး ရင်နှင့်အမျှ သိခဲ့ရပြီ။ သည်တော့ ဒုက္ခလွတ်ရာလွတ်ကြောင်း ဘယ်မှာလဲ၊ ကျွန်တော် သိချင်သည်။ ကျွန်တော် ရှာချင်သည်။ ဒုက္ခလွတ်ရာအာရုံထဲမှာ ကျွန်တော့်စိတ်ကို နှစ်မြှုပ်ထားချင်သည်။ ဘယ်မှာလဲ ငြိမ်းချမ်းမှု။

ဂီတနှင့် relationshipတွေ ရှိပြီးကတည်းက နာမ်အာရုံတွေနှင့် အကျင့်ပါခဲ့သူမို့ ကျွန်တော် နာမ်အာရုံနှင့် ထိတွေ့ရာနေရာတွင် ဂီတမရှိတော့သည့်နောက်ပိုင်း ကွက်လပ်သဖွယ်ဖြစ်လာသည်။ တစ်ခုခု အစားထိုးရမည်။ ကွက်လပ်ဖြစ်နေသောသဘာဝကြီးနှင့် ကျွန်တော်မနေတတ်။ သို့နှင့် သတိပဋ္ဌာန်အလေ့အကျင့်သည် ကျွန်တော်၏ ကွက်လပ်ထဲသို့ ဝင်ရောက်လာသည်။ ကျွန်တော်သည် သတိပဋ္ဌာန် အလေ့အကျင့်ကိုအားပြု၍ ငြိမ်းချမ်းမှုကို ရှာဖွေလာခဲ့သည်။ အချိန်ကြာလာလေငြိမ်းချမ်းမှုအစစ်အမှန်အနီးသို့ တစ်စထက်တစ်စ ချဉ်းကပ်လာနိုင်လေပင်။

သည်သတိပဋ္ဌာန်အလေ့အကျင့်နှင့် ဆက်နွယ် ပတ်သက်၍ ဘဘဦးသုခနှင့် ကျွန်တော် ဆုံဆည်းခဲ့ရသည်။ ဟိုတုန်းကကျွန်တော်ရည်မှန်းထားသည့်က တစ်မျိုးဖြစ်သည်။ ရုပ်ရှင်ဂီတဟူသော အနုပညာရေစီးတွင် အရှိန်အဟုန်ဖြင့် မျောပါခဲ့စဉ်ကဘဘထံ ပညာရည်နို့သောက်စို့ရန် ချဉ်းကပ်နိုင်ခွင့်ကို ကျွန်တော်မျှော်မှန်းခဲ့ဖူးသည်။ သို့သော် တစ်ခေါက်တစ်ခါမျှမရောက်ဖြစ်ခဲ့။လမ်းခုလတ်အချိန်တိုတိုမှာပင် ကျွန်တော် ခြေကုန်လက်ပန်းကျကာမှ ဘဘထံ ရောက်ခဲ့ရသည်။ ဘဘကတော့ လူသာအိုသည်





အနုပညာ ဖန်တီးလိုစိတ်က နုပျို နေဆဲဖြစ်သည်။ သို့သော်ဆယ်ကျော်သက်တို့ကို ရင်ခုန်စေမည့် အနုပညာမျိုးကို ဖန်တီးလိုစိတ်မဟုတ်။ အရွယ်သုံးပါးလုံး အကျိုးရှိမည့် ဓမ္မဓမ္မကိုအခြေပြုသော ဓာတ်လမ်းများ ဖန်တီးရိုက်ကူးလိုခြင်းသာ ဖြစ်တော့သည်။ သို့သော် ဘဘခမျာ အသက်အရွယ်ကြီးရင့်ပြီဖြစ်သောကြောင့် စိတ်နောက်သို့ ခန္ဓာကိုယ် မလိုက်နိုင်တော့ပါ။ အကြားအာရုံ အမြင်အာရုံတို့လည်း ချို့ယွင်းနေပေပြီ။ ပြီးတော့ ဘဘကအလုပ်တစ်ခုလုပ်ပြီဆိုလျှင် ကိုယ်တိုင်ကိုယ်ကျလုပ်ရမှ၊ ကိုယ်ဖိရင်ဖိ ကြီးကြပ်ကွပ်ကဲရမှ အားရကျေနပ်သူဖြစ်သည်။ သို့သော်ဘဘ၏ အကြံအစည် စိတ်ကူးမှန်သမျှသည် ခွင့်မပြုတော့သောဘဘ၏ ကျန်းမာရေးအခြေအနေကြောင့် စိတ်ထဲမှာသာ သန္ဓေတည်၍ စိတ်ထဲမှာပင် သန္ဓေသားများစွာ ပျက်စီးခဲ့ရသည်။ပြင်ပသို့ မွေးဖွားသန့်စင် ရောက်မလာနိုင်ခဲ့။

သို့သော် ဘဘသည် စာပေဟောပြောပွဲတွေဖြင့်အထောင်အားယူနိုင်ဆဲဖြစ်သည်။ ပြာသိုလပြည့် အမေနေ့ကိုမန္တလေးတွင် ဟောပြောသည်။ ဘဘ ဟောပြောချက်သည်မြန်မာပြည် တစ်နံတစ်လျား လှုပ်ခါသွားသည့်အထိ ဂယက်ထခဲ့သည်။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းကျောင်းတိုက်တွင်ဟောပြောသည်။ တပ်မတော်ဆေးတက္ကသိုလ်တွင် ဟောပြောသည်။ နေရာအနှံ့ပါပေ။ ဟောပြောသည့်နေရာ စုံသလို ဟောပြောသည့်အကြောင်းအရာကလည်း စုံလှသည်။ သည်ဟောပြောပွဲတွေထဲတွင် မန္တလေး "အမေနေ့" ဟောပြောပွဲပြီးသည့်နောက်



www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကျေးမှုတက္ကသိုလ်၌ ဟောပြောသော``ဇေယျတုသဗ္ဗမင်္ဂလံ`` သည် ကျွန်တော့ နှလုံးအိမ်ကို ကိုင်လှုပ်နိုင်သော ဟောပြော တစ်ခု ဖြစ်လာလေသည်. . . အဘယ်ကြောင့်ဆိုသော်. . .

(၅)

``ဇေယျတုသဗ္ဗမင်္ဂလံ``။

သည်သီချင်းရေးသူမှာ ဦးပြုံးချိုဖြစ်သည်။ သံစဉ် ထည့်သွင်းသူမှာ စောင်းဆရာကြီးဦးတုတ်ပေါဖြစ်သည် ဦးတုတ်ပေါသည် ဘဘ၏ အဘိုးတော်စပ်သည်။ ကျိုက်လတ် နေသည်။ ငယ်စဉ်ကတည်းက မျက်စိနှစ်ကွင်းအလင်းကွယ် ရသည်။ ``ဇေယျတု သဗ္ဗမင်္ဂလံ``သီချင်းနှင့် ဆက်စပ်နေသော ဘဘအဘိုး ဦးတုတ်ပေါ၏ ဘဝမှာ ရင်နင့်ဖွယ်ရာ။ သည် အကြောင်းကို ဘဘက မြဝတီမဂ္ဂဇင်းတွင် ``နှလုံးသွေးပျက်သော တေးတစ်ပုဒ်``အမည်ဖြင့် ဝတ္ထုတိုရေးခဲ့ဖူးသည်။

သည်ဝတ္ထုကိုပင် ဘဘတို့က ဇာတ်ကခဲ့ဖူးသည်ဟု ဆိုသည်။ လွန်ခဲ့သောနှစ် ၃၀လောက်က ပြည်ထောင်စုနေ့ အခမ်းအနားများတွင် ကပြခြင်းပင်။ ဘဘက သူ့အဘိုးဖြစ် ဦးတုတ်ပေါ၏နေရာတွင် ကိုယ်တိုင်ပါဝင် သရုပ်ဆောင်ခဲ့သည် အကယ်ဒမီမင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေးက ဦးတုတ်ပေါ၏ နှမ ဒေါ်လုံမလေး၏ နေရာတွင် ပါဝင်ခဲ့သည်။ ဦးချင်းစိန် (ရွှေညာမောင်)က ဦးပြုံးချိုအဖြစ်လည်းကောင်း၊ အော ဦးတင်မောင်ကဝန်ထောက်မင်းအဖြစ်လည်းကောင်း သရုပ်ဆော





ခဲ့သည်။ ဇာတ်မတိုက်ဘဲ ဇာတ်စာသားကို နှလုံးသွင်းကာ စကား ပြော အပေးအယူဖြင့် ကခဲ့ကြသည်ဟု ဆိုသည်။ သည်ပြဇာတ် တွင် ပရိသတ်ရင်ကို အထိမိုက်ဆုံးအချိန်မှာ စောင်းဆရာကြီး ဦးတုတ်ပေါအဖြစ် သရုပ်ဆောင်သူ ဘဘဦးသုခနှင့် ဒေါ်လုံမလေး အဖြစ် သရုပ်ဆောင်သူ အမေဒေါ်ကြည်ကြည်ဌေးတို့၏ အပြန် အလှန် အချီအချ ပြောဆိုသောအခန်းပင်။

မင်္ဂလာဆောင်သို့ မျက်စိကန်းနေသူမလာရ၊ မင်္ဂလာမရှိ၊

မျက်စိကန်းနေသူလာလျှင် မင်္ဂလာမရှိ၊ အမင်္ဂလာဖြစ် မည်။

သို့သော် မင်္ဂလာယူရမည့် သီချင်းကို အသံထည့်ပေးသူ မှာ မျက်စိနှစ်ကွင်းအလင်း မရတော့သည့် စောင်းဆရာကြီး ဦးတုတ်ပေါ။ ကိုယ်ကိုယ်တိုင် ပါဝင်ရေးစပ်ခဲ့သည့် မင်္ဂလာသီချင်းကို ကိုယ်တိုင် တီးခတ်ဖျော်ဖြေခွင့်မရသည့်ဘဝ။ ကြည့်စမ်း။ ဂီတသည် ဦးတုတ်ပေါကို အနှိပ်စက်ကြီးနှိပ်စက်လေပြီ။ ဒုက္ခကြီးစွာ ပေးလေပြီ။

``ပြောစမ်းပါဦး လုံမလေးရဲ့``

``ရှင် ကိုကိုလေး``

``မင်္ဂလာရဲ့ အဓိပ္ပါယ်ဆိုတာဘာလဲ၊ ဘုရားဟောတဲ့ မင်္ဂလသုတ်ထဲမှာ အသေဝနာစဗာလာနံ- လူမိုက်တို့နဲ့ မပေါင်း ခြင်းသည် မင်္ဂလာတဲ့- မျက်စိကန်းတဲ့သူနဲ့ မပေါင်းရဆိုတာ မပါ ဘူး၊ မျက်စိကန်းနေတဲ့လူကို အမင်္ဂလာလို့ သတ်မှတ်လို့ရပါ့မလား လုံမလေးရဲ့``

www.burmeseclassic.com

www.burmeseclassic.com



"မရပါဘူး ကိုကိုလေးရယ်၊ ဒါပေမဲ့. . ."

"ဘာ ဒါပေမဲ့လဲ. . . အနုပညာကို ထမင်းစားကောင်းရုံ တီးကြတဲ့လူတွေ၊ အနုပညာကို အပြင်ပန်းအပေါ်ယံ အသုံးတော်ခံဖို့သာ သတ်မှတ်ကြတဲ့ သူတွေ . . . ထို"

"သတိထားပါ . . . ကိုကိုလေးရဲ့"

"ဘာသတိထားရမှာလဲ"

"သတိ"

ဦးတုတ်ပေါသည် သတိမထားနိုင်တော့ချေပြီ။ ခံစားချက်က ပြင်းထန်လွန်းနေသည်။ သည်အချိန်မှာ မင်္ဂလာအခမ်းအနားကျင်းပသည့် အိမ်ဘက်က စောင်းသံထွက်ပေါ်လာသည်။ သည့်နောက် "ဇေယျတု သဗ္ဗမင်္ဂလံ" သီချင်း။

အစွမ်းကုန်ပေါက်ကွဲသွားသော ဦးတုတ်ပေါ။

အနုပညာကိုချစ်လွန်း၍ ဂီတကို မြတ်နိုးလွန်း၍ မျက်စိနှစ်ကွင်း အလင်းမရပါလျက် တစ်နယ်တစ်ရပ်ကျေးသို့ ပြေး၍ စောင်းပညာကို တခုတ်တရ သင်ခဲ့ရသူ။ တစ်သက်လုံး အနုပညာစိတ်၊ ဂီတ ထုံမွမ်းနေသောစိတ်ဖြင့် တယုတယနေထိုင်ခဲ့သူ၊ ယခုသူတန်ဖိုးထားသော ချစ်ခင်စွဲလမ်းခဲ့ရသော ဂီတက သူ့ကို ဒုက္ခအဖြစ် ပြန်လည်ပေးဝေနေလေပြီ။

သည်နေရာတွင်သူသည် "သတိ"ကလေးထားမိခဲ့ပါက-

သူအချစ်ဆုံးဂီတက သူ့ကို ဒုက္ခပေးသူထဲတွင် ထိပ်ဆုံးက ပါဝင်နေသည်ကို သူသတိပြုမိမည်သာ၊ ဒုက္ခကို ဒုက္ခမှန်းသတိဖြင့် သိလိုက်ပါက သူ၏ အစွဲအလမ်းမီးသည် ငြိမ်းသွား





နိုင်သည်။ နောက်ဆုံးတော့ ဂီတကိုချစ်သောတဏှာ(စွဲလမ်းမှု)သည် သူ့ရင်ကို မီးစဖြင့်တောက်လောင်စေခဲ့ပြီ။ ဦးတုတ်ပေါ၏ နှလုံးသွေးတို့ ပျက်ခဲ့ရချေပြီ။

သတိထားချိန်ပင်မရလိုက်ဘဲ အစွဲအလမ်းတဏှာကြောင့် တောက်လောင်ခဲ့ရသော သောကမီး၏ လေပင့်ရာနောက်သို့ ဘကောက်ကောက်လိုက်ပါခဲ့သော ဦးတုတ်ပေါ၏စိတ်တွေသည်-

"နောက်ဆုံးတော့ ကျုပ်အဘိုး သည်စိတ်နဲ့ပဲ အသက်ပါသွားရတာပါပဲ"

ဘဘဦးသုခ၏ အသံကိုကြားရသည်။ ဘဘ၏ မျက်လုံးတွေ ရီဝေနေသည်။ ဟိုအတိတ်ဆီကို လွမ်းဆွတ်နေပုံရသည်။ ဘဘတို့ကခဲ့သော "နှလုံးသွေးပျက်သော တေးတစ်ပုဒ်"ကို ကျွန်တော်မကြည့်ခဲ့ရ၊ ကြည့်ခဲ့လျှင်လည်း ပရိသတ်ကြီးထဲမှာ ကျွန်တော်လည်း ပရိသတ်အများစုနှင့်အတူ မျက်ရည်စတွေကြွေကျမိမလားမပြောတတ်။

ကျွန်တော်က ဘဘ၏"ဇေယျတုသဗ္ဗမင်္ဂလံ" ဟောပြောပွဲနှင့် နှလုံးသွေးပျက်ခဲ့သည့်တေးတစ်ပုဒ်ဝတ္ထုပါ တကယ့်အဖြစ်အပျက်နှစ်ခုကို ဆက်စပ်ကြည့်မိသည်။

(၆)

ဂီတကိုချစ်ပုံခြင်း၌ စောင်းဆရာကြီး ဦးတုတ်ပေါနှင့် ကျွန်တော် ထပ်တူထပ်မျှ ဖြစ်မလားမပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂီတ၌ ယစ်မူးတွယ်တာ စွဲလမ်းသော စိတ်၏ သဘာဝကတော့ တူညီမည်မှာမလွဲပါ။

တစ်ဖန် ဂီတကိုစွန့်လွှတ်ခဲ့ရခြင်း၌လည်း တူညီသည်ဟု ဆိုရမည်။ သို့သော် ပုံသဏ္ဌာန်ကား မတူ၊ ကျွန်တော်က ဂီတကြောင့် ဒုက္ခကိုမြင်ခဲ့သည့် သတိတရားဖြင့် သတိပဋ္ဌာန်နယ်ပယ်သို့ ကူးပြောင်းလာခဲ့သူ၊ ဘဘ၏ ဘိုးဘိုး ဦးတုတ်ပေါ်ကား ဂီတကို ချစ်လွန်းမက ချစ်ရင်းက အသက်ခန္ဓာသေဆုံးမှ ဂီတကို စွန့်လွှတ်လိုက်ရသူ။

အကယ်၍သာ စောင်းဆရာကြီး ဦးတုတ်ပေါ်သည် သတိပဋ္ဌာန်အကြောင်းကိုသာ သီချင်းရေးဖွဲ့စပ်ဆိုရန် စိတ်ကူးရခဲ့လျှင် သူ့ဘဝနိဂုံးသည် ဂီတကြောင့်ပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည်ဟု ကျွန်တော်ထင်သည်။

တစ်ဆက်တည်းမှာပင် ဝတ္ထုရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ သရုပ်ဆောင်၊ အဆိုတော်၊ ရုပ်ရှင်ဒါရိုက်တာ၊ ဗုဒ္ဓဓမ္မဘဝများရေးသားဟောပြောရိုက်ကူးနေသူ ဘဘဦးသုခအတွက်လည်း ကျွန်တော် တစ်ခုဆုတောင်းချင်ပါသည်၊ ဤသည်မှာလည်း ဘဘကိုယ်တိုင် ရေးသားသီဆိုခဲ့သော သီချင်းတစ်ပုဒ်နှင့် ဆက်စပ်နေပါသည်။

''ဘဝသံသရာ.. ရှည်လျား ထွေပြား မနေမနား တစ်သွားတည်းသွားကြတာ၊ ခရီးပန်းတိုင်.. မရောက်မချင်း၊ တစ်ယောက်ဆင်း တစ်ယောက်တက် ဆက်လက်ထွက်ခွာလာ.''





(၇)

''ဘဘတစ်ယောက် ရှည်လျား ထွေပြားလှသော ဝသံသရာကြီးကို မနေမနား သွားနေကြရသူတွေထဲမှ အမြန်ဆုံး ထွက် နိုင်ပါစေ၊ တစ်ဘဝတည်းမှာပင် ကြုံခဲ့ရတဲ့ သံသရာက ည်းလှပြီမို့ သံသရာခရီးကို အမြန်ဆုံး ရပ်နိုင်ပါစေ၊ သံသရာ ၏ အဓိက တရားခံ စွဲလမ်းမှုတဏှာကြီးကို အမြစ်က နုတ်ရင်း မကူးမီ ပညာအလင်းဖြင့် မဂ်ဉာဏ်သို့ ချင်းနင်းဝင်ရောက် န်သို့ ရောက်နိုင်ပါစေ ဘဘရယ်''

ဟုတ်တယ်နော် ဘဘ။ ဘယ်အကြောင်းမဆို အကျိုး တတ်ကြတာ၊ အကြောင်းကို သိမှ အကြောင်းကို ဒုက္ခလို့မြင်မှ၊ ကြောင်းကိုပယ်မှ အကျိုးဖြစ်မလာမှာ။

ဘိုးဘိုးဦးတုတ်ပေါ်ရော၊ ဘဘရော၊ ကျွန်တော်ပါ ဆိုတဲ့ ဝဲဩဃသံသရာကြီးထဲမှာ နစ်မြုပ်စီးဝင် မျောပါခဲ့တယ် တ်လား။ အဲဒီအကြောင်းကြောင့် နောက်ဆုံးရတဲ့အကျိုးက ပဲမဟုတ်လား ဘဘ။ ဒါကြောင့်မို့ ကျွန်တော်တို့ ရုန်းထွက် ့ ကြိုးစားရအောင်လား ဘဘရယ်။

(ဦးသုခ – ဇေယျတု သဗ္ဗမင်္ဂလစာအုပ် အမှာစာ မှ)



www.burmeseclassic.com

www.burmeseclassic.com



ခဲ့အားကောင်းသော၊ အမှတ်သညာကောင်းသော၊ ထက်မြက်သည့်ဉာဏ်ရှိသော ဆရာသည် ထိုစာအုပ်များကို ၌ နှင့် အမှုမဲ့အမှတ်မဲ့ ဖတ်ခဲ့မည်မဟုတ်ဟု ကျွန်တော် ကြည်ပါသည်။ ထိုစာအုပ်များမှတစ်ဆင့် (စမ္မ၏အေးမြသော ) ဆရာတစ်ကိုယ်တည်း ခံစားနေခဲ့ပုံကိုလည်း တော် မှန်းဆမြင်ယောင်ကြည့်မိပါသည်။

## ရေးတရားတစ်ခု (သို့မဟုတ်) ဆရာမြသန်းတင့်နှင့် ၏ စကားပြေခွန်အား

ဆရာမြသန်းတင့်မကွယ်လွန်မီအထိ ဆရာနှင့် ကျွန်တော် က်အစပ် သိပ်ရှိလှသည်မဟုတ်ပါ။ သို့သော် ကျေးဇူးတရား သည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် ည်းကောင်း တစ်ဦးအပေါ်တစ်ဦး ရှိတတ်ကြသည်ကို နားလည် ခံသဖြင့် ဤဆောင်းပါးကို ကျွန်တော်ရေးဖြစ်ပါသည်။

ကျွန်တော့်အပေါ် စွန်းထင်းထင်းရှိနေသော ဆရာ့ ဇူးများအနက် အထင်ရှားဆုံးတစ်ခုမှာ ဆရာ၏ စကားပြေ အားဖြစ်ပါသည်။ ကျွန်တော်တို့ငယ်စဉ် စာဖတ်ဝါသနာပိုး



www.burmeseclassic.com

စတင်ကပ်ငြိစဉ်က ဖတ်ခဲ့ရသော 'ကံကောင်း''ထားကျမလင်' ဝတ္ထုများသည် ကျွန်တော့်စိတ်ထဲ ယခုချိန်ထိ အမှတ်ထင်ထင် စွဲငြိနေဆဲဖြစ်သည်။ သည်နောက် Leo Tolstoy၏ ဂန္ထဝင်မြောက် war and peaceကို ဆရာ ဘာသာပြန်သည်။ စစ်နှင့်ငြိမ်းချမ်းရေး-(၁၂ တွဲ)။ ပေါင်းချုပ်ပြန်ထုတ်တော့လည်းပေါင်းချုပ်

သည်နေရာတွင် ဆရာရေးခဲ့သော စာအုပ်တွေ တ တတန်းကြီး ချရေးနေလျှင် ဆောင်းပါးကန့်သတ်ချက် စာမျက်နှာ သာ ဆုံးသွားမည်။ ဆရာ့စာအုပ်တွေနှင့် အရေးအဖွဲ့တို့ကို မှမ်း မကုန်နိုင်ရှိချိမ့်မည်။ ကျွန်တော်အစွဲမက်ဆုံးမှာ Margaret Mitchell ၏ Gone with the wind (လေရူးသုန်သုန်)မှ စကားလက်အိုဟာရာ၏ ဇာတ်ကောင်စရိုက် (character)ဖြစ် သည်။ စကားလက်၏စရိုက်သည် မြူးရွှင်တက်ကြွနေသည်။ စကားလက်၏လှုပ်ရှားမှုတွင် အားမာန်တွေတွေ့နေရသည်။ ဇာတ်ကြောတစ်ခုလုံးတွင် စကားလက်၏စရိုက်သည် တဖျတ်ဖျတ် လှုပ်ခါနေသည်။ ဆရာ့ဘာသာပြန်ချက်သည် ရုပ်လုံးကြွလွန်း လှသည်ဟု ကျွန်တော်ခံစားရသည်။

''နိုင်ငံတကာ ရသစာတန်းငယ်များ'စာအုပ်တွေကို အင်္ဂလိပ်စာမူရင်းနှင့် တွဲထွက်သောအခါ ဆရာ့ဘာသာပြန်ပုံတွေကို လေ့လာခွင့်ရသည်။ ဆရာသည် မူရင်းအင်္ဂလိပ်စကားပြေကို မြန်မာစကားပြေအဖြစ် ကူးပြောင်းရာတွင် နူးညံ့သိမ်မွေ့လွန်းလှ သည်။ ဘာသာစကားနှစ်ခုကို ကိုင်တွယ်ဆက်စပ်ရာတွင် ဆရာ ကျွမ်းကျင်နိုင်နင်းလှပုံကို တွေ့ရသည်။ ညက်ညောလှသောစကား ရွေးချယ်မှုနှင့် ချောမွေ့သောအရေးအဖွဲ့တို့ ကိန်းအောင်းရာ ဆရာ့'လက်'ကို ကျွန်တော် လှမ်းတွေ့နေရသည်။

''ငွေသောင်ယံ၊ မာရီပိုပေး။ ဟွန်ဒါယဉ်ကျေးမှုနှင့် ဧကွေတာညများ''ခရီးသွားဆောင်းပါးပေါင်းချုပ်စာအုပ်ကို ကျွန်တော် ကြိုက်လွန်း၍ အခေါက်ခေါက်အခါခါ ဖတ်သည်။ ခရီးစဉ်တစ်ခုသွားသောအခါ ဆရာသည် အမှတ်မဲ့မနေ။ ဆရာ့ မျက်လုံးသည် Movie Camera သဖွယ် အားလုံးကို မှတ်တမ်း တင်သည်။ သည်နောက် ရှုထောင့်အမျိုးမျိုးမှ တွေ့ရှိခဲ့သမျှကို ဆာသည့်စကားပြေဖြင့် အရအမိ မှတ်တမ်းတင်သည်။ ဆရာ့ ဆောင်းပါးကို ဖတ်နေရသည်မှာ 3.Dimensionရုပ်ရှင်ကားကြီး ကို ထိုင်ကြည့်နေရသလိုဖြစ်သည်။ ထိုနေရာသို့ ကိုယ်တိုင် ရောက်သွားသည်ကဲ့သို့ ခံစားရသည်။

ဆရာသည် ခရီးသွားဆောင်းပါးကို ရေးသားနေရင်းမှပင် Between The Line မှတစ်ဆင့် ကျွန်တော့်အား''ခရီးသွား ဆောင်းပါးရေးရင် သည်လိုမြင်တတ်ရတယ်ကွ၊ ပတ်ဝန်းကျင်ကို သည်လိုမျက်လုံးမျိုးနဲ့ ကြည့်တတ်ရတယ်၊ ဒေသခံတွေရဲ့ အခြေအနေ၊ မတူညီတဲ့ ဒေသတွေရဲ့ ဓလေ့ထုံးစံ၊ ပထဝီအနေ အထား၊ သူတို့ရဲ့လှုပ်ရှားမှု၊ သူတို့ရဲ့ Mood သူတို့ရဲ့ အာရုံ ခံစားရာ၊ ဒါတွေကို မေးမြန်းလို့တစ်မျိုး၊ ခန့်မှန်းလို့တစ်ဖုံ မှတ်သားထားရတယ်။ ဒါဟာ သူတို့ဆီကရတဲ့ ပညာပဲပေါ့။ ခရီးသွားဆောင်းပါးရဲ့ အင်္ဂါရပ်ဆိုတာတော့ သီးသန့်မရှိဘူးပေါ့ ကွာ၊ ဒါပေမယ့် ကိုယ်မှတ်နိုင်ရင် မှတ်နိုင်သလောက်၊ ကိုယ်စိတ်ပါ


www.burmeseclassic.com

www.burmeseclassic.com

ဉ်စားရင် ပါသလောက် ကိုယ့်စာထဲမှာ ထောင့်စုံကပါလာတော့ ခွန်အားပိုရှိတာပေါ့``ဟု သင်ကြားပေးနေသလိုပင်။

စာဖတ်သည့်အခါ စာကြောင်းတစ်ကြောင်းနှင့် တစ်ကြောင်းအကြား (Between The Line)တွင် စာရေးသူ ချမရေးသည့် စိတ်အတွင်းပြောဆိုချက်တွေ အများကြီးရှိနေသည် ဤသည်ကို စာဖတ်သူသည် တိုးဝင်ခံစားတတ်လျှင် စာဖတ်သူ သည် အကျိုးများပေပြီ။ ဆရာခင်ဗျား . . ဆရာ့စကားပြေတွေကို ကျွန်တော် သည်လိုခံစားမှုမျိုးနဲ့ ဖတ်ခဲ့ပါတယ်ဟု ကျွန်တော် ပြောချင်သော်လည်း ဆရာကြားနိုင်တော့မည်မဟုတ်ပါ။

``ကျွန်တော်ဆက်၍ ရေးချင်သောဝတ္ထုများ''စာအုပ်ကို ဖတ်သောအခါ ဆရာကိုယ်တိုင် စာဖတ်သူနေရာမှနေ၍ ဆရာ ဖတ်ခဲ့သော ဝတ္ထုများ၏ ဇာတ်ကောင်များအပေါ်၌ ဆရာဖြစ်စေ ချင်သည့်ပုံစံ ဆရာဆက်လက်ဖန်တီးချင်သည့် ပုံရိပ်စသည်တို့ဖြင့် စုစည်းနေသော ဆရာ၏ ကရုဏာအငွေ့အသက်ကို တွေ့ရသည်

သည့်နောက် ဆရာကိုယ်တိုင် ပုံရိပ်အရှင်တွေကို တလှုပ် လှုပ်ဖြစ်အောင် စကားပြေဟန်နဲ့ရေးခဲ့တဲ့``အညတြရုပ်ပုံလွှာများ'' အားလုံးဟာ ကျွန်တော့်ကို စကားပြေခွန်အားနဲ့ပတ်သက်လို့ ဆရာ ရေးခဲ့တဲ့စာမျက်နှာတွေပေါ်ကတစ်ဆင့် သင်ပေးခဲ့တယ်လို့ ကျွန်တော်ခံယူပါတယ်ဆရာ။ သည်လို ကျွန်တော်ပြောချင်သော် လည်း ဆရာကြားနိုင်မည်မဟုတ်တော့ပါ။

ပြောမည့်သာပြောနေရသည်။ ကျွန်တော် ရှက်နေတာ တစ်ခုရှိသည်။ ဆရာက ဝိရိယကြီးမားစွာ စာအုပ်မြောက်မြားစွာ





ရေးသားခဲ့သော်လည်း ကျွန်တော်ကား ယခုအချိန်ထိ ဆရာ့စာအုပ် များကို ကုန်အောင်(စုံလင်အောင်)မဖတ်ဖြစ်သေးပါ။ ရေးသည့် သူက ရေးနိုင်ပြီး ဖတ်သည့်လူက မဖတ်နိုင်သေးခြင်းမှာ ကျွန်တော် ညံ့နေသေးလို့ပဲဟု ဝန်ခံရမည်ဖြစ်ပါသည်။

ဆရာ့စာတွေကို စုံအောင်မဖတ်နိုင်ခဲ့သော်လည်း ဖတ်ခဲ့ သမျှထဲမှ တတ်နိုင်သလောက် ကျွန်တော်ပညာယူပါသည်။ တော့ ဆရာ့စာ၊ ဆရာ့စကားလုံး၊ ဆရာ့လက်မှုသည် ဆရာ့ နှလုံးသားထဲအထိ ကျွန်တော်မြင်ယောင်ကြည့်မိပါသည်။ အကြောင်းကြောင်းမသင့်၍ ဆရာ့စိတ်ထဲ၌ ခံစားချက်တချို့ကို ဆက်သိမ်းထည်းကာ ပင့်သက်အမောကလေးများ ချသွားခဲ့ပုံ ကိုလည်း ကျွန်တော် ကြားအောင်နားထောင်ကြည့်မိပါသည်။ သည့်အထဲတွင် ၁၉. ၁၂ ဇွန်ရက်စွဲဖြင့် ဆရာကိုယ်တိုင် အမှာစာ ရေးသားသည့် ဆရာ့ဘာသာပြန်လက်ရာ လာခြင်းကောင်းသော အရှင် (မူရင်း Robert Payne ၏ The Lord Comes)စာအုပ် ကို ကျွန်တော်သတိရမိသည်။

ဆရာ့အမှာစာ ဖော်ပြချက်တွင် သည်စာအုပ်ကို ဘာသာ ပြန်နိုင်ရန်အတွက် ဆရာဖတ်ခဲ့ရသောစာအုပ်များကို ကျွန်တော် ပြန်းဆကြည့်မိသည်။ ကျီးသဲလေးထပ်ဆရာတော်ကြီး၏မိနက္ခ ဘာသနီကျမ်း၊ ဒုတိယမဲထီးဆရာတော်ဘုရားကြီး၏ မာလာ ဘင်္ကာရဝတ္ထုတော်ကြီး၊ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ မဟာ ဝင်ကျမ်း၊ မဲထီးဆရာတော်၏ ထေရဝါဒသာသနာ ဆက်အလင်းပြ သေဒပနီ၊ အရှင်ကဝိန္ဒာဘိဝံသမဟာထေရ် ရေးသားပြုစုသည့်


www.burmeseclassic.com

www.burmeseclassic.com



ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများ၊ အရှင်စန္ဒိမာပြုစုသည့် ဓမ္မပ ဝတ္ထုတော်ကြီးအုပ်တွဲများ၊ တိပိဋကဓရ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ ပြုစုသည့် မဟာဗုဒ္ဓဝင်ကျမ်း အတွဲများ၊ မင်းကွန်းအရှင်သုန္ဒရာဘိဝံသပြုစုသည့် သီရိလလိတ ဝိတ္ထာရကျမ်း၊ ဝေဠုသီရိပြုစုသည့် ညီတော်အာနန္ဒာ တစ်သက်တာ မှတ်တမ်းများစသည့် စာအုပ်များ၊ ကျမ်းများနှင့် တိုက်ဆိုင်ညှိနှိုင်း ရေးသားခဲ့သည်ဟု ဆရာကဆိုသည်။

ခံစားမှုအားကောင်းသော၊ အမှတ်သညာကောင်းသော ဘုန်းရှုထက်မြက်သည့်ဉာဏ်ရှိသော ဆရာသည် ထိုစာအုပ်များကို ဖတ်ချိန်၌ အမှုမဲ့အမှတ်မဲ့ ဖတ်ခဲ့မည်မဟုတ်ဟု ကျွန်တော် ယုံကြည်ပါသည်။ ထိုစာအုပ်များမှတစ်ဆင့်(ဓမ္မ၏အေးမြသော ရသကို) ဆရာတစ်ကိုယ်တည်း ခံစားနေခဲ့ပုံကိုလည်း ကျွန်တော် မှန်းဆမြင်ယောင်ကြည့်မိပါသည်။ စာဖတ်သူဘဝ၌ပင်လျှင် တစ်ပါး သူတို့၏ ဝတ္ထုများကို ဖတ်ရှုခံစားရာမှ ''ကျွန်တော်ဆက်၍ ရေးချင် သော''ဟု ရေးဖွဲ့ခံစားခဲ့သောဆရာ၊ ကိုယ်တိုင်ဒေသန္တရခရီးပေါင်း မြောက်မြားစွာ သွားခဲ့ရာမှ စာဖတ်သူတို့အား ခရီးသွားရသကိုပါ ပေးစွမ်းနိုင်ခဲ့သောဆရာ၊ ညက်ညောသောဘာသာပြန်ချက်နှင့် အတူ မူရင်းစာရေးဆရာ၏ နှလုံးသားကိုပါ မြန်မာစာဖတ်ပရိသတ် ၏ ရှေ့မှောက်အရောက် ပို့ဆောင်ပေးနိုင်ခဲ့သောဆရာ၊ ထိုထို သောဆရာသည် The Lord Comesကို အင်္ဂလိပ်မူရင်းဖြင့် ဖတ်နေစဉ်၌သော်လည်းကောင်း၊ ဘာသာပြန်ရန်အတွက် အထက်ပါကျမ်းများကို ဆင့်ပွား ဖတ်ရှုတိုက်ဆိုင်နေဆဲအခါ၌





သည်းကောင်း၊ ဘာသာပြန်နေစဉ်၌သော်လည်းကောင်း ငြိမ်သက် ကြည်အေးချမ်းနေမည့် ဆရာ၏စိတ်၊ စေတသိက်တို့ကို ကျွန်တော် မှန်းဆခံစားကြည့်မိပါသည်။

''အသိဉာဏ်မြင့်သွားတဲ့လူတွေမှာ ဘေးလူတွေက သူ့ရဲ့ အဖော် မဟုတ်တော့ဘူး။ သူ့ရဲ့အသိဉာဏ်သာလျှင် သူ့ရဲ့အဖော် ဖြစ်သွားတယ်''ဟူသော ဥပဓ္ဈာယ်ဆရာ အဆုံးအမကို ကျွန်တော် သတိရမိသည်။ ယုံကြည်ချက်ဟူသည် အသိဉာဏ်အပြောင်းအလဲ ပေါ်မူတည်၍ ပြောင်းလဲသွားတတ်သည့် သဘောရှိပါသည်။

ဘုရားရဟန္တာတို့သည်ပင်လျှင် ကိလေသာတွေ မကင်း စင်သေးခင် ပုထုဇဉ်ဘဝ၌ ကိလေသာအငွေ့ ယှက်သန်းနေသော စိတ်၊ စေတသိက်တို့ဖြင့် ပျော်မွေ့ခဲ့သည်သာ။ တစ်ချိန်ကျသော အခါ ဉာဏ်ပြောင်းသွားသည်။ ကိလေသာတွေ ကင်းစင်သွား သည်။ ထိုအခါ ကိလေသာတွေကိုပင်လျှင် အန္တရာယ်ဟု မြင်လာ သည်။ ထို့နောက် ကိလေသာတွေ လွှမ်းမိုးနေသောစိတ်၊ စေတသိက်တို့၏ အန္တရာယ်ကြီးမားပုံကို ပြောဟောလာသည်။ ကိလေသာနွံ၌နစ်နေသူတို့ သက်သာစိမ့်သောငှာ ကိလေသာ လွတ်မြောက်ရာနယ်မြေမှ လှမ်း၍ လက်ယပ်ခေါ်သည်။ ဉာဏ် ပြောင်းသွားခြင်းဖြင့် သက်သာရာရသွားသော သူတို့၏ဘဝတွေကို ပုထုဇဉ်ဉာဏ်ဖြင့် ပျော်မွေ့နေသူတို့ သိသာစေရန် ဆုံးမစကား တွေကိုဆိုခဲ့သည်။ ဤသည်တို့ကိုလည်း ဆရာသည် The Lord Comes စာအုပ်ဘာသာပြန်အတွက် အကိုးအကားကျမ်းစာတွေ ကို ထဲထဲဝင်ဝင်လေ့လာရာမှ သိရှိခဲ့လိမ့်မည်ဟု ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ပါသည်။

ဆရာ့ဘဝ၏ နောက်ဆုံးနေ့ရက်များကို ဆရာသည် မည်သည့်အကြောင်းအရာအပေါ် အာရုံပြုနေထိုင်သွားခဲ့သည်ကို ကျွန်တော်အသေးစိတ်မသိနိုင်ပါ။ သူများအကြောင်းကို အသေး စိတ်သိဖို့နေနေသာသာ ကျွန်တော်သည် ကျွန်တော့်အကြောင်း ကျွန်တော် အသေးစိတ်သိဖို့ မနည်းကြိုးစားနေရဆဲ ဖြစ်ပါသည်။ လူတစ်ဦးသည် အခြားသူတစ်ဦး၏အကြောင်းကို အသေးစိတ် သိဖို့ရာ မလွယ်လှပါ။ မှန်းဆမျှော်လင့်ချက်ဖြင့်သာ ''သည်လို တော့ဖြစ်မယ် ထင်တာပါပဲလေ''ဟု မှတ်ချက်ချရုံကလွဲ၍ ကာယကံရှင်ထက်ပိုမသိနိုင်ပါ။ ကာယကံရှင်ကိုယ်တိုင်ကလည်း အတော်အတန်ကြိုးစားမှသာ၊ မိမိအကြောင်း၊ မိမိခန္ဓာပေါ်က ရုပ် နာမ် ဖြစ်ပျက် သဘာဝတရားကြီးနှင့် ဆက်စပ်ပတ်သက်နေသည့် မိမိအနေအထားများကို ရိပ်မိရုံသာ သိနိုင်မည်ဖြစ်ပါသည်။

သည်တော့ ဆရာ့စိတ်၊ ဆရာ့စေတသိက်တို့ကို ဆရာ ကိုယ်တိုင်သာ အသိဆုံးဖြစ်ပါလိမ့်မည်။ သည်အကြောင်းသည် ကျွန်တော်နှင့်ဆရာဆက်စပ်နေသော အထင်ကရအကြောင်း တစ်ခုတော့ မဟုတ်ပါ။ အဓိကမှာ ဆောင်းပါးအစဦးတွင် ဖော်ပြ ခဲ့သော ဆရာ့စကားပြေခွန်အားတို့သည် ကျွန်တော့်အပေါ်၌ ကျေးဇူးတစ်ခုအဖြစ် ရှိနေခြင်းသာ အဓိကဖြစ်ပါသည်။

''ဆရာ လက်ထပ်သင်ပေးခြင်းကို မခံခဲ့ရပေမယ့် ဆရာ့ စာအုပ်တွေ ဖတ်ရင်းက [သည်နေရာတွင် အခြားသော ကျွန်တော့် ရှေ့မှ ကြီးငယ်ရွယ်လတ် စာရေးဆရာများအားလုံး၏ စကားပြေ ခွန်အားများသည်လည်း ကျွန်တော့်အပေါ်တွင် ကျေးဇူးတရား အဖြစ် တည်ရှိနေပါသည်။ သို့သော် ဆရာမြသန်းတင့်နှင့် ပတ်သက်၍ ဆောင်းပါးရေးသားနေခြင်းဖြစ်၍သာ ဆရာ့ စကား ပြေဘက်သို့ ဇောင်းပေးပြောကြားနေရခြင်း ဖြစ်ပါသည်] ဆရာ့ စကားပြေခွန်အားတွေကတစ်ဆင့် စာပေရသကို ကျွန်တော် ခံစား တတ်လာပါတယ်။ သည့်နောက် ဘဝကို ခံစားတတ်လာပါသည်။ ပြီးတော့ ဘဝအတွေ့အကြုံတွေကတစ်ဆင့် ဘဝပေးအသိတွေ ရလာခဲ့ပါသည်။ ပြီးတော့ ဓမ္မကို မြင်လာပါသည်။ ဒီအခါ ဓမ္မနဲ့ ရသကို တွဲဖက်ပြီး ဓမ္မစာပေစကားပြေတွေ ကျွန်တော်ရေးဖြစ်ခဲ့ ပါသည်။ ''လာခြင်းကောင်းသောအရှင်''အထိ တက်လှမ်း ရေးနိုင်သေးလို့ ''လာခြင်းကောင်းသောညှို့သည်''ဆိုတဲ့ ခေါင်းစဉ်နဲ့ သဘာဝလောကကြီးရဲ့ ညှို့သည်ကောင်းတွေဖြစ်ဖို့ ကျွန်တော်ရေးဖြစ်ခဲ့ပါသည်။ စကားပြေခွန်အား၊ စကားပြေအယူ အဆတွေနဲ့တကွ ကြည့်ပုံ၊ မြင်ပုံ၊ ရသခံစားပုံတို့ကို ဆရာ့စာတွေ ကတစ်ဆင့် အမွေရခဲ့ပါတယ်။ ဒါတွေဟာ ဆရာ့ကျေးဇူးတွေပါပဲ ဆရာ''ဟု ကျွန်တော် ပြောချင်သော်လည်း ဆရာ ကြားနိုင်မည် မဟုတ်တော့ပါ။ သည်ဆောင်းပါးကိုလည်း ဆရာဖတ်နိုင်မည် မဟုတ်တော့ပါ။

ဆရာ့ကျေးဇူးကို အခုလို စာတစ်စောင်ပေတစ်ဖွဲ့ ဆောင်းပါးတစ်ပုဒ်နဲ့ ကျေးဇူးဆပ်ရင်း ခပ်ဝေးဝေးကသာ ဘွဲ့မဲ့ဖြစ်ခဲ့တဲ့ ကျွန်တော့်ကိုလည်း ဆရာသိနိုင်မည်မဟုတ်တော့ပါ။

(ရွှေပြည်တန်ဂျာနယ် အတွဲ (၁) အမှတ် (၄၀)မှ)







www.burmeseclassic.com

www.burmeseclassic.com



ဘုရားမှန်ရင် တရားမှန်ပါတယ်ဒကာကြီး၊ ဘာကြောင့်လဲဆိုရင် အားလုံးသော ဝေနေယျသတ္တဝါအပေါင်းတို့သည် ဘုရားရှင်ကိုအားကိုးပြီး ဗုဒ္ဓ သရဏံ ဂစ္ဆာမိကနေစတာ။ ဒီတော့ ဓမ္မံ သရဏံ ဂစ္ဆာမိအရလည်း တရားတော်ဘက်ကအမှန်ချည်းပါပဲ။

## စွန့်မှစွမ်း ၊ မျှမှရ ၊ ငြိမ်မှငြိမ်း

အပြန်ခရီးဟုပြောရတော့မည်ဖြစ်သည်။

မိမိအမြဲနေရာ နေရာမှ အခြားနေရာဒေသတစ်ခုသို့ သွားရောက်ပြီးနောက် မိမိနေရာသို့ပြန်လာခြင်းကို အပြန်ခရီးဟု သတ်မှတ်ကြသည်။ အပြန်ခရီးရှင်တိုင်းသည် မိမိသွားရောက်ခဲ့သောခရီးစဉ်နှင့်ပတ်သက်၍ အတွေးမျှင်စတွေ ပါလာစမြဲ။ တစ်နည်းအားဖြင့် ခရီးသွားအတွေ့အကြုံ။

ထိုအတွေ့အကြုံပေါ်မှ မှတ်သားဆင်ခြင်စရာများ။ "အိမ်ပြန်လက်ဆောင်လေးတွေ ဝယ်သွားကြပါအုံးလား" ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဒေသထွက်ကုန်ရောင်းချသော ဈေးသည်တို့၏ စကားအတိုင်း ယခုလည်းကျွန်တော်သည် ဓမ္မရသချစ်သူတို့ကို အိမ်အပြန် ဓမ္မလက်ဆောင်အဖြစ် ကျွန်တော်၏ ခရီးစဉ်အတွေ့အကြုံတစ်ခုကို ``မျှခံစားဝေ``ရတော့မည်ဖြစ်ပါသည်။

ဤခရီးစဉ်ဖြစ်ပေါ်လာရေးအတွက် သဒ္ဓါထက် သန်စွာ၊ ဝီရိယပြင်းပြင်းနှင့်စီစဉ်သူမှာ ဦးခင်မောင်ဇော်ဖြစ်ပါသည်။ သည်ခရီးစဉ်ပြီးဆုံး၍ အိမ်ပြန်ရောက်သောအခါမှ ကျွန်တော်သည် ဦးခင်မောင်ဇော်ကို လိုက်လိုက်လှဲလှဲကျေးဇူးတင်မိပါသည်။ အဘယ့်ကြောင့်နည်း။ သည် ခရီးစဉ်ကြောင့်ပင် ကျွန်တော်သည် ဖူးမြော်သင့်ဖူးမြော်ထိုက်သော မထေရ်တစ်ပါးကို ဖူးမြော်ခွင့်၊ ကြည်ညိုခွင့်၊ အတုယူခွင့်၊ အားကျခွင့်တွေ ရရှိလိုက်၍ဖြစ်ပါသည်။

``ကျွန်တော်ပြောတာမယုံလို့ရှိရင် အစ်ကိုတို့ ဟိုရောက်ရင် တွေ့လိမ့်မယ်၊ အစ်ကိုတို့ဘာသာအစ်ကိုတို့ ဉာဏ်နဲ့တိုင်းထွာလေ့လာကြည့်ပေါ့။ ကျွန်တော်ပြောနေရင် ကျွန်တော်ကသိပ်ညွှန်းနေရင် ကျွန်တော့်ဘုန်းကြီးမို့လို့ အမွှမ်းတင်ပြောတယ် ထင်ကြလိမ့်မယ်``

သည်စကားကြောင့်ပင်လျှင် ကျွန်တော်သည် သည်ခရီးစဉ်ကိုကောက်ကာငင်ကာ ထသွားလိုက်မိခြင်းဖြစ်ပါသည်။ ခရီးစဉ်မစမီမှာပင် ဦးခင်မောင်ဇော်လာပေးထားသော ဓမ္မဒါနစာအုပ်များကို အကြမ်းဖျဉ်းခြုံငုံ၍ ဖတ်လိုက်ရသည်။ စင်စစ် ဦးခင်မောင်ဇော်၏ ဓမ္မဒါနစာအုပ်များသည် ကျွန်တော့်အပေါ်ဆွဲဆောင်မှုသိပ်မရှိလှပါ။ ခပ်ကြမ်းကြမ်းစာရွက်များကို





ခပ်ကြမ်းကြမ်း မျက်နှာဖုံးများဖြင့် စုစည်းချုပ်ပေးထားသဖြင့် ထိုစာအုပ်များသည် ကျွန်တော့်အပေါ်လွှမ်းမိုးနိုင်ခြင်းမရှိခဲ့ပါ။ ကိုယ်တိုင်က စာအုပ်တွေကို အရည်အသွေးကောင်းအောင် လုပ်နေသူမို့ တော်ရုံတန်ရုံအရည်အသွေးမကောင်းလျှင်ကိုပင် ကြည့်ချင်စိတ်ပင်မရှိပါ။ သို့သော် ကျွန်တော် သွားရမည့်ခရီးစဉ် အတွက် လေ့လာရမည့် ကုန်ကြမ်းဖြစ်၍သော ထိုစာအုပ်များကို ကိုင်တွယ် ဖတ်ရှုရပါတော့သည်။

ဓမ္မဒါနစာအုပ်များမှာ အရွယ်အစားအမျိုးစုံပင်။ အိတ်ဆောင်အရွယ်၊ လက်တစ်ဖဝါးအရွယ်၊ ဗလာစာအုပ်အရွယ် သည်ဖြင့်စုံလှသည်။ သည်စာအုပ်တိုင်း၏ မျက်နှာဖုံးများတွင် ထူးခြားတာတစ်ခုကိုသွားတွေ့ရသည်။

အောင် (၉၅၄၀)အောင်။ အောင် (၉၀၀၀) အောင်။ အောင်(၇၅၀၀)အောင်။ အောင် (၈၆၆၂) အောင်။

ဘာကိုဆိုလိုပါလိမ့်။ ကျွန်တော့်အတွက် ပဟေဠိဖြစ်ပြီ။ ဓမ္မဒါနစာအုပ်တိုင်းတွင်လည်း သည်စာအုပ်ပါ တရားအဆုံးအမများကိုချီးမြှင့်တော်မူသည့် ဆရာတော်၏ဘွဲ့နာမည်၊ ဂုဏ်ထူးတို့သည်းမပါ။ စာအုပ်တစ်အုပ် နှစ်အုပ်လောက်တွင်သာ ``ကျောက်ထီးတန္တြ သာသနာ ပြု``ဆိုသော စကားစုကလေးပါသာ၏။ အရေးကြီးဆုံးဖြစ်သည့် ``နိဗ္ဗာန်လမ်းညွှန်ကျမ်း`` စာအုပ်ထူကြီး၏ မျက်နှာဖုံး၌ပင်လျှင် ဆရာတော်၏အမည်မပါ။ ``ကျမ်းပြုသူ သာသနာပြုဆရာတော်``ဟူ၍သာပါ၏။ သည် အကြောင်းတွေနှင့်ပတ်သက်၍ ဆရာတော်နှင့်တွေ့ရ သောအခါ



www.burmeseclassic.com

www.burmeseclassic.com

အဖြေပေါ်တော့သည်။

''အောင် ဆိုတာတွေကတော့ ဓုတင်အဓိဋ္ဌာန် ကျင့်စဉ် အောင်မြင်ခဲ့တဲ့ရက်ပေါင်းကိုပြောတာပါ၊ အခုဆိုရင် ဓုတင် ရက်ပေါင်း (၉၆၀၀)ကျော်သွားပြီ၊ နှစ်အားဖြင့်ဆိုရင် (၂၆)နှစ် ကျော်ခဲ့ပြီပေါ့။ အရင်တောရဆောက်တည်တုန်းက ဓုတင် (၁၃)ပါး ဆောင်ခဲ့တယ်။ အခုတော့မြို့မှာဆိုတော့ ဓုတင်(၉)ပါးပဲပေါ့။ ကျမ်းပြုသူနေရာမှာ ဘဘုန်းကြီးဘွဲ့နာမည်မထည့်တာက ထင်ပေါ် မှာကို မလိုလားလို့ပါ၊ ဘဘုန်းကြီးအကြောင်းကို အချို့ဒကာ တွေက ပါရမီတို့၊ ဂမ္ဘီရမဂ္ဂဇင်းတို့မှာရေးကြတာ ဖတ်ရပါတယ်။ သူတို့ကိုပြောထားတယ်၊ ဘဘုန်းကြီးသီတင်းသုံးတဲ့နေရာ၊ ကျောင်းတိုက်အမည်တွေထုတ်ဖော်မပြောဖို့ တားထားတယ်။ ပြီးတော့ ဘဘုန်းကြီးက ဓုတင်(၉)ပါး ဆောင်တယ်ဆိုတော့ ဒါကိုကြွားတယ်လို့ထင်မှာလည်း စိုးရသေးတယ်။ အမှန်တော့ ဘုရားသာသနာကို အသက်လိုသဘောထားတဲ့အတွက် ကောင်းမွန်မြင့်မြတ် တဲ့အကျင့်တရားနဲ့ ပူဇော်တာပါ၊ ပြီးတော့ ဓုတင်ဆိုတာ ကိလေသာအကျင့်ဆိုးတွေကို အမြတ်မ်းထောင်းထု နှိမ်နင်းသလိုဖြစ်တဲ့အတွက် တရားအားထုတ်တဲ့နေရာမှာ အထောက်အကူသိပ်ရပါတယ်၊ ပြည့်ဝတဲ့ဉာဏ်အားကို ရဖို့အတွက် ဓုတင်အကျင့်ဟာ ကြီးစွာသောအထောက် အပံ့ပေးပါတယ် ...''

အကြားအာရုံထဲ၌တစ်မျိုးဆန်းနေသည်။ ''ဘဘုန်းကြီး'' တဲ့။ ဆရာတော်က နာမ်စားအဖြစ်ဘဘုန်းကြီးဟု သုံးသည်။ သို့သော်ဆရာတော်သည် သက်တော်(၅၁)နှစ်ခန့်သာရှိသေးသည်။





ကျွန်တော်တို့အဖွဲ့တွင်ပါလာသော ဆရာဦးကျော်နန္ဒအောင်နှင့် ဆရာတော်၏အသက်မှာ လပိုင်းမျှ သာမတိမ်းမယိမ်းကွာသည်။ ကျွန်တော်တို့အဖွဲ့သည် ခရီးရောက်မဆိုက်ပင်ရှိသေး၊ ဆရာတော်က တိုက်ရိုက်လှမ်းခေါ်သဖြင့် ကျွန်တော်တို့ အံ့သြသွားရသည်။

''ကဲ ဘုရားဝတ်ပြုပြီးရင် ဦးမြသန်းစံကြီးတို့ ဒီဘက်ကို လာကြဗျာ၊ ဒီမှာဗုဒ္ဓဉာဏ်တော် (၆)ပါးနဲ့ပတ်သက်ပြီး ဘဘုန်းကြီးအာရုံကျနေတုန်း အာရုံပြုကြရအောင်''

ဘုရားစင်တွေကပတ်လည်။ ဘုရားဆင်းတုတွေက ပြောက်မြားစွာ။ ဘုရားဆင်းတုတော်တို့သီတင်းသုံးရာ မှန်ဗီရိုတွေသည် ဆရာတော်၏ကျောင်းအောက်ထပ် ၌ ပြည့်ကြပ်လျက်။ သည်ဘုရားစင်တွေ ဗီရိုတွေကြားထဲမှာ ဆရာတော်ထိုင်လျက် သီတင်းသုံးနေသည်။ ကျွန်တော်တို့နှင့် ဆရာတော်သည် တစ်ခါမျှ ဆုံဘူးသေး။ ဦးခင်မောင်ဇော်ကလည်း ကျွန်တော်တို့နှင့်မိတ်ဆက် ပေးရသေးပေ။ သို့သော်ဆရာတော်က ကျွန်တော်တို့ကို ရင်းနှီးသား လူရင်းတွေလိုဆက်ဆံနေတော့ ဇဝေဇဝါ ဖြစ်သွားရသည်။ ဦးခင်မောင်ဇော်များ ကြိုတင်လျှောက်ထားလေသလား။ သို့သော် ဦးခင်မောင်ဇော်သည် ကား ပေါ်မှာကတည်းက ''ကျွန်တော်ဘာမျှ ကြိုတင်မလျှောက်ထားဘူး၊ဟိုရောက်ရင် အစ်ကိုတို့သိမှာပါ၊ ကြိုလျှောက်ထားရင် ပြင်ထားဆင်ထားတာနဲ့ သဘာဝအတိုင်း တွေ့ရမှာ ကျွန်တော်စိုးရိမ်တယ်၊ ဗြုန်းစားကြီးရောက်သွားပြီးမှ သိရတာကောင်းတယ်''ဟု ပြောခဲ့သည်။သံသယတစ်စွန်း တစ်စနှင့် ကျွန်တော်တို့၏လေ့လာလိုစိတ်တွေကို ဆရာတော်ရိပ်မိ၍



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကိုဗွေဆော်ဦးတစ်ကွက် စပြလိုက်သလားမသိပါ။

ကျွန်တော်တို့မှာ ခရီးပန်းလာခဲ့မှုအတွက် အပန်းဖြေပြီး ကာမှ ဆရာတော်နှင့်အေးအေးဆေးဆေးတွေ့ဆုံ မေးမြန်း လျှောက်ထားမည်ဟု စိတ်ကူးခဲ့သည်။ သို့သော် ဆရာတော်၏ ဗုဒ္ဓဉာဏ်တော်(၆)ပါး ပူဇော်ရွတ်ဆိုသံအပြီးတွင် ကျွန်တော်တို့ ၏စီစဉ်မထားသောမေးခွန်းများ မေးဖြစ်ခဲ့ခြင်း၊ ဆရာတော်က အသေးစိတ်ပြန်လည် ဖြေကြားခြင်းတို့ကြောင့် ညနေ(၆)နာရီ ရောက်မှန်းပင် မသိလိုက်ရ။ နေ့လည် (၁၂)နာရီခွဲက မေးမြန်း လျှောက်ထားချက်တွေသည် ညဦးအမှောင်ရိပ်စပျိုးမိသည် အထိကြာခဲ့သည်။ ဆရာတော်က မေးလေ၊ မေးအုံးလေဟုဆိုကာ တက်ကြွထက်သန်နေသလောက် ကျွန်တော်တို့မှာမူ အားအင် ကုန်ခန်းနေပေပြီ။

သို့နှင့်ခဏတဖြုတ်နားရသည်။ မြို့ထဲထွက်လည် ရသည်။ ဘုရားအစုံလှည့်ဖူးပစ်လိုက်သည်။ မိုးကတစ်မိုးစိမ့်ရွာနေသေး သည်။ဆရာတော့်ကျောင်းပေါ်သို့ပြန်ရောက်သောအခါ ည(၈)နာရီ ခွဲပေပြီ။ ဆရာတော်နှင့်ဒုတိယအကြိမ် ဓမ္မသာကစ္ဆာလုပ်ရပြန် ပါသည်။

“ဘုရားမှန်ရင် တရားမှန်ပါတယ်ဒကာကြီး၊ ဘာကြောင့် လဲဆိုရင် အားလုံးသောဝေနေယျသတ္တဝါအပေါင်းတို့သည် ဘုရားရှင်ကိုအားကိုးပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကနေစတာ။ ဒီတော့ ဓမ္မံ သရဏံ ဂစ္ဆာမိအရလည်း တရားတော်ဘက်ကအမှန်ချည်းပါပဲ။ ဒီတော့ ဒီသစ္စာလေးပါးမြတ်တရားကို ဘယ်လိုပဲ ပယ်ပုံပယ်နည်း





တွေ သိပုံသိနည်းတွေ ကွာချင်ကွာပါစေ ပွားပုံပွားနည်းတွေ ကွာပါစေ၊ ‘ဆိုက်’တာကတော့ တူမှဖြစ်မယ်။ ဆိုက်တာ တွေရင် [ပ]ယ်ပုံ၊ သိပုံ၊ ပွားပုံတွေ နည်းအမျိုးစုံကွာတယ်ဆိုတာကိုက အတ္တဝါဒဖြစ်နေမယ်။ အတ္တဝါဒဆိုတာက ဝါဒအနန္တပါပဲ။ အနတ္တဝါဒသည် သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည် အနတ္တဝါဒ တစ်ခု [တ]ည်းဖြစ်တယ်။ ဒီတော့ ‘အနတ္တ’နဲ့ဦးဆောင်ပြီးတော့ သာသနာပြု ကြတဲ့ သာသနာရေးအဖွဲ့အစည်းများ၊ အခုလိုမျိုး သာသနာပြု [ထ]ုတ်ဝေနေကြတဲ့စာစောင်၊ အဖွဲ့အစည်းများသည် ‘အနတ္တ’ကို [ရှေ့]ဆောင်ပြီးတော့ သာသနာပြုမယ်ဆိုရင် ဘာမျှအငြင်းပွား [စ]ယ်ရာမရှိပါဘူး။ ဒါကြောင့်မို့ ဓမ္မဋ္ဌာန်ကျကျသိပါစေဆိုတဲ့အတိုင်း [ဆ]ိုသာများက ပြလိုက်တဲ့တရား၊ ဆက်ကြိုးစားဖို့ပဲရှိတယ်။ [ဒ]ီလိုမဟုတ်ဘဲနဲ့ ဟာ ..ဘာတော့ရပြီ၊ ဘယ်လိုတော့ဖြစ်ပြီ [ဆ]ိုရင် ဗောဓိအညွှန့်ကျိုးသွားပါလိမ့်မယ်။ ဒါကြောင့်မို့ [ရှေး]ရှေးဆရာတော်ဘုရားကြီးများက ဗောဓိအညွှန့်မကျိုးစေနဲ့ [ရ]နှစ်စောင့်ကြည့်၊ ဒီလိုမျိုး မိန့်တော်မူတာရှိခဲ့တယ်။ ဒါကြောင့် [သ]ာသနာတော်မှာ ပယ်ပုံနည်းအမျိုးမျိုးရှိမယ်။ သိပုံ၊ ပွားပုံ [န]ည်းအမျိုးမျိုးရှိမယ်။ ဘယ်လိုဖြစ်ဖြစ်ဆိုက်တာကတော့ [ခ]ျုပ်သုညဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို ‘အနတ္တ’လမ်း [က]နေသွားမှ မှန်ပါမယ်။ ဝါဒကွဲတွေဆိုတာ ‘အတ္တ’ကြောင့်ဝါဒကွဲ [တ]ာပါ။ ‘အနတ္တ’ဆိုရင် ဝါဒမကွဲပါဘူး။ ဒါကြောင့်မို့ ဘုရားရှင် [က]ိုယ်တော်မြတ်ကြီးက ‘လောကကြီး လောကကြီးနဲ့ငါမငြင်း။ [လ]ောကကြီးကသာငါဘုရားကိုငြင်းတယ်’ တဲ့၊ ဒီတော့ ဆိုလိုတဲ့


www.burmeseclassic.com

www.burmeseclassic.com

အဓိပ္ပါယ်က ဘုရားမှန်ရင်တရားမှန်ပါတယ်ဆိုတာ ပြောချင်ပါတယ်''

ကျွန်တော်က ရိုပ်သာမျိုးစုံလှည့်ပတ်၍ တရားအားထုတ်ခဲ့ဖူးသဖြင့် ကမ္ဘောဒီးယားစရိယပုဂ္ဂိုလ်အသီးသီး၏ ညွှန်ပြ၊ ဩဝါဒကွဲပြားပုံနှင့်ပတ်သက်၍ လျှောက်ထားမိရာ ဆရာတော်၏ အဖြေမှာ မှတ်သားဖွယ်ရာကောင်းလှသည်။ ကျွန်တော့်စိတ်တွင်လည်း မတင်မကျဖြစ်နေသော ဇဝေဇဝါဖြစ်မှုတစ်ခုသည်လည်း တစ်ပါတည်းရှင်းလင်းသွားလေသည်။ သည့်နောက်ကျွန်တော်က ဆရာတော်ရှေ့တန်းတင်မိန့်မြွက်နေသော အကြောင်းတစ်ခုနှင့် ပတ်သက်၍လျှောက်ထားမိသည်။

''အရှင်ဘုရား၊ အရှင်ဘုရားရဲ့ ဓမ္မဒါနစာစောင်တွေ မှန်သမျှမှာ ဗုဒ္ဓဉာဏ်တော်(၆)ပါးကို အထူးပြုပူဇော်တာတွေ့ရပါတယ်ဘုရား၊ အဲဒါ အရှင်ဘုရားရဲ့ ရည်ရွယ်ချက်၊ အဓိဋ္ဌာန်ဘယ်လိုရှိတယ်ဆိုတာ သိပါရစေဘုရား''

''ဗုဒ္ဓဉာဏ်တော်(၆)ပါးကို ပဓာနအားဖြင့် ဝိသေသအထူးပူဇော်နေရခြင်းက အခြားကြောင့်မဟုတ်ပါဘူး။ဘာအကြောင်းကြောင့်လဲဆိုရင် ဘုရားမှန်မှ တရားမှန်မယ်၊ ဗုဒ္ဓဉာဏ်တော်တွေကို ထူးထူးမြတ်မြတ်ပူဇော်ရင် တူတဲ့အကျိုးလည်းပေးတယ်။ ဉာဏ်ကြီးလာတယ်။ ဉာဏ်ကြီးလာတော့ လောကီ၊ လောကုတ္တရာဉာဏ်တွေဟာ အားလုံးကုန်မင်ဉာဏ်၊ ဖိုလ်ဉာဏ်အထိ ကျေးဇူးပြုတဲ့အတိုင်း ကေန်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဉာဏ်တော်(၆)ပါးကို ထပ်ကာ ထပ်ကာ ကြည်ညိုပါ





ဒီဉာဏ်တော် (၆)ပါးထဲမှာ အားလုံးကဲ့နို့ အခြေခံပါတယ်''

''ဘဘုန်းကြီး''ဟု နာမ်စားသုံးကာပြောဆိုနေသော ဆရာတော်၏ စကားထဲ၌ အထူးအဆန်းနာမ်စား တစ်လုံးပါလာနေသည်။ ကျွန်တော်တို့ကို ဒကာကြီးတို့ဟု အခေါ်အဝေါ်စား''အလိမ္မာကြီး''တို့ ''အလိမ္မာကြီး''တို့ဟု ခေါ်သောအခါ ကျွန်တော်တို့ပြုံးရသည်။ သည်ဝေါဟာရ၏အဓိပ္ပါယ်နှင့် ကျွန်တော်တို့ခန္ဓာအိမ်ထဲက စိတ်တွေနှင့်ကော ထိုက်တန်ပါရဲ့လား။ ''အလိမ္မာကြီး''ဟု အခေါ်ခံရသောကြောင့် ကျွန်တော်တို့အနေကျုံ့သွားရသည်။

''အလိမ္မာကြီး ‥ အလိမ္မာကြီးလို့ခေါ်တာက ဘဘုန်းကြီးငယ်ငယ်တုန်းက ကလေးဘဝတုန်းကပေါ့လေ၊ အဖွားက အလိမ္မာကြီးလို့ခေါ်တယ်။ အဲဒါဆိုရင် သိပ်စိတ်ချမ်းသာတာ၊ ဒါကြောင့်မို့လည်း တွေ့တဲ့ပုဂ္ဂိုလ်မှန်သမျှ အလိမ္မာကြီးလို့ပဲခေါ်တာ''

ကျွန်တော်တို့သည်လည်း ''အလိမ္မာကြီး''ဟု အခေါ်ခံရသဖြင့် စိတ်ချမ်းသာရာရပါသည်။ သို့သော် ဆရာတော်ကိုတော့ ပြန်လည်လျှောက်ထားရသည်။

''တပည့်တော်တို့ ဆရာတော်ခေါ်သလို အလိမ္မာကြီးဖြစ်အောင် အများကြီးကြိုးစားရပါအုံးမယ်ဘုရား၊ ဆရာတော်ခေါ်လိုက်တဲ့စကားလုံးက တပည့်တော်တို့မှာ ထိန်းရသိမ်းရဖို့တာဝန်သိပ်ကြီးသွားပါပြီ''

ဆရာတော်ကပြုံးနေသည်။ ကျွန်တော်တို့၏ ဓမ္မသာကစ္ဆာစကားဝိုင်းကား ည(၁၂)နာရီထိုးခါနီးမှပြီးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ညောင်းလှပြီ။ ကျောဆန့်ကျောခင်းချင်ပေပြ
သည်တော့မှ ဆရာတော့်နေရာကို ကိုယ်ချင်းစာတွေးကြည့်
မိသည်။ ဆရာတော်သည် နေသဖွဲ့မှုတင် (တုံးလုံးမလှဲသောဓုတင်
ဆောင်ထားဆဲဖြစ်သဖြင့် တုံးလုံးမလှဲ၊ ကျောမဆန့်၊ ကျောမခင်
သည်မှာ နှစ်ပေါင်း (၂၆)နှစ်ကျော်ခဲ့ပြီ။ ကျွန်တော်တို့မှာ (၂
နာရီပင်မပြည့်သေး။ ကျောခင်းချင်လှပြီ၊ ခန္ဓာကိုယ်ကြီးက
တောင်းဆိုနေပြီ။ စိတ်ကလည်း အလိုလိုက်ဖို့အသင့်ဖြစ်နေပြီ

ကျွန်တော်တို့တတွေ အိပ်ဖို့နေရာတွေပြင်သောအခါ
ဆရာတော်က စကြံလျှောက်လေသည်။ ကျောင်းရုံနှင့် ကျွန်တော်
တို့တတွေအိပ်ပျော်ကုန်သည်။ တစ်ရေးနိုး၍ထကြည့်လိုက်တော့
ဆရာတော်သည် ကုလားထိုင်မှာငုတ်တုတ်။ ခြင်ထောင်မရှိ
ခေါင်းအုံးမရှိ၊ အိပ်ရာမရှိ။ ဆရာတော့်ကျောင်းက ခြင်တွေ
အလွန်ကိုက်သည်။ ကျွန်တော်တို့မှာ ခြင်တွေ၏တဝီဝီဆူညံသံ
ကြောင့် အိပ်ရတစ်ချက်၊ မရတစ်ချက်။ တဝီဝီခြင်သံတွေ
မကြားရအောင် စောင်ခေါင်းမြီးခြုံသည့်အခါခြုံသည်။အသက်ရှ
နည်းနည်း မွမ်းလာလျှင် ခေါင်းမြီးခြုံထားရာမှပြန်ဖွင့်ရသည်။ သည်
လိုနှင့် ခန္ဓာကိုယ်ကြီး အနားရရေးအတွက် ကျွန်တော့်မှာ
တစ်ညလုံးအလုပ်ရှုပ်နေတော့သည်။ ကျွန်တော် လှဲအိပ်နေရာ
မှမျက်လုံးလှန်ကြည့်တိုင်း ဆရာတော်သည် ကုလားထိုင်ပေါ်
ထိုင်ကာ သီတင်းသုံးလျက်သား။ ခြင်တွေ ယမ်းတာ၊ ခါတာ
နှင့်ထုတ်တာလည်းမရှိ။ ဆရာတော်နှင့်ခြင်တွေသည် ယဉ်ပါးနေ
ရလေသည်။ သို့နှင့်ကျွန်တော်သည် နိုးတစ်ခါ၊ အိပ်တစ်လှည့်





ဆရာတော့်ထံလှမ်းကြည့်တစ်လှည့်ဖြင့် နံနက်(၃)နာရီ ထိုးသော
အခါ ဆက်အိပ်၍မရတော့။ ကျွန်တော်မျက်နှာသစ်ပြီးသောအခါ
ဆရာတော်သည် ဘုရားမီးတချို့ဖွင့်ထားပေပြီ။ ပြီးတော့
ဆရာတော်သည် စကြံလျှောက်နေလေပြီ။ အခြားသူများကား
အိပ်မောကျနေဆဲ။ဆရာတော်က လေသံတိုးတိုးဖြင့်စကားဆိုသည်။
သုကူမှုတင်ဖြင့်ရသော ဆရာတော့်ကိုယ်ပေါ်မှ သင်္ကန်းကိုလှစ်ပြ
သည်။ ''ဒါ ဆရာတော်ကြီးတစ်ပါးရဲ့ အလောင်းပတ်ထားတဲ့
သင်္ကန်းပေါ့၊ ဒီမှာ လေအပုပ်ရည်တွေစွန်းထင်ခဲ့တာ၊ ချွတ်လို့
ရတော့ဘူး''

စွန်းထင်းပေကျံနေသော သင်္ကန်း၏အတွင်းသားများကို
တွေ့ရသည်။သည့်နောက် ဆရာတော်စကြံလျှောက်နေစဉ်
ကျွန်တော်လည်းတရားထိုင်တော့သည်။ လက်ခုံပေါ်တွင်ခြင်တွေ
တွေးလိုက်လာကိုက်သည်။ သည်းခံရင်းမှ ပြောင်းလဲ
သွားသောရုပ်သဘောကို ဆင်ခြင်ရှုမှတ်ရသည်။တရားထိုင်
သည့်အချိန်များ၌ ခြင်ကိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်ဝေဒနာ
တွေကို ရှုမှတ်သည့်အလေ့အကျင့်တွေ ကျွန်တော့်မှာအတော်
များများရှိခဲ့၍သာ တော်တော့သည်။ ခြင်ကိုက်သည်မှလွဲ၍
ဆရာတော်၏ကျောင်းတိုက်၌ တရားထိုင်ရသည်မှာငြိမ်းချမ်း
သပါဘိ။မနေ့က ဆရာတော်ထံရောက်ကတည်းက ကျွန်တော့်စိတ်
တွေသည် ထူးထူး ခြားခြားကြည်လင်ငြိမ်းချမ်းနေတာကို သတိ
ထားမိသည်။ တရား(၁)နာရီထိုင်ပြီးသောအခါ ကျောင်းဝင်းနှင့်
ဆက်စပ်နေသော ငါးမျက်နှာဘုရားကြီးဆီသို့ လမ်းလျှောက်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ဘုရားဖူးပြီးခဏအကြာတွင် ဆရာဦးကျော်နန္ဒအော
ဦးခင်မောင်ဇော်တို့ လိုက်လာကြသည်။ မြို့ထဲသို့ ကားဖြင့်ထွ
သည်။ နာမည်ကြီးဟသာ်ာတမုန့်ဟင်းခါးစားကြသည်
ဆရာတော်က လှိုင်မြို့စားဟုခေါ်သော ဦးခင်မောင်ဇော်
လှမ်းမေးရသည်။

''ဆရာတော် အရုဏ်ဆွမ်းရော''

''ကောသနိက် ဓုတင်လေ ဗိုလ်မှူးရဲ့၊ တစ်ထပ်တည်
စားတာ၊ မနက် (၉)နာရီခွဲလောက်ဆိုရင် ဆွမ်းခံကြ
ကျွန်တော်တို့မှတ်တမ်းတင်လို့ရပါတယ်''

ဆရာတော်ဆွမ်းခံလမ်းကြောင်းတစ်လျှောက် ကျွန်တေ
တို့မှတ်တမ်းတင်ဓါတ်ပုံလိုက်ရိုက်သည်။သည့်အတွက် ဆရာတေ
ထံကြိုတင်ခွင့်ပြုချက်ယူထားရသည်။ ဆရာတော်ကား စကျွခြေ
လျက်။ညာလက်၌ယပ်တောင်ကို ထောင်ကိုင်လျက်။ ပုံ့သ
သင်္ကန်းကို သပ်ယပ်ညီညာစွာဝတ်လျက်။ သပဒါန ဓုတင်
အိမ်စဉ်အတိုင်း ဆွမ်းခံလျက်။ ဆရာတော့်ထံနှုတ်ဆက် ကန်တေ
အပြီး အပြန်ခရီးတွင် လမ်းကျမှ ဆိုင်ထမင်းစားမည်ဟု စိတ်
ထားသော်လည်း ဆရာတော်က ပတ္တပိဏ်ဓုတင်ကို မြည်းစ
ကြည့်ပါဦးဟုဆိုသဖြင့် ကျွန်တော်တို့စိတ်ကူးတွေပျက်ခဲ့ရသည်
ဆရာတော့်ဆွမ်းခံသပိတ်ထဲမှ ပိုလျှံသောဆွမ်းနှင့် ဟင်းတွေ
လင်ပန်းကြီးတစ်ချပ်ထဲတွင် ထည့်ထားသည်။ ထမင်းပါသည်
အုန်းထမင်းအချို့ တစ်ဝက်ပါသည်။ ငါးဖယ်ကြော်၊ ဝက်သ
ခေါက်ဆွဲကြော်၊ သရက်သီးမှည့်၊ အုန်းထန်းလျက်၊ ဒညင်း





တို့စရာ၊ ပတ္တပိဏ်ဓုတင်၊ တစ်ခွက်တည်းသာစားခြင်း တဲ့လား။
ကျွန်တော်တို့ကား ဟိုရွေးစား၊ သည်ရွေးစား ကိုယ်ကြိုက်
တာလေးအာရုံခံ၊ ကိုယ်မကြိုက်တာဖယ်စားအဖွဲ့တွေ။ ဘယ်လို
သုပ်ပြီး သည်လင်ပန်းထဲက အရောရောအထွေးထွေး အချို
အစပ်၊ အချဉ် ရသာစုံ ပတ္တပိဏ်ထမင်းပုံကြီးကို စားလို့ဝင်ပါ့မလား။
သို့သော်လည်း သည်းခံပြီးစားခဲ့ရသည်ပေါ့။ဆရာတော်တောင်
နေ့စဉ်ဘုဉ်းပေးနိုင်သေးတာ။

ဆရာတော်(၂၆)နှစ်ကျော် စောင့်ထိန်းကျင့်ကြံလာခဲ့သော
ဓုတင်အကျင့်၏ အဖျားခတ်ကလေးအဖြစ် တစ်ရက်၊ တစ်မနက်
သာကြုံခဲ့ရသော ကျွန်တော်တို့ တတွေမှာ တတွန့်တွန့်တလိမ်လိမ်။
သိမှုအဝိဇ္ဇာနှင့် စွဲလန်းမှုတဏှာတို့ကို ဓုတင်အကျင့်မြတ်သည်
ာရစပ်ထိုးချေနှိမ်နှင်းနိုင်ပါသည်။ဆယ်ပါးသောကိလေသာ
တို့သည်လည်း ဓုတင်ကိုကြောက်ကြရိုးအမှန်။ ထို့အတူ
ာ်လေသာကို မှီခိုစရာအဖြစ် မှားယွင်းစွာကိုင်တွယ်အသုံးပြုနေ
သော ကျွန်တော်တို့မှာလည်း ဓုတင်ကိုခပ်လန့်လန့်ပါပေ။ တောရ
ဆောက်တည်၊ သုသာန်၌နေ၊ သစ်ပင်ရင်း၌နေ၊ လွင်တီးခေါင်၌
နေသော ဓုတင်မျိုးဆိုလျှင် ကျွန်တော်တို့သည် အနားသို့
သီပင်မသီဝံ့။

သည်ဓုတင်အကျင့်ကို မကျိုးမပေါက်အောင် ထိန်းသိမ်း
ကျင့်ကြံလာခဲ့သော ဆရာတော်သည် နှစ်ရှည်လာသည်နှင့်အမျှ
အဓိဋ္ဌာန်ပါရမီသည်လည်း ရင့်ကျက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့်
ဆရာတော်သည် ဗုဒ္ဓဂယာသို့ ကြွရောက်ခဲ့စဉ်က ဆွမ်းလှ



www.burmeseclassic.com

www.burmeseclassic.com



အမိဋ္ဌာန်(၇)ရက်ပင် ဆောင်နိုင်ခဲ့ခြင်းဖြစ်မည်။ ဆရာတော်၏ ကျင့်နိုင်၊ စွမ်းနိုင်၊ ဆောင်နိုင်၊ ပြောနိုင်၊ ဟောနိုင်၊ ရှင်းနိုင်၊ လင်းနိုင်ပုံတွေကိုလည်း တစ်နေ့တစ်ညတာ ဆရာတော်နှင့်အတူ နေထိုင်ပြောဆိုမေးမြန်းလျှောက်ထားမှုမှတစ်ဆင့် သိခဲ့ရပေပြီ။ ကုသိုလ်ပြီးရင်း ကုသိုလ်ဖြစ်ကာ ကုသိုလ်အခြားမရှိ တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် ကျင့်ကြံအားထုတ်နေသော ဆရာတော်အား ကြည်ညို လေးမြတ်စွာနှုတ်ဆက် ကန်တော့ရင်းမှ –

''ဘဝအတွက် အဆုံးအမတရားများချီးမြှင့်ပါ အရှင်ဘုရား''ဟု လျှောက်ထားမိသည်။

''အင်း ... တရားအလုပ်ကို တကယ်လုပ်နေမယ်ဆိုရင် ကိလေသာတွေကို တကယ်စွန့်နိုင်ရမယ်။ လိုချင်တောင့်တမှုတွေကို အလိုလိုက်နေရင် တရားဘက်မှာ အစွမ်းထက်မလာဘူး။ တရားဘက်မှာအစွမ်းထက်လာချင်ရင် လိုချင်မှုတွေကို စွန့်နိုင်ရမယ်။ ဒါကြောင့်မို့ **''စွန့်မှစွမ်းမယ်''**။ ပြီးတော့ တရားထူးဆိုတာ သဘောထားမှုတမှလည်း ရနိုင်မယ်။ သဘောထားမှုတအောင် သဘောထားတတ်ရမယ်။ ဒါကြောင့်မို့ **''မျှမှရမယ်''**။ ပြီးတော့ လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့စိတ်အာရုံမှန်သမျှ **''ငြိမ်မှငြိမ်းချမ်းမယ်''**၊ လှုပ်ရှားနေရင်ပူလောင်မယ်။ ဒါကြောင့်ငြိမ်မှငြိမ်းမယ်။ ကဲ ခြုံလိုက်ရင် အလိမ္မာကြီးတို့ဘဝအတွက် ဓမ္မလက်ဆောင်ကတော့ **''စွန့်မှစွမ်းမယ်''**။ **''မျှမှရမယ်''**၊ **''ငြိမ်မှငြိမ်းမယ်''**။ ဒီအဆုံးအမကို ဉာဏ်ရှိသလိုသာ သုံးစွဲကြပေတော့'' ကဲ .. ကဲ ကျောက်ထီးတန်ဆွေ အလေးဂရုပြု သာသနာပြုနိုင်ကြပါစေဗျာ''





ဟင်္သာတမြို့မှရန်ကုန်သို့ အပြန်ခရီးတာလျှောက်လျှော်း ကျွန်တော်သည် ဆရာတော့်အဆုံးအမကို အထပ်ထပ် ဆင်ခြင်နေမိသည်။ ကျွန်တော်လက်ရှိကျင့်ကြံနေသော သတိပဋ္ဌာန်တရား၊ ထိုတရားတော်ပေါ်တွင်ထားရှိသော ကျွန်တော်၏ သဘောထား၊ မငြိမ်နိုင်သေးသော ကျွန်တော့်စိတ်၏လှုပ်ရှားမှုများစသည်တို့ကြောင့် မစွမ်းသေး၊ မရသေး၊ မငြိမ်းသေးသော ကိုယ့်အဖြစ်ကို ကိုယ် သုံးသပ်ရနေမိရင်းမှ ......

(အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း အတွဲ(၁) အမှတ် (၉) မှ)

မှတ်ချက်

*နဝမ္မတက်ါစာရဆရာတော် (ကျောက်ထီးတန်ဆွေ သာသနာပြုဆရာတော်)နှင့် ပတ်သက်၍ အသေးစိတ်သိလိုပါလျှင် ဆရာတော်ရေးသားပြုစု၍ ဓမ္မဒါနအဖြစ် ဖြန့်ဝေထားသည့် ''နိဗ္ဗာန်လမ်းညွှန်ကျမ်း''ကို ဖတ်ရှုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။*

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



လူလာဖြစ်ပြီး စည်းစိမ်ခံစားဖို့၊ သူများကိုအနိုင်ကျင့်ဖို့၊ သူများထက်အသာစီးရဖို့၊ အားလုံးကိုအကျိုးမဲ့ဖြစ်အောင် လုပ်ဖို့မဟုတ်ပါဘူး။ လူလာဖြစ်ပြီး လူ့အသိဉာဏ် အပြည့်အဝနဲ့ လူ့လောကကြီးရဲ့ကောင်းကျိုးကို လုပ်နိုင်ဖို့ပါ''

## မှုဝေထောက်ရှု စောင့်ရှောက်မှုဖြင့်

အဖေ့ကျန်းမာရေးကို အကြောင်းပြု၍ ကျွန်တော်သည် ဆရာ့ထံသို့ တစ်လတစ်ခေါက် အမြဲရောက်ဖြစ်ခဲ့သည်။ ဆရာ့ထံသို့ရောက်တိုင်း ဆရာ့အခန်းနံရံ၌ ကပ်ထားသောဆောင်ပုဒ်ကလေးကို အမြဲဖတ်ဖြစ်သည်။ ထိုဆောင်ပုဒ်ကလေးကို ဖတ်ဖြစ်လေတိုင်း ဆောင်ပုဒ်ပါ စာသားအဓိပ္ပါယ်များနှင့်အညီ လှုပ်ရှားသက်ဝင်နေသော ဆရာ့ပုံရိပ်တွေကိုတွေ့ရစမြဲ။

အဖေ့ကိုစမ်းသပ်ကုသ နေစဉ်၌လည်းကောင်း၊ စမ်းသပ်ကုသပြီး၍ ဆေးမှတ်ချက်များ ရေးသားနေစဉ်၌လည်းကောင်း ဆရာသည် အလုပ်လုပ်ရင်း တစ်ဘက်နှင့် ကျွန်တော်နှင့်စကားပြောလေ့ရှိသည်။ ထိုအခါ တိုင်ပင်မထားပါလျှက် စကားဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ခု အမှတ်မထင်ဖြစ်သွားတတ်သည်။ ထိုအချိန်၌ အဖေသည် လူနာဘဝမှသည် နားထောင်သူပရိသတ်တစ်ဦး ဖြစ်သွားရပြန်ပါသည်။

''ကျွန်တော့်အတွေးအခေါ်ကတော့ သိပ်ပြီးလူဆန်နေမလားတော့မပြောတတ်ဘူး။ ဖြစ်နိုင်ရင်ပေါ့လေ၊ ကျွန်တော် နောက်ဘဝမှာတောင် သည်မြန်မာပြည်မှာပဲ လူဖြစ်ချင်တယ်။ ဒီလိုဆေးတပ်ဖွဲ့ထဲမှာပဲ ဆရာဝန်ပြန်ဖြစ်ချင်တယ်။ နောက်ဘဝတစ်ခုတည်းနဲ့တောင် မလောက်ဘူးဆိုရင် နောက်သုံး လေးဘဝလောက်ထိဖြစ်ချင်ဖြစ်။ ဒီလိုပဲဖြစ်ချင်တယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်တော်တို့နိုင်ငံက ဆင်းရဲတဲ့လူတန်းစား များနေသေးတယ်။ အခြားနိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် အသိပညာ၊ အတတ် ပညာ အများကြီးနောက်ကျနေသေးတယ်။ဒီတော့ ကျွန်တော်တို့လို ပုဂ္ဂိုလ်တွေက နောင်တက်လာမယ့် Generation အသစ် မျိုးဆက်သစ်လူငယ်တွေကို လက်ဆင့်ကမ်းပညာအမွေတွေ အများကြီးပေးဖို့ လိုအပ်နေတယ်။ ဒီအတွက် ကျွန်တော်တို့ ကိုယ်တိုင် ထူးချွန်အောင်၊ ထက်မြက်အောင်၊ ကြိုးစားထားဖို့ လိုသလို၊နောင်တက်လာမယ့် လူငယ်တွေထဲက ထူးချွန်တဲ့၊ ထက်မြက်တဲ့၊ စာရိတ္တ ကောင်းတဲ့၊ အများအကျိုးသယ်ပိုးချင်တဲ့ လူငယ်တွေ များများပေါ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးဖို့ လိုအပ်နေတယ်။သည်ကွက်လပ်ကြီးက ကျွန်တော်တို့ လူမှုအဖွဲ့





အစည်းထဲမှာရှိနေတယ်။ သည်ကွက်လပ်ကြီးကို ဘယ်သူတွေ ဖြည့်ကြမလဲ၊ ကျွန်တော်တို့တတွေကမှ သည် Blank ကြီးကို မဖြည့်ပေးရင် ဘယ်လိုလုပ်မလဲ''

ဆေးမှတ်တမ်းရေးနေရင်းမှ အားတတ်သရော လှမ်းပြောနေသောဆရာ့ကို ကျွန်တော်ငေးမော ရီဝေစွာကြည့်နေမိသည်။ ဆရာ သည် ကျွန်တော့်ထက် (၁၀)နှစ်ကျော်ခန့်ကြီးပေမည်။ သို့သော် ဆရာ့တွင်ရှိနေသော စိတ်အားမာန်များကြောင့် ဖြတ်လတ်သွက်လက်ဆဲ၊ နုပျိုလတ်ဆတ်ဆဲ။ ဆရာ့ အသံလှိုင်းကိုကြားရပြန်သည်။

''ကျွန်တော်က ကိုမြသန်းစံ တို့လောက်တရားဘက်မှာအား စိုက်စိုက်မလုပ်ဘူးသေးတော့ အတွေးအခေါ် အသိအမြင်တွေက သိပ်ပြီးလူသားဆန်နေမလားပဲ''

''ဒီလိုလည်းမဟုတ်သေးပါဘူးဆရာ၊ ကျွန်တော်လည်း ဆရာနဲ့ပတ်သက်လို့ သိအောင် နားလည်အောင် ကြိုးစားနေရတဲ့အဆင့်မှာပဲရှိသေးတာပါ''

''ဘာပဲဖြစ်ဖြစ်လေ၊ ကိုမြသန်းစံက ကျွန်တော်တို့ ဆက်စာရင်တော့ ပိုလုပ်ဖြစ်တယ် ဆိုတာထင်ရှားပါတယ်။ ခင်ဗျား ရေး တဲ့စာတွေ ခင်ဗျားထုတ်နေတဲ့ မဂ္ဂဇင်းတွေက သက်သေခံနေတာ ပဲမဟုတ်လား။ ကဲထားပါတော့၊ ကျွန်တော်က ဘဝကိုမငြီးငွေ့သေးတော့ မငြီးငွေ့သေးဘူးဆိုတော့ ပျော်နေတယ်လို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့မရပြန်ဘူး။ အဲ တစ်ခုတော့ရှိတယ်ပေါ့လေ။ကျွန်တော်က လောလောဆယ်တော့ နိဗ္ဗာန်ကိုမလိုချင်သေးဘူး။ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသအကြောင်းလည်း ကိုမြသန်းစံ တို့ကြားဖူးမှာပဲ၊ ဆရာတော်ရဲ့လုပ်ရပ်၊ ဆရာတော်ရဲ့စိတ်ထား ဆရာတော်ရဲ့ဂုဏ်ရည်တွေဘယ်လောက်အားကျကြည်ညို စရာ ကောင်းသလဲ။ မကုန်မခမ်းနိုင်လောက်အောင်ပါပဲ။ ဒါကြောင့်မို့ မဟာဂန္ဓာရုံ ဆရာတော်ဘဝနဲ့ အချိန်မလောက်လို့ နောက်ဘဝ မြန်မာပြည်မှာပဲ လူဖြစ်ချင်၊ ရဟန်းဖြစ်ချင်၊ သာသနာ့ အကျိုး ဆက်လက်ဆောင်ရွက်ချင်တဲ့ဆန္ဒတွေ ဘယ်လောက်ပြင်းပျသွား သလဲဆိုတာ ကိုမြသန်းစံတို့လည်း ဖတ်ဖူးမှာပေါ့။ ကျွန်တော်က အဲဒီ စိတ်ဓာတ်မျိုးကို အားကျကြည်ညိုတာပါ။ လူလာဖြစ်ပြီး စည်းစိမ် ခံစားဖို့ သူများကိုအနိုင်ကျင့်ဖို့ သူများထက် အသာစီးရဖို့ အားလုံးကိုအကျိုးမဲ့ဖြစ် အောင်လုပ်ဖို့မဟုတ်ပါဘူး။ လူလာဖြစ်ပြီး လူ့ အသိဉာဏ်အပြည့်အဝနဲ့ လူ့လောကကြီးရဲ့ကောင်းကျိုးကို လုပ်နိုင်ဖို့ပါ''

သည်စိတ်ကူးသည်အတွေးတွေသည် ပါရမီလမ်းကြောင်းနှင့် လာသူတို့၏အတွေး၊ စိတ်ကူးများပင်။ သည့်ထက်ပိုအဆင့်မြင့်မြင့် သိမြင်လာလျှင် ဘုရားအလောင်းတော်တို့၏စိတ်ဓာတ်ကို အားကျမိ သည်အထိဖြစ်သွားနိုင်ပါသည်။ ကုဋေရှစ်ဆယ်စည်းစိမ် တွေ စွန့်လွှတ်ကာ အဘိညာဉ်ရ ရသေ့တစ်ပါးဖြစ်နေပြီး (၇)ရက်





အတွင်း ရဟန္တာဖြစ်၍ လောကသံသရာမှ လွတ်မြောက် ရုန်းထွက် သွားနိုင်ပါလျက် သတ္တဝါတို့အပေါ်ကြီးမားလှသော မဟာကရုဏာ တော်ကြောင့် ဘုရားဖြစ်အောင် ပါရမီဖြည့်ဆည်းတော့မည် ဟုသော သုမေဓာရှင်ရသေ့၏ အလောင်းတော် စိတ်ဓာတ်သည် မခန့်ကြီးကျယ် မြင့်မြတ်လှပေစွ။ သည်စိတ်ဓာတ်ကြောင့်ပင် ရှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ဆည်း ပြီးသောအခါ ဒ္ဓတ္ထမင်းသားဘဝ၌ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ မဟုတ်လား။ သည်စိတ်ဓာတ် မျိုးတွေသည် သာမန်လူတို့တွင် နိုင်ခဲလှသောစိတ်ဓာတ်မျိုးဖြစ်သည်။ ကျွန်တော်က ''ဘုရားရှင် အဓိပ္ပါယ်ကိုခံစားကြည်ညိုခြင်း'' စာအုပ်ကိုရေးသားရန် တွက် ဘုရားအလောင်းတော်တို့၏ စိတ်ဓာတ်နှင့်သတ္တိ၊ ကရုဏာစိတ်ထားနှင့် ပညာဉာဏ်တို့ကို ထဲထဲဝင်ဝင် လာခံစားထားခဲ့ဖူး သမျှထဲမှ အနှစ်ချုပ်ကို ဆရာ့အား ပြောပြမိ သည်။ ထိုအခါဆရာက ''ကျွန်တော့်ကိုယ်ကျွန်တော် အဲသည် လောက်အထိ မမှန်းရဲသေးပါဘူး ကိုမြသန်းစံရယ်၊ အခု လော ဆယ် ကျွန်တော်ခံယူ ထားတာကဘုရားရှင်အဆက်ဆက် ခဲ့တဲ့ စကားသုံးခွန်းပါပဲ။ ကောင်းတာမှန်သမျှလုပ်၊ ကောင်းတာမှန်သမျှ မလုပ်နဲ့၊ မိမိစိတ်ကို ဖြူစင်အောင်ထား တဲ့အဆုံးအမလေ''

''ဟုတ်တယ်ဆရာ ကျွန်တော်လည်း ဒီအဆုံးအမ



www.burmeseclassic.com

www.burmeseclassic.com



ဝကားလေးကြောင့်ပဲ ဘဝအမြင် အကြီးအကျယ် ပြောင်းလဲသွား
ရတာ''

''ဟုတ်တယ်၊ ကျွန်တော်ဖတ်ရတယ်လေ၊ ကိုမြသန်းစံရဲ့
စာအုပ်လေ၊ မေတ္တာ၊ ဓမ္မ သာသနာ့အလင်းရောင်တို့၏အေး
သောဆွဲငင်အားထင်တယ်၊ အဲဒီထဲမှာ မဟာဗောဓိမြိုင် ဆရာတော်
ကြီးနဲ့ ကိုမြသန်းစံတွေ့ခဲ့တာလေ''

''ဟုတ်ပါတယ်ဆရာ''

''မိမိစိတ်ကို ဖြူစင်အောင်ထားဖို့ဆိုတာက တော်တော်
ခက်တာ၊ ကျွန်တော်တို့လည်း ဒီနေရာမှာ ဒီတာဝန်တွေယူထား
ရပေမယ့် အချိန်ပြည့်စိတ်ချမ်းသာ နေတယ်ရယ်လို့မရှိပါဘူး
လောကဓံမုန်တိုင်းတွေက အမြဲတမ်းရိုက်ခတ်နေတာပါပဲ
တစ်ခါတလေ မုန်တိုင်းဒဏ်သိပ် ပြင်းလွန်းရင် မနေချင်တော့
လောက်အောင်ကို ဖြစ်ခဲ့ရဖူးပါတယ်။ ဒီလိုအခါမျိုးကျရင်
ပုထုဇဉ်ဆိုတဲ့ စိတ်အပေါ်မှာ ခံနိုင်ရည်ရှိဖို့ အတော်ကြိုးစား
အားထုတ်ရတာ''

ရာထူးကြီးကြီး၊ တာဝန်ကြီးကြီး။ အထူးက ဆရာဝန်ကြီး
ကိုလည်း လောကဓံမုန်တိုင်းတွေက မညှာမတာရိုက်ခတ်တတ်
သေးသည်။

''လောကထဲကို ရောက်လာတဲ့လူသားတိုင်း၊ လူ့အ
အစည်းထဲကို ရောက်လာတဲ့ လူသားတိုင်းဟာ လောကဓံတရား





ကို ခံရစမြဲပါပဲဆရာ။ အနည်းနဲ့ အများပဲကွာပါတယ်။ ချမ်းသာနေ
တာ၊ ရာထူးတွေကြီးနေတာ၊ လုပ်ပိုင် ခွင့်တွေရနေတာဟာလည်း
အကောင်းလောကဓံကိုခံနေရတာပဲ၊ ပြုပြင်ပြောင်းလဲမှုဆိုတဲ့ သခါရ
ရဲ့သဘောသဘာဝအရ တစ်ချိန်ကျရင်ချမ်းသာတာက ဆင်းရဲ
တာဖြစ်၊ ရာထူးရှိရာကနေ မရှိ တော့တဲ့အခြေဖြစ်၊ လုပ်ပိုင်ခွင့်တွေ
ရှိနေရာကနေ မရှိတော့တဲ့ အခြေအနေဖြစ်လာရင် အဆိုး
လောကဓံကိုခံရတော့တာပါပဲ။ အကောင်းလောကဓံကိုခံ နေရ
တုန်း၊ ခံစားနေရတုန်းကတော့ ဒါဟာလောကဓံလို့ သဘော
ပေါက်တဲ့ လူများပါတယ်။ ကျွန်တော်လည်း ဟိုတစ်ချိန်တုံး
ကသည်လိုပါပဲ . . .၊ အဆိုးလောကဓံခံရတော့မှ ခံစားရတော့မှ
ဒါဟာလောကဓံပါလားလို့ ကယောင်ကတမ်းသတိရကြ
တော့တာပဲ''

''ဟုတ်တယ်ဗျ အဲဒီ Turnning Point မှာ လူတွေ
တော်တော်များများ ကယောက် ကယက်ဖြစ်တတ်ကြတယ်။
အဲဒီလိုကယောက်ကယက်ဖြစ်နေတာနဲ့ပဲ စိတ်ကိုဖြူစင်အောင်ထား
ဖို့ ဆိုတဲ့ ဘုရားရှင်ရဲ့အဆုံးအမကို ဘယ်လိုလုပ်ပြီး သတိရနိုင်
ပါတော့မလဲ၊ အဲဒီတော့ နဂိုကမှ စိတ်ကိုဖြူစင်အောင် လေ့ကျင့်
ထားတော့လေ့ကျင့် ရကောင်းမှန်းမသိတော့ အဲဒီအချိန်မှာ
ဆင်ရာစိုင်းတော့တာပဲပေါ့''

လူနာအသစ်နှစ်ယောက်ဝင်လာသဖြင့် စကား



www.burmeseclassic.com

www.burmeseclassic.com

လက်စပြတ်သွားရသည်။ ဆရာသည် မည်သည့်လူနာလာလာ ရှင်ကြည် သောအပြုံးဖြင့်ဆီးကြိုတတ်စမြဲဖြစ်သည်။ လူနာ တိုင်းသည် နောက်ခံရာထူး၊ နောက်ခံအရှိန်အဝါ၊ မည်မျှကြီး သည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဆရာ့ထံမှ ချိုမြသော အပြုံး တစ်မျိုးတည်းကိုသာ ရကြစမြဲ။ ဆရာ့အပြုံးသည် လူနာ၏ နောက်ခံ အရှိန်အဝါအပေါ်မူတည်၍ ပြောင်းလဲမသွား။ တသမတ် တည်းပင်။ မည်သူကိုတော့ ပိုပြုံး၍ မည်သူကိုတော့ လျော့ပြုံး မည် ဟူ၍ ဆရာ့မှာမရှိ။ ထို့ပြင် မည်သူလာလျှင် ပြာပြာ ပြာပြာ မည်သူလာလျှင် ပုံမှန်၊ မည်သူလာလျှင် မသိသလို၊ ဂရုမစိုက်သလို ပုံစံမျိုး သည် ဆရာ့ထံ၌မရှိ၊ ဆရာ့ အပြုအမူ ညီညွတ် မှန်ကန်ပုံကို ကြည့်၍ ဆရာ့ကို ကျွန်တော် ပိုမိုလေးစားရသည်။ သည်ကိစ္စနှင့် ပတ်သက်၍ ယခင်တစ်ပတ်ဆရာ့ အိမ်သို့ခရီးဟန်လွှဲ ရောက်သွား ခဲ့စဉ်က ဆရာပြောခဲ့တာကို မှတ်မိ နေသေးသည် —

''အားလုံးကလူနာတွေပဲဗျာ၊ ရောဂါတစ်ခုခုရှိလို့ ကျွန်တော့်ဆီလာကြတာပဲပေါ့၊ ကျွန်တော်က ဆရာဝန်ပဲဟာ ရောဂါကိုတွေ့အောင်ရှာမယ်၊ ဒီရောဂါကိုပျောက်မယ့်နည်းလမ်း ကိုရှာမယ်။ဒါကျွန်တော့် တာဝန်ပဲပေါ့။ ဒါကိုရိုးရိုးလေး သဘော ပေါက်ထားရင် ပြီးတာပါပဲ။ ရောဂါနဲ့ ရောဂါရှာဖွေသူတို့ ရင်ဆိုင် တွေ့ရတဲ့ အခိုက်အတံ့ပဲလို့ ကျွန်တော် သဘောထားပါတယ်။ ကျွန်တော်အာရုံပြုဖို့ကရောဂါကိုပဲလေ၊ ဒီရောဂါဝေဒနာကြောင့် ခံစား နေရတဲ့လူမမာ သက်သာသွားဖို့ ကျွန်တော်ကမေတ္တာတရား ထားရမယ်၊ သူ့ဘာသာသူ ရာထူးကြီးတာ၊ ငယ်တာ၊ ဂုဏ်ရှိတာ၊ မရှိတာ၊ ငွေရှိတာ၊ မရှိတာ ကျွန်တော်နဲ့မဆိုင်ဘူး။ ကျွန်တော် ကုနေတာက ရာထူးကိုမဟုတ်ဘူး။ ဂုဏ်လည်းမဟုတ်ဘူး။ ငွေကို မဟုတ်ဘူး၊ ရောဂါကိုကုနေတာ၊ ဒီရောဂါကြီးမွေ့ပိုက်ထား ရတဲ့ လူနာကို ကျွန်တော်တတ်ထားတဲ့ ဆေးပညာနဲ့ကယ်တင်ပေး လိုက်ချင်တာ။ အဲဒီစေတနာရဲ့သတ္တိကို ကျွန်တော့် စိတ်အရည် အချင်းအဖြစ် မွေးထားလိုက်ချင်တာ''

နောက်ထပ်လူနာတစ်ဖွဲ့ ဝင်လာပြန်သည်။ဆရာ့အခန်း အသေးထဲရှိ ထိုင်ခုံများ၌လူနာတွေဖြင့် ပြည့်ကြပ်သွားပြီဖြစ်သည်။ ဆရာက အဖေ့ကို စမ်းသပ်ခန်းထဲသို့ခေါ်သွားသည်။

''ကိုမြသန်းစံလည်း လိုက်ခဲ့လေဗျာ''ဟုဆိုသဖြင့် ကျွန်တော်ထလိုက်သွားရသည်။ဆရာမရောက်မီမှာပင် ဆရာ့ လက်ထောက်ဆရာဝန်ကလေးက အဖေ့ကိုသွေးခုန်နှုန်း၊ နှလုံးခုန် နှုန်းတွေ တိုင်းထားပြီးဖြစ်သည်။ လက်ထောက် ဆရာဝန်လေးက ဆရာ့ကို သူစမ်းသပ်တွေ့ရှိထားသမျှကို တင်ပြနေသည်။ ဆရာက အဖေ့ကိုထပ်မံစမ်းသပ်ရင်းမှ လက်ထောက် ဆရာဝန်လေးကို အကြံတွေ့သင်ပြပေးနေပြန်သည်။ ပြီးမှ ...

''ကျွန်တော်က သူတို့ကိုရော၊ ဆရာဝန်လောင်းလေးတွေ ကိုရော ပြောပြသင်ပြနေရတယ်၊ ကဲပြောပါအုံး ဆရာဝန် ဘယ်နှစ်





www.burmeseclassic.com

www.burmeseclassic.com



မျိုးရှိ သလဲဆိုတာလေးကိုယ် မောင်ရင်တို့ကို Lecture room ထဲမှာ ပြောခဲ့တာလေ''

''ဟို ရမ်းကုဆရာဝန်၊ မှန်းကုဆရာဝန်၊ လုမ်းကုဆရာဝန် ကွက်ကုဆရာဝန်ပြီးတော့ . .''

လက်ထောက်ဆရာဝန်လေးက ရယ်လိုက်လေသည်။

''ကဲ ကိုမြသန်းစံသဘော ပေါက်အောင်ပြောရအုံးမယ် ရမ်းကု ဆရာဝန်ကတော့ ရှင်းပါတယ်။ မသိဘဲနဲ့ရမ်းကုတာ မှန်းကု ဆရာဝန်ကတော့ ယောင်ဝါးဝါးနဲ့ ဟိုဟာဖြစ်နိုး သည်ဟာဖြစ်နိုးနဲ့ ဆုံးဖြတ်ရခက်ပြီး လူနာရဲ့ရောဂါ လက္ခဏာနဲ့ ရောဂါဖြစ်ပုံကို ကိုယ်ကိုယ်တိုင်က သေသေချာချာ မသိဘဲ မှန်းကုတာ။ လုမ်းကုတာတော့ အကြားနဲ့ဖြစ်စေ၊ တယ်လီဖုန်းနဲ့အဝေးတစ်နေရာကို ဖြစ်စေ၊ Message အစုံမရဘဲနဲ့ treatment ကိုမှန်းပြီးအကြံလှမ်းပေးတာ၊ လှမ်းကုဆရာဝန်ပေါ့ ကွက်ကုဆရာဝန်ကတော့ငါကတော့ နှလုံးဆို နှလုံးပဲကြည့်တယ် ကျောက်ကပ်ကိုကြည့်ချင်ရင် ဟိုဘက်ဆေးခန်းသွားပြီး မှတ်ချက် ယူပြီးမှ ငါ့ဆီပြန်လာခဲ့ဆိုတဲ့ ဆရာဝန်မျိုးပေါ့။ ဒီအတွက် လူနာတွေခမျာ အတော်နစ်နာတယ်။ ဘယ်သူ့ကို အားကိုးရ အားကိုးရမှန်းမသိဖြစ်ဖြစ်သွားတယ်။ အဲခုနဆရာဝန်လေး ရယ် ချင်သွားတာက ကျွန်တော်တို့ ယောက်ျားချင်းမို့ပြောရအုံးမယ် အချို့ဆရာဝန်တွေက မိန်းကလေး ချောချောလှလှလေးလာ





သပ် ကုသရုံမကဘဲ အနမ်းမိုးတွေရွာလိုက်လို့ နမ်းကု ဆရာဝန် ခေါ်တယ်။ ဒါက ကိုယ်ကျင့်သိက္ခာနဲ့ဆိုင်တယ်။ ဒီလိုအခွင့်အရေး တတ်တဲ့ နမ်းကု ဆရာဝန်တွေလည်း ရှိတတ်တယ်။ ဒါမျိုးဆိုရင် နာရှင်ဘက်က ဘယ်လောက်နစ်နာသလဲ စဉ်းစားကြည့် . .၊ ဒါကြောင့်မို့ တပည့်တွေကိုပြောရတယ်၊မင်းတို့ ဘယ်လိုဆရာဝန် ဖြစ်ချင်ကြသလဲ စဉ်းစားကြလို့''

အဖေသည် လူနာကုတင်တွင် ပက်လက်လှန်လှဲနေရင်းမှ ဆရာ့ပြောစကားတွေကိုနားထောင်နေသည်။ အဖေ့မျက်နှာသည် ပြုံးယောင်သန်းလာသည်။

''ဒါတွေကြောင့် ကျွန်တော်တို့ ဆရာဝန်လောကထဲမှာ ဖြစ်နေ တာတွေကြောင့် ကျွန်တော်ဆရာဝန်ဘဝနဲ့ လေးငါး ခြောက်ဘဝလောက် လူပြန်ဖြစ်ချင်သေးတယ်လို့ပြောတာ၊ ကျွန်တော်လုပ်စရာတွေအများကြီး ရှိနေသေးတယ်၊ ကျွန်တော်တို့ လောကကို ကျွန်တော်တို့ပြုပြင်စရာတွေ အများကြီးရှိနေသေး တယ်။ဒီလိုလုပ်ရင်းနဲ့ပဲ ကျွန်တော် မဂ္ဂင်ရှစ်ပါးကို နှလုံးသွင်း နေပါတယ်။ ငါလုပ်နေတာဟာ မှန်ကန်တဲ့အမြင်က လာတာမှ ဟုတ်ရဲ့လား။ ငါကြံစည်နေတာဟာမှန်ရဲ့လား။ငါရဲ့အသက် မွေးမှုဟာ သမ္မာအာဇီဝဖြစ်ရဲ့လား စသဖြင့်ပေါ့လေ၊ ဒါကို သတိထားနေတာဟာလည်း သမ္မာသတိဖြစ်နေမယ်လို့ ကျွန်တော် ယူဆတယ်။ သို့သော် ကျင့်ကြံအားထုတ်မှုကြောင့် အရှိန်ရလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



သမ္မာသတိမျိုး မဟုတ်ဘူးဆိုတာကိုတော့ကျွန်တော် သဘော ပေါက်ပါတယ်။သမ္မာသမာဓိ ဖြစ်ဖို့လည်း ကျွန်တော်ကြိုးစားသွား ရဦးမှာပါ''

ဆရာ့ကိုနှုတ်ဆက်၍ ကျွန်တော်တို့သားအဖနှစ်ယောက် ပြန်လာခဲ့ကြသည်။ ဆေးပေးခန်း၌ ဆေးဝင်ထုတ်ရသည် ဆေးထုတ် ရန်အလှည့်စောင့်ဆိုင်းနေစဉ်အတွင်း တစ်ချိန်လုံး ငြိမ်သက်နေသောအဖေ့ထံမှ စကားသံကြားရသည်။

''သည်လိုပုဂ္ဂိုလ်မျိုးကရှားတယ်ကွ၊ ဥပဓိရုပ်ကလည်း ကောင်း၊ ပညာကလည်းတတ်၊အဆင့်အတန်းကလည်းမခွဲခြား အကျင့်စာရိတ္တကလည်းကောင်းတယ်၊ တတ်ထားတဲ့ပညာတွေနဲ့ ဆိုင်းဘုတ်ထောင်ပြီး စီးပွားဖြစ်ကုစားတာမျိုးလည်းမရှိ ဘူး ဝန်ထမ်းဘဝမှာလည်းသူ့ဘဝရဲ့ အဖိုးတန်အချိန်တွေကို မြှုပ်နှံ ရင်း နိုင်ငံတော်အပေါ်မှာစေတနာ အပြည့်နဲ့ တာဝန်ထမ်းနေတာ သူ့ အဖွဲ့အစည်း၊ သူ့လူမျိုး၊ သူ့နိုင်ငံကို တိုးတက်ချင်တဲ့ဆန္ဒ သူ့မှာအပြည့်ရှိ နေတယ်။ ဒီနေရာကိုဘဝနဲ့လဲပြီး တော့တော် ဆက်ပြီးလုပ်သွားဦးမယ်ဆိုတာ နည်းတဲ့စိတ်ဓာတ်လားကွ ပါရမီရှင်ဆိုတာ ဒါမျိုးပဲကွ။ သူ့တို့လိုလူမျိုးတွေက မကျင့်နိုင် သေးပေမယ့် သိနေတာကွ။ အတိတ်ဘဝကပါရမီတွေကြောင့် တရားက သူတို့ကိုယ်ထဲမှာ ကိန်းအောင်းပါလာပြီးသားပဲ ဒီလိုလူမျိုးတွေ နေရာတိုင်း၊ ဌာနတိုင်းမှာရှိရင် လူ့လောကကြီး





သိပ်ကောင်းသွားမှာပဲ''

အဖေ့စကားကို နားထောင်နေရင်းမှ 'ဆရာ့အခန်းထဲက ဆောင်ပုဒ်စကားလေးကို ကျွန်တော်သတိရမြင်ယောင်လာမိ သည်။

**ရှိသူမှ မရှိသူသို့**

**မျှဝေထောက်ရှု စောင့်ရှောက်မှုဖြင့်**
**မေတ္တာသက်ရောက် ဒါနမြောက်၏။**

အလုပ်နှင့်အပြော ဘဝနှင့်ဆောင်ပုဒ်တစ်ထပ်တည်း ကျအောင် ကျင့်ကြံကြိုးစားနေထိုင်နေသော ဆရာ့ကို ကျွန်တော့် ရင်တွင်းမှ ဦးသုံးကြိမ်ချရင်းက သာဓုခေါ်လိုက် မိပါတော့သည်။

(ဆရာ .... သို့)

(အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း အတွဲ (၁) ၊အမှတ် (၁၀) မှ )



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



**သထီ၊ ဝီရိယ၊ သမာဓိတို့၏ စည်းလုံးညီညွတ်အား ပိုမိုခိုင်မာတောင့်တင်းလာလျှင်မူ ပေါ်နိုင်ခဲ့သည့် လာခဲ့လှသည့် ခိတ်ဆွေကြီးတစ်ဦးလည်း ထပ်မံရောက်ရှိလာပေမည်။**

**သူကား 'ဝညာ' .....။**

## ဝိုလ်ငါးပါးနှင့် တဏှာတို့၏စရိုက်

အမြဲတစေ တရားအားထုတ်နေသူတို့တွင် ဖြစ်လေ့ဖြစ်ထရှိသည့် သဘောတစ်ခုရှိပါသည်။

၎င်းမှာ တရားအားထုတ်နေသည့်အပေါ်၌ ငြီးငွေ့သွားခြင်း၊ တရားရှုမှတ်မှုကို ဆက်လက်၍ မလုပ်လိုတော့ခြင်းပင်။ ဤသည်မှာ အစဉ်တစိုက်အာရုံစိုက်ရလွန်းသဖြင့် အာရုံညောင်းသွားဟန်တူပါသည်။

စိတ်၏သဘာဝမှာ အပြောင်းအလဲကိုမှ ကြိုက်တတ်သည့် သဘောရှိပါသည်။

ပုံမှန်အားဖြင့်စိတ်သည် အာရုံတစ်ခုပေါ်၌ ကြာကြာနေလေ့မရှိပါ။

ဟိုပြောင်း၊ သည်လွင့်၊ ဟိုလွင့်၊ သည်ပြောင်းတတ်သည်မှာ စိတ်၏ဗီဇရုပ်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဗီဇရှပ်ရှိသူကို ရှုမှတ်စရာအာရုံတစ်ခုပေါ်၌ နေနိုင်းသောအခါ ပထမပိုင်း သတိခပ်တင်းတင်းထားချိန်၌ သူ့ခမျာ အာရုံပေါ်၌ မနေချင့်နေချင်နေရပါတော့သည်။

သို့သော်သူကအမြဲတစေ အကွက်ချောင်းနေသူတည်း။

သူ့ကိုထိန်းချုပ်ထားသော သတိ၏ဟာကွက်၊ အလစ်အငိုက်ကိုအမြဲစောင့် စားနေသူတည်း။

သတိကလည်း ဝီရိယ၏အကူအညီဖြင့် စိတ်ကို ရှုမှတ်နိုင်းထားသောအာရုံပေါ်၌ အမြဲနေစေသည်။

သတိနှင့်ဝီရိယတို့လည်းပင်းဖက် လက်ချင်းယှက်ထားလေလျှင် စိတ်သည် လွှင့်ထွက်ဖို့အခွင့်အရေးမရတော့၊ ဝီရိယက တွန်းတင်ပေး၊ သတိကထိန်းချုပ်ထား။

ထိုအခါစိတ်သည်လွှင့်ထွက်ဖို့ အခွင့်အရေးမရတော့သည့် အတူတူ ရှုမှတ်စရာအာရုံပေါ်နေရင်း ရှုမှတ်နေရတော့သည်။

သတိ၊ ဝီရိယတို့စွမ်းအားဖြင့် ရှုမှတ်ရဖန်များသောအခါ သတိ၊ ဝီရိယ တို့၏ မိတ်ဆွေဖြစ်သော သမာဓိသည် ဘာသိဘာသာ နေ၍မရတော့။

သတိ၊ ဝီရိယတို့ ကိုကူညီဆောင်ရွက်ပေးဖို့ ရောက်လာရပြန်သည်။

သမာဓိရောက်လာသည်နှင့် ရှုမှတ်မှုသည် ပိုမိုစူးစိုက်လာသည်။

သွားပြီ။

စိတ်သည်ဘယ်လိုမှ အခွင့်အလမ်းမသာတော့။

သို့သော်လည်းသူသည် မျှော်လင့်နေဆဲ။





သတိ၊ ဝီရိယ၊ သမာဓိတို့ဘယ်အချိန်မှာ အစည်းပြယ်ကြလေမည်နည်း။

ဘယ်အချိန်မှာ တစ်ဦးနှင့်တစ်ဦး မခေါ်နိုင် မပြောနိုင်ဖြစ်ကြမည်နည်း။

အမိန့်မနာခံချင်သောစိတ်တွင် အားကိုးစရာ၊ မျှော်လင့်ရာ၊ အဖော်ကောင်းကြီး တစ်ဦးရှိနေပါသည်။

သူကားအခြားမဟုတ်၊ ကာကကံရှင်ဖြစ်သူကိုယ်တိုင် ဘဝသံသရာတစ်လျှောက်လုံး တယုတယကိုင်တွယ်ထိန်းသိမ်း အသုံးပြုလာခဲ့သော ''တဏှာ''။

စွဲလန်းမှုတဏှာကြီးက အဝေးမှစောင့်ကြည့်နေသည်။

သူကအားကောင်းသည် အရှိန်ပြင်းထန်သည်။

သတိ၊ ဝီရိယ၊ သမာဓိ တို့ကြောင့် မရှုမလှအနိုင်းခံနေရသည်။

သူ့ဘက်တော်သား 'စိတ်' ကိုဘယ်လိုအကူအညီပေးရမည်ကို အကြံထုတ်နေသည်၊ နည်းလမ်းရှာနေသည်။

ထိုအချိန်တွင် သတိ၊ ဝီရိယ၊ သမာဓိ တို့သည် စည်းလုံးညီညွတ်စွာဖြင့် ကိုယ့် တာဝန်ကိုယ်ဆောင်ရွက်နေလျှင် သူသည်လည်းအကြံအိုက်၍ လက်ပိုက်ကြည့်နေရမည်သာ။

သတိ၊ ဝီရိယ၊ သမာဓိတို့၏ စည်းလုံးညီညွတ်အား ခိုင်မာတောင့်တင်းလာလျှင်မူ ပေါ်နိုင်ခဲသည့် လာခဲလှသည့် မိတ်ဆွေကြီးတစ်ဦးလည်း ထပ်မံရောက်ရှိလာပေမည်။

သူကား 'ပညာ' ။ ။ ။ ။ ။

'ပညာ'သည် သတိ၊ ဝီရိယ၊ သမာဓိ တို့၏



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပုံကိုင်ပုံ၊ စည်းလုံးညီညွတ်ပုံ၊ လုပ်နည်းကိုင်နည်းစံနစ်စသည်တို့ကို တွက်ဆလျက်စောင့်ကြည့်နေသူတည်း။

သူက သတိ၊ ဝီရိယ၊ သမာဓိတို့၏ မိတ်ဆွေကြီးဖြစ်သော်လည်း သူ့မိတ်ဆွေတွေ၏အခြေအနေကို အမြဲတမ်းစောင့်ကြည့်နေတတ်သည်။

အခြေအနေကောင်းမှ၊ စိတ်ချရလောက်သောအခြေအနေရှိမှ လက်ရှိလုပ်ဆောင်ချက်ကို အရှိန်အဟုန်မြှင့်တင်ဖို့ ရောက်လာတတ်သည်။

တစ်နည်းအားဖြင့် 'သူ'သည် ဉာဏ်ကြီးသည်၊ တန်ဖိုးမြင့်သည်၊ အရာရာကို လွယ်လွယ်ကူကူလက်မခံတတ်။

အမြဲတမ်း ချင့်ချိန်၊ ဝေဖန်၊ တိုင်းထွာ၊ ဆုံးဖြတ်လေ့ရှိသည်။

သူစောင့်ကြည့်နေပုံနှင့် တဏှာ စောင့်ကြည့်နေပုံတို့မှာ တစ်ဦးနှင့်တစ်ဦး ရည်ရွယ်ချက်မတူ။

သူက သတိ၊ ဝီရိယ၊ သမာဓိတို့ကို စွမ်းအားပြည့်ကူညီဖို့၊ လုပ်ငန်း၏အရှိန်အဟုန်မြှင့်တင်ဖို့ လုပ်ငန်းထဲမှ နောက်ထပ် တွေ့မြင်စရာများကို အထုပ်ဖြည်ပြဖို့ဖြစ်သည်။

တဏှာကတော့သည်လိုမဟုတ်၊ သတိ၊ ဝီရိယ၊ သမာဓိတို့၏ စည်းလုံးညီညွတ်မှုကို ဖြိုခွဲဖို့။

လုပ်ငန်းအရှိန်အဟုန် ရပ်တံ့သွားဖို့၊ ဖျက်ဆီးပစ်ဖို့၊ သူတွန်းလှန်ရန်ခက်ခဲသည့် 'ပညာ' ရောက်မလာဖို့ဖြစ်သည်။ ပညာ ရောက်လာပြီဆိုလျှင် သူ့အတွက်အခွင့်မသာတော့ပေပြီ။

သူ့ဘက်တော်သားစိတ်ကို သူခိုင်း၍မရတော့ပြီ၊ အသုံးပြု





၍မရတော့ပြီ။

'ပညာ' ၏လက်သို့ ဝကွက်၍အပ်လိုက်ရတော့မည်။

ဒါကိုသူမလိုလား။

ထို့ကြောင့် သူကလည်း သူ့စွမ်းရည်ကို အစွမ်းကုန်ထုတ်သုံးတော့သည်။

သည်နေရာတွင် အရေးကြီးလာပေပြီ။

တဏှာ၏ ပညာဝင်ရောက်မကူညီနိုင်ရေး စွမ်းဆောင်ချက်နှင့် ပညာ၏ တဏှာဝင်ရောက်မဖျက်ဆီးနိုင်ရေး စွမ်းဆောင်ချက်တို့သည် တိုက်ပွဲလွင်ပြင်တစ်ခုသဖွယ်ဖြစ်လာသည်။

ပညာနှင့် တဏှာသည် သတိ၊ ဝီရိယ၊ သမာဓိ တို့၏ လုပ်ငန်းခွင်သို့မရောက်မီကပင် အားပြိုင်မှုတွေ ဖြစ်နှင့် ကြပြီ၊ တိုက်ပွဲတွေစနှင့်ကြပြီ၊ တိုက်ပွဲအရှိန်အဟုန်က ပြင်းထန် လှသည်။

လုပ်ငန်းခွင်ဘက်သို့ပင် ရိုတ်ခတ်လာသည်။

ဟော–သတိ၊ ဝီရိယ၊ သမာဓိတို့ကို လုပ်ငန်းခွင်ထဲသို့ တစ်ယောက်ပြီးတစ် ယောက်ပို့ပေးခဲ့သူလည်း အေးအေးဆေးဆေး နေ၍ မရတော့။

သူပင်လျှင် သက်ဝင်နိုးကြားလာရပြီ။

သူကား "သဒ္ဓါ" ...

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ မိတ်ဆွေညီနောင်လေး တို့သည် လက်တွဲ မဖြုတ်စတမ်း၊ ခိုင်မာသော သံန္နိဋ္ဌာန်များဖြင့် ရှေ့သို့ အရောက်လှမ်းကြစမ်း။

လေမုန်တိုင်းတွေတိုက်နေပြီ၊ လေပြင်းတွေမွှေ့ရမ်းနေပြီ



www.burmeseclassic.com

www.burmeseclassic.com


သူတို့ထံပါးသို့ တဏှာနှင့် ပညာ ဘယ်သူရောက်လာမည်လဲ။ သူတို့၏ စည်းလုံးညီညွတ်သောစွမ်းအားအပေါ် မူတည်နေသည်။ ရေပက်မဝင်အောင်စည်းလုံးထားမှ။

တစ်နည်းအားဖြင့် အမှတ်ကိုစိတ်နေမှ။ ဟာကွက်မရှိအောင်ကို စိတ်နေမှ။

ဂယ်ပေါက်ကလေးမရှိအောင်ကိုပင် 'စေ့' နေမှ စိတ်သည် မှတ်စိတ်အဖြစ် တစ်ဆက်တစ်စပ်တည်းရှိနေမှ။

သံသရာထဲ ဆက်လက်ဆွဲခေါ်မည့်သူနှင့် သံသရာထဲမှ ဆွဲထုတ်ယူမည့်သူ၊ ဘယ်သူအနိုင်ရမည်လဲ။

သည့်နေရာအရောက်တွင် တရားအားထုတ်နေသည့် ယောဂီတို့သည် လန့်၍ကျစမြဲ။

နောက်သို့ပြန်ဆုတ်ကြစမြဲ။

တိုက်ပွဲအရှိန်အဟုန်ပြင်းထန်သည်ကိုး။

သေမှာစိုးရိမ်သဖြင့် ပုန်းစရာ၊ ကွယ်စရာနေရာရှာကြစမြဲကိုး။

ဒါဆိုလျှင် 'တဏှာ' အဖို့ကတော့ အကွက်ကောင်းဆိုက်လေပြီ။

သေမှာစိုးရိမ်စိတ်ဝင်လာသူကို တဏှာသည် ဖြားယောင်း၍ရသွားပေပြီ၊ ပွင့်သွားပြီ၊ ယိုပေါက်တစ်ခု။

ဝင်လာပြီ 'တဏှာ' ။

ပျက်ပြယ်ပြီ "သတိ"

လျော့သွားပြီ "ဝီရိယ"

လျော့သွားပြီ "သမာဓိ"





ကျသွားပြီ "သဒ္ဓါ"

ဝင်၍မရတော့ပြီ "ပညာ"

နောက်ဆုံးတွင် သေမှာစိုးရိမ်သူသည် လတ်တလော သာယာမှုကို ပေးတတ်သည့် တဏှာ၏ ခေါ်ရာနောက်သို့ လိုက်သွားရင်းကပင် သေရပြန်ပေပြီ။

သံသရာထဲတွင် တစ်ဘဝ၊ တစ်ခန္ဓာ၊ တစ်လောင်းဖြစ်ရပြန်ဦးမည်။

ပညာ၏ခေါ်ရာလိုက်ပါလျှင် တစ်နည်းအားဖြင့် ပညာဝင်လာအောင် သည်းခံစောင့်ဆိုင်းနေလျှင်၊ ပညာ အားကောင်းလာသည်အထိတောင့်ခံနေလျှင် သည့်တစ်ခါတည်းသေရပေမည်။

သည့်နေရာတွင် ခံနိုင်ရည်ဖွဲ့အရေးကြီးသည်။

ထို့ကြောင့်ပင် 'သည်းခံလျှင် နိဗ္ဗာန်ရောက်သည်' ဟုဆိုစကားလေးရှိခဲ့သည် မဟုတ်လား။

'ဗိုလ်' ဟူသည် ဦးစီးဦးဆောင်ပြုလုပ်တတ်သောသဘော။

ဓမ္မခရီးအစတွင် သဒ္ဓါသည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်သည်။

သူနှင့်မစလျှင် နောက်ဆက်တွဲမည်သည့် ဗိုလ်မျှပေါ်လာနိုင်မည်မဟုတ်။

သူ့ကြောင့် သူ၏အစပျိုးမှုကြောင့် သံကွင်းဆက်သလို ဆက်တိုက်ပေါ်လာသော ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့များ၊ တစ်နည်းအားဖြင့် သဒ္ဓါကို အစပျိုးယမ်းဟုခေါ်၍ ရနိုင်သည်။

တစ်ခုတော့ရှိသည်၊ သူကစပြီးသည်နှင့် 'ငါလုပ်ပေးခဲ့ပြီ


www.burmeseclassic.com

www.burmeseclassic.com



ပြီလေ' ဟုဆိုကာ ခပ်ခွာခွာနေရစ်တတ်သည်။

သူပျိုးပေးလိုက်သည့် ယုံကြည်ချက်အတိုင်း ဝီရိယဗိုလ်က အားကြိုးမာန်တက်လုပ်၊ သတိဗိုလ်က စေ့စေ့စပ်စပ်ကြည့်၊ သမာဓိဗိုလ်က စူးစူးစိုက်စိုက် အလုပ်လုပ်။

သည်လိုနှင့် ခရီးအတော်တွင်လာသည့်အခါ နင်လားငါလား ယှဉ်ပြိုင်ကြရမည့် အခြေအနေတစ်ခုသို့ ရောက်လာတတ်သည်။

စောစောက ''တဏှာ'' နှင့် ''ပညာ'' အားပြိုင်သည့် အခြေအနေမျိုး။

သည်အခြေအနေမျိုးတွင် သဒ္ဓါက ခွန်အားသစ်နှင့် ပြန်လည်အားဖြည့်ပါဝင်နိုးထမှ တော်ပေမည်။

သို့ဆိုလျှင် ဝီရိယ၊ သတိ၊ သမာဓိတွေသည် အလုပ်ခွင်ထဲတွင် မောမောပန်းပန်းနှင့် ဖောချွေးပြန်ရင်း တစ်ခါတစ်ခါအားကုန်သလို ဖြစ်သွားတတ်သည်။

သည်အခြေအနေသည် တဏှာ ဝင်ရောက်စီးနင်းနိုင်ဖို့ အခွင့်အရေးပေးလိုက်သလိုဖြစ်သွားမည်။

ထို့ကြောင့် နောင်တော်ကြီးဖြစ်သည့် သဒ္ဓါကို ပြန်နှိုးသည်။

အားမြှင့်ယမ်းအဖြစ် ပြန်လည်အသုံးပြုရသည်။

''အခက်အခဲတွေတွေ့နေပြီ၊ အတိုက်အခိုက်ခံနေရပြီ ဒါပေမယ့်နောက်မဆုတ်နဲ့၊ ယုံကြည်ပြီးသားကို တစ်ရွေးမျှမယွင်းမပဲ့စေနဲ့'' စသဖြင့် သဒ္ဓါဗိုလ်က ညာသံပေး၍ ပြန်လည်ဝင်လာရပေမည်။





ဝီရိယ၊ သတိ၊ သမာဓိ သုံးဦးနေရာတွင် သဒ္ဓါက တကျော့ပြန် ပြန်ဝင်လာသောအခါ လေးဦး၏အား ဖြစ်မလာပေဘူးလား။

ပိုမိုအားကောင်းလာသောအခါ တဏှာက လက်မှိုင်ချရတော့မည်သာ။

ထိုအခါ ပညာက ရှင်လန်းအားရစွာ ဝင်ရောက်ခွင့်ရတော့မည်သာ။

ပညာဗိုလ်၏ အလင်းရောင်သည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ ဗိုလ်တို့၏ စွမ်းအား၊ သတ္တိများနှင့် ပေါင်းစပ်လိုက်သောအခါ ပိုမိုထွန်းလင်းတောက်ပလာသည်။

ထိုအလင်းရောင်၏ အကူအညီဖြင့် ခရီးဆက်လေလျှင် ....

ယောဂီသည် ခရီးဖော်ဖြစ်သည့် ဗိုလ်ငါးပါး တို့၏ ချိုက်ကိုနားလည်လျှင် ဗိုလ်ငါးပါးတို့၏ အစွမ်းသတ္တိများကို ကျွမ်းကျင်နိုင်နင်းစွာ အသုံးချတတ်လေလျှင် အဓိကရန်သူကြီးဖြစ်သည့် တဏှာကို ပိုင်ပိုင်နိုင်နိုင်နှိမ်နင်းတတ်ပါလျှင် ... ဆတိပဋ္ဌာန်လမ်းဆုံးသို့ ရောက်ဖို့ရာ မဝေးတော့ပေ။

(အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ အတွဲ (၁)၊ အမှတ် (၁) မှ)



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုနောက်ခံနှင့်လာသူတို့သည် ဝရိယာယ်မည်မျှဝင်ကြွယ်ဝပါစေ သူလုပ်နည်းလုပ်တန်၊ သူရွေးချယ်သော နည်းလမ်းက တစ်မျိုးတည်းသာ။

သူသည် ဉာဏ်မပါ ၊ အနိုင်ယူရပြီးရောဆိုပြီး ညာသံပေး ဟစ်ကြွေး၍လာတတ်သည်။

## ဝေဒနာ သို့မဟုတ် ထာဝရမိတ်ဆွေ

တရားရှုမှတ်မှုအရှိန်ကလေးရလာသည်နှင့်အမျှ ယောဂီတိုင်း မလွဲမသွေ တွေ့ဆုံကြရသည်မှာ 'ဝေဒနာ' ဖြစ်ပါသည်။

တကယ်တော့ 'ဝေဒနာ' ဟူသည်ခံစားမှုသဘောသာဖြစ်သည်။

'ကောင်းခံစား' ၊ 'ဆိုးခံစား'၊ 'ခံစားမှန်းမသိခံစား' နေရသော သဘောများသာဖြစ်သည်။

သို့သော် 'ကောင်းခံစား' နှင့် 'ခံစားမှန်းမသိခံစား' နေသောသဘောများကို 'ဝေဒနာ' ဟုမှတ်ယူခြင်းမပြုကြ။

အစဉ်အဆက် အရိုးစွဲနေသော အမိပ္ပါယ်ဖွင့်ဆိုချက်အရ 'ဆိုးခံစား' ၏သဘောကိုသာ 'ဝေဒနာ' ဟုမှတ်ယူတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆိုးခံစား'၏သဘောကလည်းသိသာထင်ရှားသည်ကို •

ရိုက်ချက်ပြင်းထန်သည်ကို ...

ထို့ကြောင့်ပင် 'ဝေဒနာ' ဟုဆိုလိုက်သည်နှင့် နာကျင်ခြင်း၊ ကိုက်ခဲခြင်း၊ တင်းတောင့်ခြင်း၊ ထုံးခြင်း၊ ပူပြင်းခြင်း စသည့်မခံမရပ်နိုင်ဖြစ်ရမှုများ အပေါ်စိတ်ရောက်သွားကြသည်။

နာသီးဖျား လေဝင်လေထွက်ကိုမှတ်၍ဖြစ်စေ၊ ဝမ်းဗိုက် ဖောင်းပိန်ကို မှတ်၍ဖြစ်စေ၊ သမာဓိထူထောင်နေချိန်တွင် 'ဆိုးခံစား' မှုကြီးသည် ရောက်ရောက် လာတတ်သည်။

တစ်ခါတစ်ရံ သမာဓိအရှိန်အတော်အသင့် အားကောင်း နေချိန်၌လည်း မထင်မှတ်ပဲရောက်လာတတ်သည်။

'ဆိုးခံစား' မှုကြီးရောက်လာသည်နှင့် စိတ်သည် အထိုင်ကျနေရာမှ လှုပ်ရှားလာတတ်သည်၊ 'နာအုံးမှာလား' 'ဘယ်လောက်ထိနာအုံးမလဲ' စသဖြင့် စိတ်ထဲမှာ အတွေးလုံးတွေ ပေါက်ဖွားလာတတ်သည်။

ဝင်လေ၊ထွက်လေ သို့မဟုတ် ဖေါင်းပိန်အပေါ်ထား နေသည့်စိတ်သည် 'ဆိုးခံစား' မှုကြီးဘက်သို့ ယိုင်ညွတ်လာ သည်။

'မြန်မြန်ပျောက်သွားရင်ကောင်းမယ်၊ နို့မို့ရင် သူက မွှေအုံးမယ်၊တရား အထိုင်ပျက်အောင် နှောက်ယှက်ဦးတော့မယ် ဒုက္ခပါပဲ' စသဖြင့် ဆိုးခံစားမှု အပေါ် အပြစ်တင်စိတ်တွေဝင်လာ တတ်သည်။

စိတ်သည် လှုပ်ခတ်လာပေပြီ ၊ ဣန္ဒြေမရဖြစ်လာပေပြီ





အစိုးမရ မတည်မငြိမ်ဖြစ်နေသော စိတ်နှင့်ရင်ဆိုင်တွေ့ သောအခါ 'ဆိုးခံစား' ကြီးသည် ပိုမိုကြီးထွားလာသည် ၊ ပိုမို အားကောင်းလာသည်။

'ဆိုးခံစား' ကြီးသည် မတည်မငြိမ်ဖြစ်လာသောစိတ်၏ အခြေအနေကို နှစ်သက်သည်၊သူရပ်တည်ခွင့်ရလာသည်၊ ရှင်သန်ကြီးထွားခွင့်ရလာသည်။

စိုးမိုးလှုပ်ရှားခွင့်ရလာသည်ကို ...

ယိုင်နဲ့လှုပ်ခါသွားသောစိတ်နှင့် ဆိုးခံစားမှုတို့၏အားပြိုင်ပွဲ၊

မတည်မငြိမ်ဖြစ်နေသော စိတ်သည် ဆိုးခံစားမှုကို အရှုံး ပေးလာသည်။

'ဆိုးခံစားမှု'သည် အောင်မြင်သော မျက်နှာကြီးဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

သူ-အနိုင်ယူအောင်မြင်ခဲ့တာ ယောဂီတစ်ဦးတည်းမဟုတ်၊ ယောဂီပေါင်း များစွာ၊ စိတ်ပေါင်းများစွာ။

သူ-အနိုင်ယူပုံယူနည်းက တစ်ပုံစံတည်း၊ တစ်နည်း တည်း။

မကောင်းမှုနောက်ခံနှင့်လာသူတို့သည် ပရိယာယ်မည်မျှ ပင် ကြွယ်ဝပါစေ သူ့လုပ်နည်းလုပ်ဟန်၊ သူရွေးချယ်သော နည်းလမ်းက တစ်မျိုးတည်းသာ။

သူသည် ဉာဏ်မပါ ၊ အနိုင်ယူရပြီးရောဆိုပြီး ညာသံပေး ဟစ်ကြွေး ၍လာတတ်သည်။

သို့သော် အနိုင်ယူ၍မရ၊ လှုပ်ကိုင်စိုးမိုး၍မရသူတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသည်၊ တစ်နည်းအားဖြင့် သူလက်မှိုင်ချ ဒူးထောက်အရှုံးပေး၍ လှည့်ပြန်သွားရသော အခြေအနေတွေလည်းရှိသေးသည်။

'ဆိုးခံစား' မှု ရောက်လာသည်နှင့် အခြေအနေသစ်တစ်ခုစတင် ဖြစ်ထွန်း ပေါ်ပေါက်လာပြီဟု သိလိုက်သော၊ သတိရှိလိုက်သော ယောဂီ၏ စိတ်၊ ရှုမှတ်နေကျ အာရုံ၏နေရာတွင် ထူးခြားမှုကလေးတစ်ခု ပေါ်ပေါက်လာတာကို ထိုယောဂီက သိလိုက်သည်။

ဘာပါလိမ့် ...

ယောဂီသည် ရှုလက်စအာရုံပေါ်မှ ဖြေးညှင်းညင်သာစွာခွာသည်၊ အသစ်ဝင်လာသော ဧည့်သည် သို့မဟုတ် အသစ်ဖြစ်ပေါ်လာသော အာရုံဆီသို့ လှမ်းကြည့်လိုက်သည်။

စိတ်ဆိုတာကလည်း အသစ်အဆန်းကြိုက်သည်ကိုး ...

ဝင်လေထွက်လေ သို့မဟုတ် ဖေါင်းပိန်ပေါ်မှာ ကြာကြာနေရတော့ လည်း ပျင်းရိငြီးငွေ့သလိုဖြစ်လာသည်။ 'ဒါကိုပဲ မှတ်နေရတော့တာပဲ' ဟူ၍ အာရုံညောင်းသည့်စိတ်ဖြစ်လာသည်။

ထိုအချိန်တွင် အာရုံအသစ်တစ်ခုမွေးဖွားလာသည့်အတွက် အသစ်အဆန်းကြိုက်သောစိတ်သည် ရွှင်လန်းသွားသည်။

သို့သော် သတိ၊ သမာဓိ နှင့်မူလအာရုံပေါ်မှာ ရှုမှတ်နေသောစိတ်ဖြစ်သဖြင့် သူ့တွင် တည်ငြိမ်မှုရှိနေသည်၊အောက်မေ့မှုရှိနေသည်၊ စူးစိုက်မှုရှိနေသည်။

တည်ငြိမ်မှု၊ အောက်မေ့မှု၊ စူးစိုက်မှုများကို အာရုံအသစ်အပေါ်သို့ ပြောင်းယူလိုက်သည်။





ကဲ–အာရုံအသစ်ဖြစ်တဲ့ 'ဆိုးခံစားမှု ငြိမ်ခံပေရော့ ...။

သင့်ကို ခွဲစိတ်တော့မည်၊ ခွဲခြမ်းစိတ်ဖြာတော့မည် ...။

အပွဲပွဲအနိုင်ကြဲလာခဲ့သမျှ သည်တစ်ချီခံပေရော့ ...။

မှန်းစမ်း – ဘယ်နားလေးက 'နာ' တာတုံး ...။

ဘယ်လို 'နာ' တာတုံး ...။

ဘယ်လောက်'နာ'ခဲ့ပြီးပြီလဲ၊တော်တော်ကြာပြီလား ...။

နာတာဆိုတာ အတုံးကြီးလား၊ အခဲကြီးလား၊ အပိုင်းအစအလေး တွေလား။

လက်ဆုပ်လက်ကိုင်ပြလို့ရတဲ့နေရာကနာတာလား ...။

အဲဒီနာတဲ့နေရာကို သွားကိုင်လို့ရလား ...။

မျက်စိမှိတ်ပြီးတရားမှတ်နေတာလေ၊ ဘယ်သူကရောမှာရုံထဲ၊ ဘုရား ခန်းထဲ (တရားထိုင်တဲ့နေရာ မည်သည့်နေရာကိုမဆို) လာဝင်ရိုက်လို့လဲ ...။

ကဲ–ပူတယ်ဆိုပါစို့၊ ဘယ်သူကရေနွေးနဲ့လာပက်သလဲ။

ခန္ဓာကိုယ်ကြီးက သည်အတိုင်း၊ သည်အတိုင်းပါပဲ၊ ဘာမျှပြောင်းလဲ။

ဒါပေမယ့်ခံစားမှုကတော့ ပြောင်းလဲသွားတာသေချာပါသည်။

ခုနက 'မနာ' – ခုမှ 'နာ' လာသည်။

သည် 'နာ' တာကြီး ဘယ်ကရောက်လာတာလဲ။

ကောင်းပြီ၊ မရောက်ပါနှင့်၊ မလာပါနှင့် ဟုတား၍မရ၊ လာနေပြီ၊ ရောက်နေပြီလေ ...။



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေ လာနေမှတော့ မျက်နှာချင်းဆိုင်တွေ့ရတော့

နေလို့နေရမှန်းသိမည်မဟုတ်၊ နေခွင့်လည်းသာမည်မဟုတ်။

အဲဒီတော့ပြန်ထွက်သွားတာပဲ ကောင်းပါတယ်လေ ...။

အနိုင်ယူလို့ရတဲ့ ၊ အခြေအနေပျက်ယွင်းနေတဲ့ ဆောက်တည်ရာမရ အားငယ်စိုးရိမ်နေတတ်တဲ့ အိမ်တွေဘက် လှည့်ပြီး အနိုင်ကျင့်တာကမှ ကောင်းဦးမယ် ။

အဲသည်လိုအိမ်တွေက အိမ်ရှင်တွေဟာ 'ဆိုးခံစားမှု' ကြီးရောက်လာတာနဲ့ မျက်နှာချင်းဆိုင်တွေ့ဖို့ နေနေသာသာ ကြောက်ကြောက်နဲ့ အတင်းတွန်းလှန်ရုန်းကန်တတ်ကြတာ ...။

ရန်သူလိုသတ်မှတ်ထားကြတာ။

ကောင်းတယ်၊ ဒီကလည်း ရန်သူလိုသတ်မှတ်ခံချင်တာ

ဒါမှလည်းထင်တိုင်းကြဲ ရမ်းကားချင်တိုင်းရမ်းကားလို့ရမှာ

မိတ်ဆွေလို့ထင်ထားတဲ့ အိမ်ကျတော့ ဆိုးလို့မရဘူးပေါ့

သူကကောင်းနေတော့ ကိုယ်ကဆိုးလို့မရဘူးပေါ့။

ဆိုးခံစားမှုဟုသာ ကိုယ်က ကိုယ့်ကိုယ်ကို နာမည်ပေးလိုက်ရတာ။

တကယ်တော့ ကိုယ့်ကို ခံစားမှုလို့လည်းခေါ်ရင်ရပါတယ်

စရိုက်ကွဲသွားအောင်သာ ဆိုး၊ ကောင်း၊ ခံစားမှုန်းမသိ လို့နာမည် တပ်ရတာ ...။

စိတ်ရှင်းသွားတဲ့သူ ၊ အစွဲအလန်းမရှိတော့တဲ့သူ သတ်မှတ်ချက်တွေ မထားတော့တဲ့သူတွေကတော့ ခံစားမှုလို့ မြင်မှာပါ ...။





မကြိုက်ရင်တော့ 'ဆိုး' လို့နာမည်ပေးမှာပေါ့။

ကြိုက်ရင်တော့ 'ကောင်း' လို့နာမည်ပေးမှာပေါ့။

မသိရင်တော့ 'ခံစားမှုန်းမသိ' လို့နာမည်ပေးမှာပေါ့။

နာမည်ပေးတဲ့လူအပေါ် ရွေးချယ်ဆုံးဖြတ်တဲ့လူအပေါ်မှာ မူတည်ပြီး နာမည်တွေကွဲသွားတာပါ ...

တကယ့်တော့ မူရင်းက '**ဝေဒနာ**' ဆိုတဲ့ခံစားမှုပါပဲ ...

ဝေဒနာမှသည် ကြိုက်စွဲလန်း၊ မကြိုက်စွဲလန်း၊ မသိစွဲလန်းဆိုတဲ့ ကြိုက် 'တဏှာ' ၊ မကြိုက် 'တဏှာ'၊ မသိ 'တဏှာ' တွေမြင်မသွားဖို့ ကြိုက် 'လောဘ'၊ မကြိုက် 'ဒေါသ' မသိ '**မောဟ**' တွေ ဖြစ်မသွားဖို့ ဝေဒနာကို ကြည့်တတ်၊ မြင်တတ်၊ ရှုတတ် သဘောထားတတ်မှတော်ပေမည်။

တစ်နည်းအားဖြင့် '**ဝေဒနာ**' ဟူသည် ခန္ဓာငါးပါး အပြီးသတ် မချုပ်ငြိမ်းမီအထိ အမြဲတစေရှိနေမည်သာတည်း ... သူ့ကိုပင်ပယ်၍မရ။

ထိုအခါ '**ဝေဒနာ**' ကိုရန်သူလိုသဘောမထား၊ မိတ်ဆွေလိုသဘော ထားတတ်လျှင် ...'**ဝေဒနာ**' အပေါ်ရှုမြင် သုံးသပ်ရာ၌ ပိုမိုစံနစ်ကျမှန်ကန်လာပေမည်။

သို့ဆိုလျှင် '**ဝေဒနာ**' ကို ထာဝရမိတ်ဆွေ အဖြစ် သတ်မှတ်ကြည့်ကြ ရအောင်လား၊ ထိုသို့ သဘောထား တတ်လာလျှင် တရားအားထုတ်ရာ၌ ပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။

(အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း အတွဲ (၁) ၊ အမှတ် (၂) မှ)



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါအနန္တတို့သည်လည်း ဘုရားရှင်မပွင့်မီလာတာ၌ ဘဝလွတ်မြောက်ရေးကို နည်းလမ်းအမျိုးမျိုးဖြင့် ရှာခဲ့ကြသေးသည်။ သို့သော်နည်းမမှန်။ ဘဝလွတ်မြောက်ရေး သံသရာမှ လွတ်မြောက်ရေးဆင်နွဲရာတွင် ထို 'တဏှာ' နှင့် 'အဝိဇ္ဇာ' ကို ရှာမတွေ့ ....။

## ယုံမှားသံသယနှင့် အယူမှားများကို ကျော်ခိုင်းခြင်း

တရားအားထုတ်နေဆဲမှာပင် ငါအားထုတ်နေတဲ့နည်းက မှန်မှမှန်ပါ့မလားဟု အတွေးဝင်လာတတ်ပါသည်။ ထိုအတွေးသည် ဝိစိကိစ္ဆာ (ယုံမှား သံသယဖြစ်မှု) ကိလေသာကိုအခြေခံ၍ ပေါ်ပေါက်လာသော အတွေးဖြစ်ပါသည်။

''သူများတကာတွေ အလင်းရောင်တွေမြင်ရပြီး ငါက အခုထိ မမြင်နိုင်သေးဘူး၊ တရားဘက်မှာ ကံမပါဘူးထင်ပါရဲ့ ပါရမီမရှိဘူးထင်တယ်၊ ငါတော့သွားပါပြီ'' ဟူသော အတွေးမျိုးလည်း ဝင်လာတတ်ပါသည်။ ထိုအတွေးကို သေသေချာချာ ဆန်းစစ်ကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေး၌ သူများနှင့် နှိုင်းယှဉ်မှု 'မာန' ကိလေသာတွေ ပါနေသည်။

ထိုအတွေး၌ လိုချင်မှု 'လောဘ' ကိလေသာတွေ ပါနေသည်။ တစ်ဖန် မိမိလိုချင်သောအရာသည် တရားဟုတ် မဟုတ်ကို မသိမှု 'မောဟ' ကိလေသာလည်း ပါနေပြန်သည်။

ထိုအတွေး၌ အားငယ်စိတ်ပျက်ဝမ်းနည်းမှု 'ဒေါသ' ကိလေသာတွေ ပါနေသည်။

ထိုအတွေး၌ အလင်းရောင်ကို တရားဟုထင်နေသော အထင်များ 'ဒိဋ္ဌိ' ကိလေသာတွေ ပါနေသည်။

မိမိအားထုတ်နေသည့် တရားအပေါ်၌လည်းကောင်း နည်းလမ်း အပေါ်၌လည်းကောင်း၊ မိမိ၏ကမ္မဋ္ဌာနာစရိယအပေါ်၌ လည်းကောင်း၊ ယုံမှားသံသယဖြစ်နေမှု (ဝိစိကိစ္ဆာ) တရား လမ်းကြောင်းပေါ်က ကြားမှတ်တိုင်လေးတစ်ခုဖြစ်သည့် အလင်း ရောင် (သြဘာသ)အပေါ် တရားဟု အထင်များအမြင်များ ဖြစ်နေမှု (ဒိဋ္ဌိ) သည် တရားအားထုတ်နေသူ ယောဂီအတွက် အလွန်ဆိုးဝါး လှသော အတွေများဖြစ်ပါသည်။

တစ်နည်းအားဖြင့်ယောဂီ၏ အတွေ့အကြုံနုနယ်မှုအပေါ် ၌ အလွန်တရာအခွင့်အရေးယူတတ်၊ အနိုင်ကျင့်တတ်သော စေတသိက် များဖြစ်ပါသည်။

ထိုအတွေးပေါ်သည်နှင့်နောက်ဆက်တွဲအဖြစ်ယောဂီသည် ငါဆက်လုပ်နေလဲမထူးတော့ပါဘူး၊ အပိုပါပဲ ကာမဂုဏ်စည်းစိမ် တွေနဲ့ မူးယစ်ပျော်ပါးနေတာကမှ ကောင်းအုံးမယ်ဟု ဆိုကာတရား





လမ်းကြောင်းပေါ်မှနောက်လှည့် ပြန်သွားလေ့ရှိတတ်ပါသည်။

မည်မျှဆိုးဝါးလိုက်သနည်း။

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုကျော်နိုင်ဖို့ မည်မျှခက်လိုက်သနည်း။

ထို့ကြောင့်ပင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကျော်လွန်လိုက်သည်နှင့် အရိယာ စာရင်းဝင် (သံသရာမှလွတ်မြောက်မည့်လမ်းစရသွားသူ) အဖြစ်ခံယူခွင့် ရလိုက်သည်ကိုး ....

သမ္မာဒိဋ္ဌိ – မှန်ကန်သော အမြင်ဟူသည် မဂ္ဂင်ရှစ်ပါးတွင် အခြေခံ အကျဆုံးနှင့် အရေးကြီးဆုံးဖြစ်ပေသည်။

သည်နေရာသည် လမ်းဆုံလမ်းခွနေရာ။တစ်နည်းအားဖြင့် မိစ္ဆာဒိဋ္ဌိ အယူမှားနှင့် လမ်းခွဲသည့်နေရာဖြစ်သည်။

အယူမှန်လိုက်သည်နှင့် ယုံမှားသံသယသည်လည်း အထူးကြောင့်ကြစိုက်စရာမလိုဘဲ ကွယ်ပျောက်သွားတတ် သည်သာ ....။

ထို့ကြောင့် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတစ်တွဲထဲ ထားတတ်ကြ သည်ကိုး ...။

အင်္ဂုတ္တိုရ်ပါဠိတော်၊ နီဝရဏပဗ္ဗဟာနဝဂ် ဒသမသုတ်၌ ဝိစိကိစ္ဆာနှင့် ပတ်သက်၍ တရားအဆိုအမိန့်ကို သတိရမိသည်။

"ရဟန်းတို့ – ဤသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ၏ မဖြစ်ပေါ် ကြောင်း၊ ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏ ကင်းပျောက်ကြောင်းဖြစ် သည်။ ထို့ထက်ပို၍ အခြားတစ်ခုသောတရား ကိုမျှလည်း ငါမမြင်။ ရဟန်းတို့ – သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသော



www.burmeseclassic.com

www.burmeseclassic.com



သူအား မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာလည်းမဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာသည်လည်း ကင်းပျောက်၏ဟု(မိန့်တော်မူ၏)။''

ဤနေရာတွင် ''သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း''ဟူသည့် စကားစု၏ အဓိပ္ပါယ်ကို ထပ်ဆင့်ရှင်းလင်းရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဝိစိကိစ္ဆာဖြစ်နေနိုင်သော၊ အကယ်၍ဖြစ်လျှင်လည်း ပျောက်ပျက်သွားနိုင်သော နှလုံးသွင်းတရားသည် အရေးကြီးလှသည်။

ကောင်းပြီ အဘယ်သို့နှလုံးသွင်းမည်နည်း။

အနိစ္စ၌ အနိစ္စဟုလည်းကောင်း။

ဒုက္ခ၌ ဒုက္ခဟုလည်းကောင်း။

အနတ္တ၌ အနတ္တဟုလည်းကောင်း။

အသုဘ၌ အသုဘဟုလည်းကောင်း။

မှန်သောနည်းလမ်းဖြင့် စိတ်၌ထားခြင်းသည် သင့်လျော်သော အကြောင်းအားဖြင့်နှလုံးသွင်းခြင်းမည်လေသည်။ ထို့ကြောင့် ယုံမှားသံသယနှင့် အယူမှားမှုသည် အပြန်အလှန်ဆက်စပ်နေသည်ဟု ဆိုရပေမည်။ အယူမှား(ဒိဋ္ဌိ)မရှိသည်နှင့် ယုံမှားသံသယ (ဝိစိကိစ္ဆာ)ကင်းပျောက်သွားမည်။

တစ်ဖန် ယုံမှားသံသယ (ဝိစိကိစ္ဆာ)မရှိအောင်နှလုံးသွင်းတတ်ခြင်းဖြင့် အယူမှား(ဒိဋ္ဌိ)သည်လည်း ချဉ်းကပ်၍မရတော့နိုင်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ။

သူတို့နှစ်ဦးသည် အမိတစ်ယောက်စီမှ မွေးဖွားလာခဲ့ပြီးမှ ရုပ်ချင်းဆင်တူဖြစ်နေကြသူနှစ်ဦးကဲ့သို့ပင်တည်း။





''အနိစ္စကို အနိစ္စလို့နှလုံးသွင်းရတာပဲကွာ၊ ဘာခက်တာလိုက်လို့၊ လွယ်လွယ်လေးပါ၊ ဘာမျှထူးဆန်းတာမဟုတ်ဘဲနဲ့'' ဟု ပြောမည်ဆိုကပြောနိုင်ပါသည်။

သို့သော် အနိစ္စကို အနိစ္စဟု ပါးစပ်ပြောမဟုတ်ဘဲ ဉာဏ်ဖြင့်အမှန်အတိုင်း သိလိုက်ရဖို့အလွန်ခက်လှသည်။

သည်လိုပါပဲ၊ ''ဒုက္ခကိုဒုက္ခဟု၊ အနတ္တကိုအနတ္တဟု အသုဘကို အသုဘဟု ဉာဏ်ဖြင့်လက်ခံ သိမြင်နိုင်သည့်အဆင့်ရောက်ဖို့က တော်ရုံ ဝိရိယနှင့်မရနိုင်၊ တော်ရုံသဒ္ဓါနှင့် မမြင်နိုင်။ တော်ရုံသမာဓိနှင့် မသိနိုင်။ တော်ရုံ သတိနှင့် မရိုပ်မိနိုင်။ တော်ရုံ ပညာနှင့်လည်း မခန့်မှန်းနိုင်ပါ။

သာမန်ပတ်ဝန်းကျင်တွင်ဖြစ်နေသည်က အနိစ္စကို နိစ္စဟု မှတ်နေခြင်း၊ ဒုက္ခကို သုခဟုထင်မြင်နေခြင်း၊ အနတ္တကို အတ္တဟု မှတ်နေခြင်း၊ အသုဘကို သုဘဟု ဆုပ်ကိုင်ထားခြင်းများကိုသာ တွေ့ရမည် ဖြစ်သည်။

ထို့ကြောင့်လည်း စိတ်သည် ထိုအမှားများဖြင့် အကျင့်ပါနေကျ ဖြစ်လာမည်။

'အမှားကြာ–အမှန်ဖြစ်' ဆိုသောစကားအရ အမှားဖြင့် အနေကြာလာသောစိတ်သည် တော်ရုံနှင့် အမှန်ဘက်သို့ မကူးပြောင်းနိုင်။ ခေါက်ရိုးကျိုးနေပြီ။ အမှားစွဲကြီးကလည်း သည်တစ်ဘဝတည်းမှမဟုတ်။ ဘဝပေါင်းများစွာ သံသရာကြီးကို မမောနိုင်မပန်းနိုင်၊ မောရမှန်း ပန်းရမှန်းမသိဘဲ ဖြတ်ကူးလာခဲ့လေတော့ ....။

မှားနေတာကိုမှားသည်ဟု မမြင်တော့ခြင်းဟူသော မသိမှု



www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာ။

မှားနေသည်ကိုပင် လက်မလွှတ်တမ်း အစွဲလန်းကြီးနေသော တဏှာ။

သည်သဘောနှစ်ခုကြီးက သတ္တဝါအနန္တတို့အား အစဉ်အဆက် ကောင်းကောင်းကြီး အနိုင်ရနေသည်။ အောင်ပွဲခံနေသည်။

သတ္တဝါအနန္တတို့သည်လည်း ဘုရားရှင်မပွင့်မီလာကာ ဘဝလွတ်မြောက်ရေးကို နည်းလမ်းအမျိုးမျိုးဖြင့် ရှာခဲ့ကြသေးသည်။ သို့သော်နည်းမမှန်။ ဘဝလွတ်မြောက်ရေး သံသရာလွတ်မြောက်ရေး ဆင်နွှဲရာတွင် ထို 'တဏှာ' နှင့် 'အဝိဇ္ဇာ' ကို ရှာမတွေ့ ....။

သူ့ကိုရှာတွေ့သည်က ကိုယ့်ကိုပင်ပန်းဆင်းရဲအောင် ပြုလုပ် ခြင်း၊ အချို့က နောင်ဘာမျှဖြစ်တော့မှာမဟုတ်၊ သည်ဘဝ သည်မျှနှင့် ပြီးပြီဟုဆိုကာ၊ ကာမဂုဏ်အာရုံကို အစွမ်းကုန် ခံစားခြင်း စသည်ဖြင့် သန်ရာသန်ရာ အယူအဆတွေနှင့် ....။

အမြင်မမှန်သောအခါ အမှန်မမြင်တော့။

အမှန်မမြင်သောအခါ ရေရှည်၌ ကိုယ့်နည်းကို ကိုယ်တိုင် သံသယဝင် ယုံမှားထင်လာကြတော့သည်။

ဘုရားရှင်ပွင့်ထွန်းလေမှ သမ္မာဒိဋ္ဌိသည့် ထွန်းလင်း တောက်ပလာသည်။

ယုံမှားသံသယတွေဖြေဖျောက်ကြလော့ ....။

လာလှည့်၊ ကြည့်လှည့်၊ ခံစားကြည့်လှည့်၊ ကျင့်လှည့်





ဟု ဘုရားရှင်က ဖိတ်ခေါ်သည်။

အယူမှား ယုံမှားသံသယတွေနှင့် ဆုံးစမထင် သံသရာကြီးထဲ ထပ်မံလွင့်မျောသွားမှာကို ဘုရားရှင်သည် မဟာကရုဏာကြီးမားစွာဖြင့် သနားတော်မူသည်။

ကမ်းမမြင်၊ လမ်းမမြင်ဖြစ်နေသော သတ္တဝါအနန္တတို့ကို ဘုရားရှင် မြင်တွေ့နေရသည်။ ဘုရားရှင်သည် ကမ်းကိုမြင်သည်။ လမ်းကိုပြခဲ့သည်။

ကဲ–ဒါက စွဲလန်းမှု တဏှာ။ ဒါက–မသိမှု အဝိဇ္ဇာ။

ဒါကြောင့် ယုံမှားသံသယ (ဝိစိကိစ္ဆာ) မဖြစ်ကြပါနှင့်တော့။ ဘုရားအပေါ်မှာ တရားအပေါ်မှာ သံဃာအပေါ်မှာ ယုံမှားမှုတွေ မဖြစ်ကြပါနှင့်တော့။

အခြားသော အယူမှားတွေကိုလည်း တွယ်တာနှောင်ဖွဲ့ ရစ်တွယ် မနေကြပါနှင့်တော့။

လမ်းဆုံးကို ဘုရားရှင်ကိုယ်တော်တိုင် ပရိနိဗ္ဗာန် စံဝင်ခြင်းဖြင့် သက်သေပြသွားခဲ့ပြီဖြစ်သည်။

တရားအားထုတ်နေခြင်း၌ ဘာမျှယုံမှားသံသယ ဖြစ်မနေနှင့်တော့။

အခုတရားထူးမရသေးလည်း တစ်ချိန်ချိန်မှာ ရကိုရမည်။ ရမည်ဟုလည်း ခိုင်မာသောယုံကြည်ချက်ရှိနေရမည်။ သတိ၊ သမာဓိ၊ ပညာတို့ ညီညွတ်အားကောင်း၍ ချိန်ဆမှု မှန်ကန်လာလျှင် သိခွင့်၊ မြင်ခွင့်ရလာမည်သာ။ သူများကို မကြည့်နှင့် ကိုယ့်ကိုယ်ကိုသာ ကြည့်ပေတော့။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ထိပ်မှာလား၊ နှာသီးဖျားမှာလား၊ ရင်ချိုင့်မှာလား ဝမ်းဗိုက်မှာ လား၊ ဖေါင်းပိန်ကိုမှတ်ရမလား၊ ဝင်ထွက်ကိုမှတ်ရမလား၊ ထိမှုသိမှုကို မှတ်ရမလား၊ အေးမှု၊ နွေးမှုကိုမှတ်ရမလား၊ တစ်ခုခုကို စနစ်တကျ နည်းလမ်းတကျ ဆုပ်ကိုင်မိဖို့ပဲဖြစ်သည်။

အစကမှာ ယုံမှားသံသယနှင့် အမြင်မှားမှုတို့ကို အပြီးတိုင် ကျောခိုင်းပစ်လိုက်ဖို့ပဲဖြစ်ပါသည်။

(အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း အတွဲ (၁) ၊ အမှတ် (၃) မှ)



**ဝိတိဋ္ဌရုပ်တန့် မနစ်မွန်းလိုခြင်း**

ချိန်သားမတည့်မှု၊ ရေချိန်မညီမျှမှုတို့ကြောင့် ယောဂီ၏စိတ်သည် ယောက်ယက်ခတ်လှုပ်ရှားနေတတ်သည်။ ထိုအချိန်တွင် ယုံမှားသံသယတွေကလည်း ယောဂီ၏စိတ်တွင်းသို့ တစ်ခုပြီးတစ်ခု ကျူးကျော်ဝင်ရောက်စီးနင်းတတ်သည်။ မတည်ငြိမ်သော အခြေအနေတစ်ခုသည် ယုံမှားသံသယတွေဖြစ်ပေါ်ဖို့ အကောင်းဆုံးဝင်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်သားမတည့်မှု၊ ရေချိန်မညီမျှမှုတို့ကြောင့် ယောဂီ၏ စိတ်သည် ယောက်ယက်ခတ်လှုပ်ရှားနေတတ်သည်။ ထိုအချိန်တွင် ယုံမှားသံသယတွေကလည်း ယောဂီ၏စိတ်တွင်းသို့ တစ်ခုပြီးတစ်ခု ကျူးကျော်ဝင်ရောက်စီးနင်းတတ်သည်။ မတည်ငြိမ်သော အခြေအနေတစ်ခုသည် ယုံမှားသံသယတွေ ဖြစ်ပေါ်ဖို့ အကောင်းဆုံးပင်။

## ပီတိ၌ရပ်တန့် မနစ်မွန်းလိုခြင်း

တရားအားထုတ်မှုကို တလေးတစား ဂရုတစိုက်ရှိလှသော ယောဂီသည် အချိန်တစ်ခုခုတွင် ပီတိ၏နယ်ပယ်သို့ ရောက်လာမည်မှာမလွဲပေ။

ပထမပိုင်း ရှုမှတ်ကာစ သတိ၊ သမာဓိ မရင့်ကျက်သေးမီ၌ ပီတိသည် သူစိမ်းပြင်ပြင် ဝေးရာအရပ်မှ လက်ပိုက်ကြည့်နေတတ်သည်။

ပီတိသည် လုပ်ယူနေသော သမာဓိ၊ အတင်း မီးပြင်းထိုးသလို နှင်းခိုင်းနေရသော ဝီရိယ၊ အာရုံနှင့် မှတ်စိတ်တို့ကို မနည်းတည့်အောင် လုပ်နေရသော သတိတို့ဖြင့် ထွေးလုံးရစ်ပတ်မောဟိုက်နေသော ယောဂီကို ကရုဏာသက်စွာ စောင့်ကြည့်နေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ချိန်သားမတည့်မှု၊ ရေချိန်မညီမျှမှုတို့ကြောင့် ယောဂီ၏ စိတ်သည် ယောက်ယက်ခတ် လှုပ်ရှားနေတတ်သည်။ ထိုအချိန်တွင် ယုံမှားသံသယတွေကလည်း ယောဂီ၏စိတ်တွင်းသို့ တစ်ခုပြီးတစ်ခု ကျူးကျော် ဝင်ရောက် စီးနင်းတတ်သည်။ မတည်ငြိမ်သော အခြေအနေတစ်ခုသည် ယုံမှားသံသယတွေ ဖြစ်ပေါ်ဖို့ အကောင်းဆုံးပင်။

ယုံမှားသံသယတွေနှင့်အတူ စိတ်အခံအဖြစ် ထည့်သွင်းထားသော ကြားဖူးနားဝတွေကလည်း သည့်နေရာတွင် တစ်စခန်းထလာသည်။ ဝီရိယကို ဘယ်လိုတိုးလိုက်အုံးမှ၊ အင်း ... သိပ်တိုးလို့ မဖြစ်သေးဘူး။ တော်တော်ကြာ ဝီရိယလွန်ရင် ဥဒ္ဓစ္စဖြစ်နေအုံးမယ်။ တကယ်အရေးကြီးတာက သမာဓိပါပဲ။ အခုသမာဓိမရှိလို့ သည်လိုဖြစ်နေတာ၊ တည်ငြိမ်အောင်လုပ်အုံးမှ မဟုတ်သေးပါဘူး၊ သမာဓိထက် အရေးကြီးတာ သတိပဲ၊သတိကို ဦးစားပေးမှပါ၊ ဗောဓိပက္ခိယ (၃၇)ပါးမှာ သတိက နေရာအများဆုံးပါထားတယ်။ သတိဆိုတာ ပိုတယ်လို့မရှိပါဘူး။ လိုတာပဲရှိတယ်တဲ့၊ ကဲ .. ကဲ .. သတိ၊ သတိထားအုံးမှပါ၊ ဝင်တယ်၊ ထွက်တယ်ဟာ မဟုတ်သေးပါဘူး၊ ငါ ခုနမှတ်နေတာ၊ ဖေါင်းတယ်၊ ပိန်တယ်မဟုတ်လား။ ကဲ .. ဖေါင်းတယ်၊ ပိန်တယ်။

ကြည့်ပါ၊ ဘယ်လောက်များလိုက်သည့် အတွေးလုံးတွေပါလဲ။

အမှန်တော့ သည်အတွေးလုံးတွေအားလုံးသည် ကိုယ့်စိတ်အတွင်း ပဋိပက္ခဖြစ်မှုမှ ပေါ်ထွက်လာကြသည်ချည်းပင်။ မည်





သူကမျှလည်း လက်ဆောင်အဖြစ်လာပေးထားခြင်းမဟုတ်။ မည်သူကမျှလည်း ညွှန်ကြားချက် တောက်လျှောက်ပေးနေခြင်းမဟုတ်။

အစဦးဆုံး ညွှတ်လိုက်မိသည့် အာရုံအပေါ်၌ နောက်ဆက်တွဲ တွေးလုံးတွေက ကဆုန်ပေါက်၍ မရပ်မနားပြေးဝင်လာခြင်းပင်။ တကယ်တော့ 'သတိ' ဟူသည်လည်း၊ သဘာဝတစ်ခု။ 'သမာဓိ' ဟူသည်လည်း သဘာဝတစ်ခု။ 'ဝီရိယ' ဟူသည်လည်း သဘာဝတစ်ခုမျှသာ။ သူတို့သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ မဟုတ်။ တရား ရှာဖွေသည့်နယ်ပယ်၌ ကိုင်တွယ်ရ၊ ခေါ်ရ လွယ်ကူရန် အမည်ပေးထားခြင်းသာဖြစ်သည်။ ဆံဖျားမှ ခြေထောက်အထိ (၃၂) ကောဋ္ဌာသ အစုအဝေးရှိသူတိုင်း လူဟုခေါ်၍ရသော်လည်း လူအများထဲကြီးကြား၌ တစ်ဦးနှင့်တစ်ဦး ကွဲပြားစေရန် မောင်ဘ၊ မောင်မြ အမည်ခွဲခြားထားသလိုပင်။

(၃၂) ကောဋ္ဌာသ အစုအဝေးချင်း အတူတူ၊ လူတွေထဲတွင် တစ်ဦးနှင့်တစ်ဦး ရုပ်ရည်၊ အရောင်၊ လုပ်ဆောင်မှု၊ အရည်အသွေး တို့မတူညီနိုင်ပါ။ ထို့အတူ 'သတိ'၏ အရည်အသွေးသဘာဝ၊ သမာဓိ၏ အရည်အသွေးသဘာဝ၊ ဝီရိယ၏ အရည်အသွေး သဘာဝတို့သည်လည်း ကွဲပြားနေသည်သာ။ တရားလမ်းကြောင်းတွင် ကွဲပြားနေသော သဘာဝတွေကို အချိုးညီညီ တွဲစပ်၍ အတွဲဟပ်အောင် သုံးစွဲရပေမည်။

အတွဲဟပ်အောင်တွဲစပ်၍ သုံးတတ်လျှင် သတိ၊ သမာဓိ၊ ဝီရိယစသော သဘာဝတို့သည် (ကိုယ်) လိုရာသို့ ဟန်ချက်ညီညီ



www.burmeseclassic.com

www.burmeseclassic.com



ပါလာတတ်သည်။ သူတို့ပေါင်းစပ်ပါဝင်သော သဘောအုပ်စုကို ဣန္ဒြေဟုခေါ်ပြန်သည်။ ဣန္ဒြေတို့ရင့်ကျက်တည်ငြိမ်လာသည့်အခါ (ဣန္ဒြေအုပ်စုဝင်အချင်းချင်း အပြန်ပြန် အလှန်လှန်နားလည်မှုရလာသည့်အခါ) ယောဂီသည် မိမိ၏ တရားရှုမှတ်နေမှုအပေါ်၌ ကျေနပ်အားရလာသည်။

ထိုအခြေအနေသည် ပီတိ၏ အစပျိုးမှုအခြေအနေပင်တည်း။

သည့်နောက် ဝမ်းမြောက်လာသည်။ ဝမ်းမြောက်မှု၏နောက်တွင် ယခုလက်ငင်း ကြုံနေရသော ထိုအခြေအနေလေး (ပီတိဖြစ်ပေါ်နေမှု) ကိုနှစ်သက်လာသည်။

နှစ်သက်မည်ဆိုကလည်း နှစ်သက်စရာပင်။

ယောဂီသည် စိတ်မတည်ငြိမ်မှု၊ ဗိုလ်ငါးပါး –ဣန္ဒြေငါးပါးတို့၏ စရိုက်ကို သိနားလည်ခြင်းမရှိခဲ့မှု၊ ကိုယ့်စိတ်အတွင်းပြဿနာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းရမလဲဆိုတာကို မသိနိုင်သေးမှု၊ ကိုင်တွယ် ဖြေရှင်းပြန်တော့လည်း အတွေ့အကြုံနနယ်သေးသဖြင့် လိမ်မာပါးနပ် ခြင်းမရှိခဲ့မှု၊ လိမ်မာပါးနပ်မှုမရှိခဲ့၍ကိုင်တွယ်ဖြေရှင်းခဲ့သမျှ ကိုယ့်ဘက်ကချည်း အရှင်းအနှီးပေးခဲ့ရမှု၊ အသုံး အရှုံးများခဲ့မှု၊ ထို့ကြောင့် ပီတိ၏ နယ်ပယ်သို့ အလွယ်တကူရောက်လာခဲ့ရခြင်း မဟုတ်ကြောင်း ကိုယ့်ကိုယ် ကိုယ်သိနေသည်။

ထို့ကြောင့်လည်း သည်အခြေအနေသို့ရောက်လာသည့် ယောဂီတိုင်း ပီတိ၏ အခြေအနေ(ဆိုကြပါစို့– ပီတိ၏ နေရာကလေး) ကိုလက်လွှတ်မခံချင်တော့။

ကြာတော့ သည်အခြေအနေကလေး ဆုံးရှုံးသွားမှာကိုယ်





ယောဂီသည် ကြောက်လာသည်။ သည်အခြေအနေကလေး လက်လွှတ်သွားရင် အစကနေ ပြန်စရဦးမှာဟု စိုးရိမ်စိတ်ကလည်း ဝင်လာပြန်သည်။ သည်အခြေအနေကို အမြဲတမ်းပိုင်ထားချင်လိုက်စမ်းပါဘိ။

နောက်က ရန်သူတွေလိုက်လာ၊ အမောတကော ပြေးခဲ့ရ၊ ရှေ့မှာချောက်ကြီး၊ ဟော၊ ချောက်ကမ်းပါးကို ကူးနိုင်မယ့် နွယ်ကြိုးက အသင့်၊ နွယ်ကြိုးကိုဆွဲခို၊ အရှိန်ဖြင့် တစ်ဘက်ကမ်းကိုကူး၊ ရန်သူတွေ ချောက်တစ်ဘက်ကမ်းမှာကျန်ခဲ့၊ ကိုယ်က ဟိုဘက်ကမ်းကိုရောက်ပြီ။ သို့သော် ပြုတ်ကျမှာကြောက်၍ နွယ်ကြိုးကိုလက်မလွှတ်ရဲ၊ သည်တော့ တစ်ဘက်ကမ်းပါးပေါ်သို့ ခုန်မဆင်းမိ၊ နွယ်ကြိုးလွှဲခဲ့ရသော အရှိန်ကမကုန်သေး၊ သို့ဖြင့် နွယ်ကြိုးရောကိုယ်ပါ လာခဲ့သည့် တစ်ဘက်ကမ်းသို့ပြန်ရောက်သွား၊ အသင့်စောင့်နေသော ရန်သူတွေနှင့် ပြန်တွေ့ရ၊ သည်လိုနှင့် ရန်သူတို့၏လက်တွင်းသို့ ပြန်လည်ဆင်းသက်လိုက်ရ။

ပီတိသည် နွယ်ကြိုးနှင့်တူသည်။

လွတ်မြောက်ဖို့အတွက် လမ်းစတစ်ခု၊ အထောက်အပံ့အကူအညီတစ်ခုမျှသာ။ သို့သော် ဟိုဘက် ချောက်ကမ်းပါးထိပ်ရောက်တိုင်း အမှန်တကယ် ကွင်းလုံးကျွတ် မလွတ်မြောက်နိုင်သေး။ ရှေ့ဆက်ပြီး ခရီးတွေအများကြီးနှင်ရဦးမည်။

ကိလေသာရန်သူကလည်း ချောက်ကမ်းပါး တစ်ဘက်သို့ရောက်အောင် နည်းအမျိုးမျိုးဖြင့် လိုက်လာကြဦးမည်။ ကိလေသာ၏သဘောက ယောဂီ၏နောက်မှ အရိပ်အဖြစ် ထက်ကြပ်မကွာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေဖို့ပဲဖြစ်သည်၊ အမြဲ အနှောင့်အယှက်ပေးနေဖို့ပဲဖြစ်သည်။

ပီတိကိုရလိုက်သော အခြေအနေလေးသည် ရန်သူတစ်ပြုံတစ်မကြီးကို တစ်ဘက်ကမ်းတွင်ထားခဲ့ကာ နွယ်ကြိုးဖြင့် အခြားတစ်ဘက်ကမ်းသို့ ကူးနေသည့် အခြေအနေမျိုးကို ကြုံနေရသည့်အခိုက်အတံ့ အချိန်အခါမျိုးမျှသာဖြစ်သည်။

ဘာမျှမက်လောက်စရာမရှိသေး။

ကြိုးကိုရဲရဲလွှတ်ချ၊ တစ်ဘက်ကမ်းသို့ခြေချ။ ပြီးလျှင်ဆက်လျှောက်။ နောက်ပြန်လှည့်မကြည့်နှင့်။ ရန်သူတွေ လိုက်လာမလားလည်းစိုးရိမ်မနေနှင့်။ လိုက်လာဖို့ ၊ နှောင့်ယှက်ဖို့က ရန်သူတို့၏ အလုပ်။

ကိုယ့်အလုပ်က ရန်သူနှင့် ခဏဝေးနေမှု (လောလောဆယ် ရန်သူလိုက်မလာနိုင်သေးမှု) အခွင့်ကောင်းကလေးကို အရအမိအသုံးချ၍ ရှေ့ခရီးစဉ်ကို ရောက်နိုင်သမျှရောက်အောင် ဆက်လှမ်းနိုင်ဖို့။

ပီတိသည် ဝိပဿနာ၏ လမ်းခုလတ်အဆင့်မျှသာရှိသေးသည်ကို သဘောပေါက်လျှင် ပီတိကိုဆုပ်ကိုင်ထားလိုခြင်းဟူသော 'လောဘ'ကိုမြင်မည်။ ပီတိဆုံးရှုံးသွားမှာ ကြောက်သော 'ဒေါသ' ကိုမြင်မည်။ ပီတိကိုပင် တရားလမ်းဆုံးဟု ထင်မှတ် နေသော အမှန်ကိုမသိမှု 'မောဟ' ကိုမြင်မည်။ ငါရလိုက်တဲ့ ပီတိကလေးပေါ့ ဟူသော မာနနှင့်ယှဉ်သည့် 'သက္ကာယဒိဋ္ဌိ' ကိုလည်း မြင်မည်။

တကယ့်တော့သတိ၊ သမာဓိ၊ ဝီရိယ ဟန်ချက်ညီမှုကြောင့် ဖြစ်ပေါ်လာသော ပီတိသည် အမောပြေရုံမျှသာရှိသေးသည်။





ယာယီ အေးငြိမ်းမှုကလေးသာရှိသေးသည်။

အပြီးတိုင် အေးငြိမ်းမှုမဟုတ်သေး။

သို့သော်လည်း သည်ယာယီအေးငြိမ်းမှုကလေးကိုပင် ယောဂီတွေသည် စွဲလန်းကြသည်။ တပ်မက်ကြသည်။ လက်မလွှတ်ချင် ဖြစ်ကြသည်။ ယာယီအေးငြိမ်းမှုသည်ပင်၊ သည်မျှ ကျေနပ်စရာကောင်းနေသေးလျှင် အပြီးတိုင်အေးငြိမ်းမှုသည် မည်မျှကျေနပ်စရာ ကောင်းလိုက်မည်နည်း။ ရှေ့ခရီးကို ဆက်ပါ ယောဂီ။

သင့်၌ မပျောက်ပျက်သော သဒ္ဓါ၊ မလျော့သော ဝီရိယ၊ မပေါ့မဆသော သတိ၊ မယုတ်သော သမာဓိ၊ စူးရှသော ပညာ တို့သာ ဟန်ချက်ညီညီ ပါလာပါစေ၊ အပြီးတိုင်အေးငြိမ်းမှုက သင့်ကို မွေးထွေးစွာစောင့်ကြိုနေပါသည်။

'ပီတိ'၌ ယစ်မူးသာယာခုံမင်နေခြင်းဖြင့် ဘဝ၏ အဖိုးတန် အချိန်များ အလဟဿကုန်ဆုံးမသွားဖို့ အရေးကြီးလှသည်။


ပီတိထက် အဆ ရာထောင်ပေါင်းများစွာ သာလွန်သော အပြီးတိုင်အေးငြိမ်းမှုထံသို့ရောက်မှသာ သင့်အနား အမြဲထက်ကြပ်မကွာ လိုက်လံနှောင့်ယှက် ဒုက္ခပေးနေကြသော ကိလေသာ ရန်သူများသည် နောင် ဘယ်သောအခါမျှ သင့်ကို ဒုက္ခပေးနိုင်တော့မည်မဟုတ်ပါပေ။

(အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း အတွဲ (၁) ၊ အမှတ် (၄) မှ)



www.burmeseclassic.com

www.burmeseclassic.com



အတွေးနောက်မှာ ထပ်ဖြစ်လာသောအတွေးတွေကို ဆက်တွေးခွင့် ပေးနေခြင်းသည်ပင်လျှင် ကိုယ်ကိုယ်တိုင်မှားနေမှန်း ယောဂီသည် မသိရှာ။ အမှန်တော့ အတွေးစကိုလက်စသတ်စေချင်လျှင် အတွေးကို ''တွေးတယ်'' ဟု ရိုးရိုးကလေးသိမှတ်နေလိုက်ရုံသာ။ ထိုသို့သိမှတ်နေချိန်တွင် စိတ်ကို အေးအေးကလေး အထိုင်ကျအောင် နေနေလိုက်ရုံသာ။ သည်နေရာသည် ဘာမျှမဟုတ်သလို့နှင့် အတော်အရေးကြီးသည့်နေရာဖြစ်သည်။

## အတွေး သို့မဟုတ် လက်တွဲဖော်

တရားအားထုတ်နေသော ယောဂီ၏စိတ်အတွင်းသို့ မည်သူတစ်ဦးတစ်ယောက်မျှ သွားရောက်လည်ပတ်နိုင်စွမ်း မရှိပါပေ။ ယောဂီကလည်း ''ငါ့ စိတ်ထဲသို့ လာလည်ကြပါ'' ဟု မည်သူတစ်ယောက်ကိုမျှ ဖိတ်ခေါ်၍မရပါပေ။ တစ်ခုတော့ ရှိသည်။ ယောဂီက အတိတ်ကို အာရုံပြုမိလိုက်သည်နှင့် အတိတ်ပုံရိပ် (ကောင်း၊ဆိုး)တွေသည် ယောဂီ၏စိတ်ဝယ် တဖျတ်ဖျတ်ပုံပေါ်လာတတ်သည်။ သို့တည်းမဟုတ် အနာဂတ်မှာ ကိုယ်ဖြစ်ချင်တာ၊ မဖြစ်ချင်တာတွေဆီသို့ အာရုံညွတ်လိုက်သည့်အခါ၌လည်း ပုံရိပ်တွေသည် တဖျတ်ဖျတ်ပေါ်လာတတ်ပြန်သည်။ ထိုအခါ ယောဂီ၏စိတ်သည်လည်း ပေါ်လာသောအာရုံတွေနှင့်အတူ ပျော်ပိုက်နှစ်မွှန်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာမှ (ထိုအချိန်သည် တွေးစရာအတွေးကွင်းဆက်ပြတ်သွားသလို ဖြစ်လေမှ) ငါတရားအားထုတ်နေပါလားဟု အလန့်တကြားသတိရတတ်သည်။ ထိုအခါ ယောဂီသည် လူဘုံအလယ် ရုတ်တရက် ခိုးထုတ်ခိုးထည်နှင့် အမိခံလိုက်ရသူပမာ ရှက်သွားတတ်သည်။ ရှက်ရှက်နှင့်ပင် ပစ္စုပ္ပါန်တည့်အောင်ဟုဆိုကာ ဝင်လေ၊ထွက်လေကို အတင်းအဓမ္မ နင်းရှုတော့သည်။ တကယ်တော့ "လုပ်သတိ" ဟူသည် ကြာကြာမခံ။ ခဏနှင့်ပျက်ပြယ်ပြန်သည်။ ထိုအခါ ယောဂီသည် ကိုယ့်ကိုယ်ကို အပြစ်တင်ချင်လာသည်။ "ငါကိုက လျှောက်တွေးနေတာကိုး ဒါကြောင့် သမာဓိမရတာပေါ့" ဟု တွေးသည်။ ပြန်ရှုသည်။ မှတ်သည်။ မတည့်။ အံချော်နေပေပြီ။ ထိုအခါ ယောဂီသည် ကိုယ့်ကိုယ်ကို စိတ်ပျက်ချင်လာသည်။ လောဘနောက်မှ ဒေါသတွေ ထွက်ပေါ်လာချေပြီ။

အတွေးနောက်မှာ ထပ်ဖြစ်လာသောအတွေးတွေကို ဆက်တွေးခွင့်ပေးနေခြင်းသည်ပင်လျှင် ကိုယ့်ကိုယ်ကိုမှားနေမှန်း ယောဂီသည် မသိရှာ။ အမှန်တော့ အတွေးစကို လက်စသတ်စေချင်လျှင် အတွေးကို "တွေးတယ်" ဟု ရိုးရိုးကလေး သိမှတ်နေလိုက်ရုံသာ။ ထိုသို့သိမှတ်နေချိန်တွင် စိတ်ကို အေးအေးကလေး အထိုင်ကျအောင် နေနေလိုက်ရုံသာ။ သည်နေရာသည် ဘာမှ မဟုတ်သလိုနှင့် အတော်အရေးကြီးသည့်နေရာဖြစ်သည်။ မူလ ကမ္မဋ္ဌာန်းကို မြန်မြန်သွားဦးမှပဟု လောကြီးနေလျှင် စိတ်သည် အထိုင်ကျဖို့ခဲယဉ်းနေပေမည်။ အမှန်တော့ ဝင်လေထွက်လေကို မှတ်နေသော မူလကမ္မဋ္ဌာန်းသည် သတိ၊ သမာဓိတို့ ထူထောင်





နေသော လေ့ကျင့်ရေး ကွင်းတစ်ခုသာ။ ဝိရိယတို့မွေးဖွားပေးသော နေရာတစ်ခုသာ။

ထိုနေရာသို့ပြန်သွားရပါမည်။ ဘာမျှစိတ်မပူပါနှင့်။ စိတ်အေးအေးထားလိုက်ပါ။လောလောဆယ် သည်ကြားကွက်လပ်ကလေးရဲ့ အခြေအနေကိုလေ့လာကြည့်ပါဦး။ စိတ်ဝင်စားစရာတွေ အပြည့်ပါ။ ခုနအတွေးကြောကို နောက်ပြန်ခြေရာကောက်ကြည့်ဦး။သတိဝင်လာသဖြင့် ဘယ်နေရာမှာ အတွေးစတွေ ဆုံးထားသနည်း။ ထိုအတွေးစမဆုံးမီ ၎င်းနှင့်ကပ်လျက် ဘာတွေးခဲ့သနည်း။ ထို့နောက် ကပ်လျက်၊ ကပ်လျက် တွေးခဲ့သော အတွေးစကိုနောက်ပြန်ပုံဖော်ကြည့်။ အတွေးစ ဘယ်နှခုလောက်ရှိမည်နည်း။ အတွေးကွင်းတွေ မည်မျှချိတ်ဆက်ခဲ့လေနည်း။ နောက်ကြောင်းလိုက်ရင်းမှပင် ဝင်လေထွက်လေမှတ်ခဲ့သော သတိနေရာတစ်ခုဆီသို့ ပြန်ရောက်လိမ့်မည်။ ဟုတ်ပြီ။ မူလသတိနှင့် ၎င်းသတိပျက်ပြယ်ပြီး အတွေးဝင်လာသည်မှ နောက်ဆုံးသတိ ပြန်လည်လာသည်အထိ မည်မျှကြာခဲ့သနည်း။ အတွေးတွေ မည်မျှများခဲ့သနည်း။ထိုအတွေးတွေသည် တကယ့်အမှန် တရားတွေလား။ ပုံရိပ်တွေလား။ ထိုအတွေးတွေထဲတွင် မည်သူတွေပါသနည်း။ တစ်ခုပြီးတစ်ခု မည်သို့ချိတ်ဆက်သွား သနည်း။ ထိုသို့ချိတ်ဆက်သွားသည်ကို ကိုယ်က ဘာကြောင့် ခွင့်ပေးထားမိသနည်း။ ထိုသို့ချိတ်ဆက်ပုံဖော်နေသည်ကို ကိုယ်က ဘာကြောင့် အချိန်မီ မသိလိုက်ရသနည်း။ သိလိုက်မိသောအချိန်တွင်မှ ဘာကြောင့်နောင်တရလာသနည်း။

ဓမ္မာရုံ။ ကြံစည်၊ တွေးဆနေသောစိတ်၏အာရုံ။



www.burmeseclassic.com

www.burmeseclassic.com



သည်မှာတင် ကိုယ့်ကိုယ်ကိုအဖြေထုတ်၍ရနေပြီ။ ကိုယ်၏ မသိခြင်း 'မောဟ' တွေ မည်မျှများခဲ့သနည်း။ ကိုယ်၏ မေ့လျော့ခြင်း 'ပမာဒ' တွေ မည်မျှများခဲ့သနည်း။ ကိုယ်၏အောက်မေ့အမှတ်ရမှု 'သတိ' တွေသည် မည်မျှချို့ယွင်းတိမ်းချော်ခဲ့လေသနည်း။ ကြံ့စည်တွေးတောတတ်သော စိတ်၏တံခါးဝ၌ အဘယ်ကြောင့် 'သတိ' ကို ကင်းစောင့် မချထားမိသနည်း။ ကိုယ့်လိုအပ်မှု၊ ကိုယ့်ချို့ယွင်းမှု၊ ကိုယ့်မေ့လျော့မှုတွေသည် မည်မျှများပြားလိုက်လေသနည်း။

ဟုတ်ပြီ။ ကိုယ့်အခြေအနေမှန်ကို ကိုယ်ရိပ်မိပြီ။ ကိုယ့်ကိုယ်ကို အမှန်အတိုင်းသိမြင်ပြီ၊ ဘာမျှဝင့်ကြွားနေစရာမရှိ။ "ငါ တရား အမြဲတမ်းထိုင်တယ်" ဟု ဘယ်သူ့ကိုမျှ လျှောက်ကြွားစရာမလို။ တရားထိုင်တယ်ဆိုတာ ခန္ဓာကိုယ်အထိုင်ပုံစံကို ခေါ်နေတာလား။ စိတ်တံခါးဝ၌ (သတိ) တရားကို အထိုင်ခိုင်းစေတာလား။ သည်လောက်ဆို ကွဲပြားသိနိုင်ပေပြီ။

ကိုယ်က တရားထိုင်နေတယ်ဆိုပေမယ့် သူ့အလုပ်သူလုပ်နေကြတဲ့ ပြင်ပပုဂ္ဂိုလ်မှန်သမျှကို ဘာကြောင့်စိတ်ထဲကို ဖိတ်ခေါ်ပြီး ပုံရိပ်တွေအဖြစ် လှုပ်ရှားအသက်ဝင်နိုင်းစေခဲ့သလဲ။ ထိုအခါ ကိုယ့်စိတ်ထဲ ရောက်လာသမျှတွေသည် အကောင်အထည်ဒြပ်တွေ၊ ပုဂ္ဂိုလ်တွေ မဟုတ်မှန်း ထင်ရှားပေပြီ။ ကိုယ့်စိတ်ကညွှတ်၍ အာရုံအဖြစ် ပုံဖေါ်နေခြင်းမျှမဟုတ်လား။ အဲဒီတော့ ငါ သူတစ်ပါး၊ ယောက်ျား၊ မိန်းမဆိုတာကော အမှန်တကယ်ရှိပါရဲ့လား။ အားလုံးသည် စိတ်ကူးပုံဖေါ် ပုံရိပ်တွေမျှသာ။

ယခုသတိဝင်ချိန်တွင် ထိုပုံရိပ်တို့ ပျက်ပြယ်လေပြီ။





လွင့်ပါးပျောက်ကွယ်လေပြီ။ ကိုင်း . . ဒါဖြင့် ခုနအတွေးနဲ့အတူဖြစ်ခဲ့တဲ့ ကြိုက်မှု၊ မကြိုက်မှု၊ ခံစားလိုမှု၊ မခံစားလိုမှု၊ နှစ်သက်နေမှု၊ စက်ဆုပ်တွန်းဖယ်နေမှုတို့သည်ကော ဘယ်နားရောက်ကုန်ပြီလဲ။ လှမ်းယူပုံဖေါ်လိုက်သော အာရုံနှင့်စိတ်တို့ ထိတွေ့ချိန်မှာ ဖြစ်ပေါ်ခဲ့တဲ့ ခံစားမှုမဟုတ်လား။ ထိတွေ့မှု . . ဖဿ၊ ခံစားမှု . . ဝေဒနာ၊ ဒါဆိုရင် ဖဿပစ္စယာ ဝေဒနာ၊ ထိတွေ့မှုမှသည် ခံစားမှုဆီသို့၊ ဟော . . ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးရဲ့ အပိုင်းအစတစ်ခု။ သည်မျှတင်ရပ်နေမှာလား။ မဟုတ်ပါ၊ ဝေဒနာပြီးလျှင် တဏှာလာဦးမည်။ ဝေဒနာပစ္စယာ တဏှာ။ ကြိုက်စွဲလန်း၊ မကြိုက်စွဲလန်း၊ မသိစွဲလန်း။ တဏှာမှ သည်ဥပါဒါန်၊ ပြီးတော့ ဘဝ . .။ဘဝရလာတော့ ဇာတိ၊ ဇရာ၊ မရဏတွေ . .။ဆုံးမည်မဟုတ်တော့။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကတော့ ကိုယ်မရိပ်မိလျှင် မရိပ်မိသလို၊ ကိုယ်သတိမထားမိလျှင် မထားမိသလို မပြတ်လည်ပတ်နေမည်သာ . . .။

အဓိကမှာ သည်စက်ဝိုင်းကြီးကို ဘယ်သူလည်စေသနည်း။ သည်တရားခံကို မိအောင်ဖမ်းဖို့ဖြစ်သည်။ ထိပ်ဆုံးအစကိုကြည့်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ မသိမှုကြောင့် ပြုပြင်ပြောင်းလဲမှုတွေဖြစ်ခဲ့ရ၊ မသိတာ ဘာဖြစ်လို့လဲ။ မေ့နေလို့ပေါ့။ ဘာကြောင့်မေ့နေပါလိမ့်။ သတိမရှိလို့ပေါ့။ ကိုင်း . . ထားပါ။ ကိုယ်သတိ မထားခဲ့၍ အဝိဇ္ဇာပစ္စယာ သင်္ခါရာမှသည် အဆင့်ဆင့်ဖြင့် နောက်ဆုံးတွင် သည်ခန္ဓာကြီးကို ရခဲ့ပြီ။ သည်ရုပ်သည်နာမ် အစုအဝေးကြီးကို အထုပ်အထည်အဖြစ် ပြုစုထိန်းသိမ်းနေရပြီ။ ကိုယ်ပိုင်ပစ္စည်းဟု သဘောထားနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com

သည့်ရုပ်နာမ်အစုအဝေးကြီးမှာ တပ်ဆင်ထားသော အာရုံတံခါးပေါက်တွေကြောင့်ပင် ရုပ်တွေ၊ နာမ်တွေ အဖန်ဖန်တလဲလဲ အသစ်အသစ်ဖြစ်နေရပြီ။ ဘယ်ခံစားမှုတွေကကော သည့်ရုပ်သည့်နာမ်ကြီးအပေါ်မှာ ကြာကြာမြဲနေသလဲ ..။ ကိုယ်သိပ်ကြိုက်ပါတယ်ဆိုတဲ့ အာရုံခံစားမှုတစ်ခုခု (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အကြံအတွေးတို့မှ တစ်ခုခု) သည်ကော ဘယ်လောက်ကြာကြာ ကိုယ့်အနားမှာ နားနေပါသလဲ။ အားလုံးသည် ပေါ်ပြီးလျှင် ထိတွေ့ပြီးလျှင် ပျောက်သွားကြသည်ချည်း ဘာမျှကြာရှည်နားခိုမနေ။ သည်တော့ နောက်တစ်ခါ ခံစားခွင့်ရအောင် လူသည် ကြိုးစားပြန်သည်။ ခံစားခွင့်ရသည်။ ပြန်ပျက်သွားပြန်သည်။ ပြန်ကြိုးစား ပြန်သည်။ ပြန်ခံစားခွင့် ရပြန်သည်။ နောက် ပျောက်ပျက်သွားပြန်သည်။

"ဘာမျှ .. အကြာကြီးမဟုတ်ပါလား"

သည်တော့ ကိုယ်ရနေသည့် ရုပ်နာမ်အစုအဝေးအပေါ်မှုတည်၍ပင် ခံစားနေသည့် အဆင့်၌ပင် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း၏ အဝန်းပိုင်းပြတ်ထွက်သွားအောင်သာ ကြိုးစားရတော့မည်။ ရုပ်နာမ်၊ ခန္ဓာအစုအဝေးရနေမှတော့ သည်ရခဲ့မှုအပေါ် နောင်တ ကုက္ကုစ္စ ဖြစ်မနေနှင့်တော့။ ရခဲ့ပြီးပြီ။ ငြင်းပယ်၍ မရတော့။ နောက်ထပ်မရဖို့ကိုပဲ ကြိုးစားရုံသာ။ နောက်ထပ်မရဖို့ကလည်း အတည်ငြိမ်ဆုံးစိတ်ဖြင့် ခံစားနေသော အခြေအနေကို တည့်တည့်ကြည့်နေဖြစ်ဖို့ပဲလိုသည်။ တည့်တည့်ကြည့်နေချိန်ကြာလာလျှင် ငါခံစားနေသည်ဟူသော အစွဲလွတ်လာလိမ့်မည်။ ထိုအခါ နောက်ထပ် သည်လိုမျိုးခံစားရအောင် ကြိုးစားဦး-





ဆိုသော အကြံအစည် အတွေးအတော စိတ်ကူးတို့ ကင်းလွတ်နေမည်။ ထိုအခါ ခံစားမှုဝေဒနာအပေါ်၌ ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ မသိခြင်းတို့ဖြင့် ဖြစ်အပ်သော စွဲလန်းမှုတဏှာတွေ ဖြစ်ခွင့်မရနိုင်တော့။ ဒါဆိုလျှင် စက်ဝိုင်းကွင်းဆက်တို့ ပြတ်တောက်ပေမည်။ ခံစားမှုကို ခံစားမှုသဘောတစ်ခုအနေဖြင့် မှတ်ယူဆင်ခြင်၍ အချိန်ကြာကြာ ကြည့်တတ်လာလေလျှင် ယောဂီသည် အကြပ်အတည်း ဒုက္ခအပေါင်းမှ လွတ်ဖို့နီးပေပြီ။ သည်နေရာသို့ ရောက်လေလျှင် တစ်ချိန်ချိန်တွင် လွတ်မြောက် တော့မည်မှာ မုချမလွဲ။

ထို့ကြောင့် ယောဂီသည် အတွေးပုံရိပ်များကပေးသော ပညာရပ်များအပေါ် သုံးသပ်ဆင်ခြင် ရှုပွားနိုင်လေလျှင် ထိုပညာပေးသော အတွေးပုံရိပ်များကိုပင် ကျေးဇူးတင်ရပေဦးမည်။

တကယ်တော့ အတွေးဟူသည် ဝိပဿနာရှုရန်အတွက် အဆင်သင့်လမ်းခင်းပေးနေသော အာရုံများသာဖြစ်ပါသည်။ ထိုအာရုံများ၏ ဖြစ်ပျက်နေပုံကို အတွင်းထဲဝင်ကြည့်နိုင်သရွေ့ မြင်ခွင့်ရပေမည်။ အတွေးသည် ယောဂီအတွက် အပြစ်တင်စရာ အနှောက်အယှက် မဟုတ်ပါ။

ကျေးဇူးတင်စရာ လက်တွဲဖော်တစ်ခုသာဖြစ်ပေသည်။

(အပ္ပမာဒ မမ္မရသမဂ္ဂဇင်း အတွဲ (၁) ၊ အမှတ် (၅) မှ)


www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်နည်း မည်သည့်နည်းတွင်မဆို ဘာအပြစ်မျှမရှိ၊ နည်းနှင့် ပတ်သက်၍ ဘုရားရှင်က ကမ္မဋ္ဌာန်းနည်း (၄၀)ကို ဟောကြား ထားရစ်ခဲ့ပြီ။ ဘုရားရှင်၏တပည့်သား သံဃာတို့က ကိုယ်စရိုက်နှင့်ကိုက်ရာရွေးမှတ်ရင်း သူတို့တရားထူးရခဲ့သည့်လမ်း၊ တရားထူးရခဲ့သည့်နည်း၊ တရားထူးရခဲ့သည့် ရှုထောင့်အသီးသီးမှနေ၍ နည်းနာနိဿယတွေ ဖော်ထုတ်ဟောကြား ကြမည်သာ။ ကိုယ်နှင့် ကိုက်ကယူ၊ ကိုယ်နှင့်မကိုက်က မယူရုံပေါ့။

## နည်းလမ်းအသီးသီးနှင့် ကုက္ကုစ္စမီး

တရားအားထုတ်မှုကို နေ့စဉ်မပြတ်လုပ်ဆောင်နေသူ ယောဂီတစ်ဦးအတွက် မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့် အခြေအနေတွင် မည်သည့်ပုံစံဖြင့် တရားထူးရသွားမည်ကို ခန့်မှန်း၍မရစကောင်းပါပေ။

ညီတော် အာနန္ဒာမထေရ် တရားထူးရသွားသည့်ပုံကို ကြည့်။ ရပ်၊ သွား၊ ထိုင်၊ လျောင်း၊ ဣရိယာပုတ်လေးမျိုးစလုံးမှ လွတ်ကင်းနေသည့်အခြေအနေ၊ ဝီရိယလွန်တော့လည်း ဥဒ္ဓစ္စ ဖြစ်ခဲ့ရသည်။ ပျံ့လွင့်မှု ဥဒ္ဓစ္စ၏ နောက်နားတွင် နောင်တတစ်ဖန် ပူပန်ခြင်းဟူသော ကုက္ကုစ္စက ကပ်လျက်စောင့်နေသည်။ နီဝရဏ တရား (၅)ပါးတွင် အပါအဝင်ဖြစ်သော ဥဒ္ဓစ္စ၊ ကုက္ကုစ္စသည်



www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်နေသော ယောဂီ၏စိတ်ကို လမ်းကြောင်းတစ်မျိုးဖြင့် မွှေနှောက်ဖျက်ဆီးနိုင်သော စွမ်းအားရှိလေသည်။

''သည်ဘဝ ငါတရားထူးရနိုင်ပါတော့မလား၊ ငါအားထုတ်တဲ့နည်းတွေ မှားများနေပြီလား၊ တရားအားထုတ်လာတာလည်း နှစ်ပေါင်းကြာလာပြီ၊ အခုအချိန်ထိ တရားထူးမရသေးပါလား၊ သူများတကာတွေတော့ အချိန်တိုတိုနဲ့ရကုန်ကြပြီ၊ ငါ့မှာ ပါရမီ မပါလာလို့ပဲလား၊ ဘဝအဆက်ဆက်က ငါ အကုသိုလ်တွေဘယ်လောက်များခဲ့သလဲ မသိဘူးနော်၊ ဒီအကျိုးပေးတွေကို ငါအခုအချိန်ထိ ခံနေရတယ်ထင်ပါရဲ့၊ ဘယ်တော့များမှ သည်အကျိုးပေးတွေ ကုန်နိုင်ပါ့မလဲ၊ ငါဘာတွေလုပ်ဖို့လိုအပ်နေသလဲ''

စိတ်ပျက်မှု၊ စိတ်ညစ်၊ စိတ်ဆိုးတို့နှင့်အတူ စိတ်သည် တစ်စစီပြန့်ကျဲလွင့်စင်လာ၊ သည့်နောက် ကိုယ့်ကိုယ်ကို အပြစ်တင်စိတ်တွေမွှေးဖွားလာ။

ကိုယ့်ကိုယ်ကိုမကျေနပ်၊ ကိုယ့်စိတ်ကို ကိုယ်အားမရဖြစ်လာသောအခါ ဘယ်မှာလာ၍ စိတ်သည် အေးချမ်းနိုင်ပါတော့မလဲ။

အမှန်တော့ ယောဂီ၏ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာတို့ ဟန်ချက်မညီမှုကြောင့်သာဖြစ်သည်။ သည်ငါးမျိုးဟန်ချက်မညီရခြင်းမှာလည်း ယောဂီ၏ သုတနည်းမှုကြောင့်လည်းဖြစ်မည်။ယောဂီ၏ တွေးတောဆင်ခြင်သုံးသပ်မှု အားနည်းမှုကြောင့်လည်းဖြစ်မည်။

တရားအားထုတ်နည်း မည်သည့်နည်းတွင်မဆို ဘာ





အပြစ်မှုမရှိ၊ နည်းနှင့်ပတ်သက်၍ ဘုရားရှင်က ကမ္မဋ္ဌာန်းနည်း (၄၀)ကို ဟောကြားထားရစ်ခဲ့ပြီ။ ဘုရားရှင်၏တပည့်သားသံဃာတို့က ကိုယ့်စရိုက်နှင့်ကိုက်ရာရွှမှတ်ရင်း သူတို့တရားထူးရခဲ့သည့်လမ်း၊ တရားထူးရခဲ့သည့်နည်း၊ တရားထူးရခဲ့သည့်ရှုထောင့်အသီးသီးမှနေ၍ နည်းနာနိဿယတွေ ဖော်ထုတ်ဟောကြားကြမည်သာ။ ကိုယ် နှင့် ကိုက်ကယူ၊ ကိုယ်နှင့်မကိုက်က မယူရုံပေါ့။ ဘယ်ကမ္မဋ္ဌာနာစရိယမှလည်း သူ့နည်းနဲ့အားထုတ်မှတရားထူးရမည်ဟု အာမခံချက်မပေးပါ။သူ့ယောဂီကို သူအားထုတ်ခဲ့သည့်နည်းကိုသာ ပြန်လည်ဖောက်သည်ချခြင်းဖြစ်သည်။ သူ့အတွေ့အကြုံကို ပြန်လည်ဝေငှခြင်းသာဖြစ်သည်။ ဆရာ၏စရိုက်၊ ပါရမီနှင့် တပည့်၏စရိုက်၊ ပါရမီတို့ ရာခိုင်နှုန်းတော်တော်များများတူလျှင် ထိုတပည့်သည် ထိုဆရာကျင့်ကြံအားထုတ်ခဲ့သည့်နည်းလမ်းအတိုင်း အားထုတ်ပါက ဆရာကဲ့သို့ တရားထူးရရန်အခွင့်အလမ်း ရှိနိုင်သည်။ ဤနေရာတွင် နည်းတူရုံနှင့် မပြီးသေး၊ တပည့်သည် ဆရာကဲ့သို့ ယုံကြည်မှု သဒ္ဓါ ခိုင်မာပြတ်သားရန်လည်း လိုသေးသည်။ ဆရာကဲ့သို့ အားထုတ်မှု ဝီရိယစွမ်းအားကြီးမားဖို့လည်း လိုသေးသည်။ ဆရာကဲ့သို့ အမှတ်ရအောက်မေ့မှုသတိတွေလည်း အဆက်မပြတ်ဖြစ်ပေါ်ဖို့ အရေးကြီးသေးသည်။ ဆရာကဲ့သို့ စူးစိုက်တည်ကြည်မှု သမာဓိတွေအားကောင်းဖို့ လိုသေးသည်။ သို့မှသာ ဆရာကဲ့သို့ ပညာဉာဏ်တွေထက်မြက် မြင့်မား၍ လမ်းဆုံးပန်းတိုင်သို့ရောက်ပေမည်။

ဆရာနဲ့ငါ စရိုက်၊ ပါရမီ၊ စိတ်ဓါတ်အင်အားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆင်တူသားပဲ၊ ဒါကြောင့်ဆရာအားထုတ်ပုံ၊ အားထုတ် နည်းနဲ့ဆိုရင် ငါလည်း တစ်ချိန်ချိန်မှာ တရားထူးရမှာပဲဟု ခပ်မျောမျော ပေါ့ပေါ့လျော့လျော့ ယုံကြည်ထားလျှင်မူကား ဆရာကဲ့သို့ တရားထူးရမည်မဟုတ်ပါ။ အဓိကမှာ ဆရာသည် ဗိုလ်ငါးပါးကို ဘယ်လိုကိုင်တွယ် အသုံးချသွားသလဲဆိုသည်ကိုပါ လေ့လာ တတ်ဖို့လိုပါသည်။

ဆရာ့လို သဒ္ဓါ ကိုယ့်မှာရှိရဲ့လား၊
ဆရာ့လို ဝီရိယကော ကိုယ်ထားနိုင်ရဲ့လား၊
ဆရာ့လို သတိကော ကိုယ်ရှိနိုင်ပါ့မလား၊
ဆရာ့လို သမာဓိကော ကိုယ်အားကောင်းနိုင်ပါ့မလား၊
ဆရာ့လို ပညာဉာဏ်ကော ကိုယ်ထက်မြက်ပါ့မလား၊

BURMESE CLASSIC .com

သည်အစိတ်အပိုင်းတွေသာ အရေးအကြီးဆုံး ဖြစ်သည်။ တကယ်တော့ နည်းဟူသည်ပင် ပညတ်၏ နယ်ပယ်၌ရှိနေပါသေးသည်။နှာသီးဖျားမှာမှတ်တာ၊ဘိုက်မှာမှတ်တာ၊ ရင်ချိုင့်မှာမှတ်တာ၊ ငယ်ထိပ်မှာမှတ်တာ အားလုံးသည် သမာဓိထူထောင်သည့် အခြေအနေတွေသာဖြစ်ပါသည်။ တရားအားထုတ်ကာစ ယောဂီအဖို့ ပရမတ်နယ်ပယ်သို့ တိုက်ရိုက်မရောက်နိုင်သေးသဖြင့် ပညတ်နယ်ပယ်မှ နေရာတစ်ခုခုကို အထောက်အကူယူ၍ သမာဓိ ထူထောင်စေခြင်းမျှသာ။ နေရာပညတ်၏ နယ်ပယ်၌သာ ရှိသေးသည်။ ထိုနေရာတွေကို အမှီပြု၍ ဝင်၊ ထွက်၊ ဖေါင်း





ပိန်၊ ထိ၊ သိတို့မှတစ်ဆင့် ရုပ်၏ သဘာဝ ၊ ရုပ်၏ လက္ခဏာကို စတင်လေ့လာရခြင်းဖြစ်သည်။ ထိုသို့လေ့လာနေရင်းမှပင် ဝီရိယ၊ သတိ၊ သမာဓိတို့၏စွမ်းအားတွေ ထွက်ပေါ်လာစေရန် လုပ်ဆောင်ပေးနေရခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်နေရသည့် အတွက် ကြောင့်ကြစိုက်မှုက ပါနေရသည်။လှုပ်ရှားနေသော်လည်း ကိုယ့်ကိုယ်ကို မသိသော''ရုပ်''ကို အမှီပြု၍ သိခြင်းသဘော ဖြစ်သော''နာမ်''ကို လေ့လာရခြင်းသာဖြစ်သည်။ သတ်မှတ်ထား သော အာရုံကိုလေ့လာရင်းမှ ထိုအာရုံကိုသိသောနာမ်ကို သိဖို့ အတွက် ညွှတ်ညွှတ်သွားသော စိတ်၏သဘော၊ နာမ်၏သဘာဝ ကို ယောဂီသည် ရိပ်မိလာသည်။

သို့သော် ယောဂီတွင် နေရာပညတ်တွေစွဲနေသေးသည်။ အချိန်ပညတ်တွေစွဲနေသေးသည်။ ကာလပညတ်တွေစွဲနေသေးသည်။ ထိတွေ့တိုက်ဆိုင်မှုကြောင့် အခါအားလျော်စွာပေါ်လာသော အရောင်၊ နိမိတ်၊ ပုံသဏ္ဌာန်ပညတ်တွေစွဲနေသေးသည်။ ယောဂီသည် ချက်ချင်းလက်ငင်းကြီးတော့ ပညတ်နယ်ပယ်မှ မလွတ် ကင်းနိုင်ပေ။

သည့်နောက်မှ အဆမတန်တည်ငြိမ်လာသော အခြေအနေသစ်တစ်ခုဆီသို့ မသိမသာတိုးရင်းတိုးရင်း ရောက် သွားလိမ့်မည်။ ထိုအခြေအနေသစ်၌ စကာစ၊ ကြိုးစားကာစလို ရုန်းရင်းကြမ်းတမ်းမှုမျိုးတွေမရှိတော့။ နူးညံ့သိမ်မွေ့လွန်းလှသည်။ သိမှု၏နယ်ပယ်သည် ပိုမိုကျယ်ပြန့်လာသည်။ အတင်းအဓမ္မ နင်းမှတ်ရတာမျိုးတွေ မရှိတော့။ သူ့ဘာသာသူ အလိုက်သင့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးသိနေ သည်။ ကြောင့်ကြစိုက်မှုတွေကလည်း လွတ်လာပြီ။ အမြင် ရှင်းလာသောအခါ ဉာဏ်သည် ထင်းလာသည်။မတည်ငြိမ် သောသဘာဝ၊ အဆက်မပြတ်ဖြစ်နေသော သဘာဝမှုတစ်ဆင့် ကိုယ်ဖြစ်ချင်သလိုမဖြစ်ဘဲ သူ့သဘောနှင့်သူဖြစ်နေသော သဘာဝကို တွေ့လာသည်။ ထိုသဘာဝကြီးသည် ငါလည်း မဟုတ်ပါလား။ သူ့ဘာသာသူဖြစ်နေတာပဲ။ ကိုယ်လည်း မနိုင်းရ ကိုယ်နဲ့လည်းမဆိုင်သလို၊ ကိုယ်က ပရိသတ်သက်သက်၊ သူ့လှုပ်ရှားမှုတွေက နူးညံ့သိမ်မွေ့လွန်းပေမယ့် နှိပ်စက်မှု တစ်ခုပါနေသည်ဟုထင်သည်။ ဒါတွေကို သိနေရတာ ဘာ အဓိပ္ပါယ်ရှိနေအုံးမှာလဲ၊ တွေ့ရှိမှတ်သားမှုနှင့် ဆင်ခြင်မှုတို့ ရောထွေးနေသည်။ ဆင်ခြင်နေသောအတွေးကို မှတ်လိုက်သော အခါ အတွေ့အမြင်သက်သက် ဖြစ်လာသည်။ ဩော် ့ပင်ပန်း ဆင်းရဲလိုက်တာနော်၊ လှုပ်ရှားနေသမျှ၊ မတည်မငြိမ်မှုကို မြင်နေရသမျှ ဆင်းရဲပင်ပန်းနေပါလားဟု စွဲထင်လာသည်။ ဘယ်တော့များမှ ငြိမ်းအေးသွားလေမလဲဆိုသည်ကို တောင့်တ လာသည်။ ထိုအခြေအနေကို ရပ်ပစ်ချင်လာသည်။ ကိုယ်နှင့်မဆိုင် သလိုဖြစ်နေသော ဆင်းရဲပင်ပန်းမှုတွေကို ကိုယ်ဆက်၍မတွေ့ချင်၊ မမြင်ချင်တော့၊ သို့သော် ကိုယ်ရပ်နိုင်းချင်တိုင်း ရပ်၍မရ။ သူ့တွင် အရှိန်အဝါရှိနေသည်။ အရှိန်ကုန်အောင် စိတ်အေးအေး လေးနှင့် စောင့်ကြည့်နေရဦးမည်။ တစ်ခုပြီးတစ်ခု မမြဲသောသဘာဝတွေ သည် ကိုယ်နှင့်မဆိုင်သလိုဖြစ်နေသည်မှာ ထင်ရှားလွန်းလှသည်။

ဒါဟာ အနိစ္စပါလား၊ ဒါဟာဒုက္ခပါလား၊ ဒါဟာ





အနတ္တပါလားဟု ဆိုင်းဘုတ်လိုက်တပ်ချိန်ပင်မရလောက်အောင် သူ့ခမျာ ဖေါက်ပြန်ပြောင်းလဲမှု မြန်ဆန်လွန်းလှသည်။

ထိုအချိန်တွင် ယောဂီသည် ရုပ်၊ နာမ်သဘာဝ သိမြင်မှု မှတစ်ဆင့် ဝိပဿနာလက္ခဏာများပေါ် မေးတင်မိချေပြီ။ လွတ်မြောက်မှုပန်းတိုင်သည် နီးသထက်နီးလာပေပြီ။

သည့်အတွက် အောက်ခြေပညတ်နယ်တွင် နည်းအမျိုး မျိုးတွေ့ရမှုအပေါ်၌ သူ့နည်းမှားသည်၊ ငါ့နည်းမှန်သည်ဟု အချင်း မပွားနေသင့်။ ပညတ်နယ်မှာ မည်မျှအငြင်းပွားပွား ပရမတ် နယ်ရောက်သွားသောအခါ အတူတူပင်။ ဒါကိုပင် အောက်ခြေ၌ အချင်းများ၊ နည်းရွေး၊ သူမှန်၊ ကိုယ်မှန်လွန်ဆွဲနေလျှင် လွန်ဆွဲ ခြင်းဖြင့် အချိန်ကုန်နေသည့်အတွက် အပေါ်ရောက်ဖို့ဝေးနေတော့ သည်။

နည်းအပေါ်မှုတည်၍ နည်းအစွဲကြီးစွဲနေသည့်အတွက် သူ့ဆရာ၊ ကိုယ့်ဆရာ အားပြိုင်စေကြပြန်သည်။ ကိုယ်အားပြိုင်၍မှ မဝလေရော့သလား၊ ဆရာတွေကို အားပြိုင်စေကြပြန်သည်။ ရင့်ကျက်တည်ငြိမ်သော ပရမတ်နယ်ပယ်၏ ကျယ်ပြန့်သော သဘာဝတွေကို ဉာဏ်ဖြင့်ထင်ထင်လင်းလင်း မြင်ပြီးသော ဆရာတို့ကမူ တပည့်တို့ဆွဲခေါ်လေတိုင်း အောက်ခြေဝိုင်းသို့ မည်သူမျှ ခါးတောင်းကျိုက်၍ဆင်းမလာကြပါ။ ကိုယ်တိုင် ပညတ် နယ်ပယ်မှ မလွတ်ကင်းသေးသူအချို့သာ ခါးတောင်းကျိုက်၍ အောက်ဆင်းကောင်းဆင်းလိမ့်မည်။ ထိုသူမျိုးကိုလည်း ဆရာဟူ၍ခေါ်၍မရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့အားလုံးတွင် ဆရာတစ်ဆူသာရှိပါသည်။

၎င်းမှာ လောကသုံးပါး၏ ဆရာတစ်ဆူဖြစ်သော ဘုရားရှင်ပင်တည်း။ တရားမှန်သမျှလည်း မည်သူ၏ ကိုယ်ပိုင်တရားမျှမရှိပါ။

ဘုရားရှင်တွေ့ရှိဖော်ထုတ်ထားသည့် သဘာဝတရားကြီးကို ကိုယ်သန်ရာသန်ရာထောင့်မှနေ၍ တစ်ဆင့် ပြန်ပြောနေကြခြင်းသာဖြစ်ပါသည်။

နည်းလမ်းဟူသည် ကူးတို့လှေနှင့်တူလှသည်။ မြစ်ကိုလှော်ခတ်ဖြတ်သန်းဖို့ အကူအညီအထောက်အပံ့ တစ်ခုသာဖြစ်သည်။ ဟိုဘက်ကမ်းရောက်လျှင် လှေကိုထားခဲ့ပေရော့။ ကမ်းပေါ်တက်ပေရော့။ မြစ်ကိုဖြတ်ကူးတာခြင်းအတူတူ အချို့က စက်လှေနှင့်ဖြတ်ချင်ဖြတ်မည်။ အချို့ ပိန်းကောမနှင့် ကူးချင်ကူးမည်။ အချို့က ရွက်လှေနှင့်ဖြစ်ချင်ဖြစ်မည်။

ဘာနဲ့ပဲကူးကူး တစ်ဘက်ကမ်းရောက်သည်နှင့် သည်လှေကိုသုံးခဲ့ကြပြီး ထားခဲ့ပေရော့။ လှေအပေါ်မှာ ဘာလို့စွဲလန်းနေဦးတော့မှာလဲ။ လှေအမျိုးမျိုးသည် နည်းလမ်းအမျိုးမျိုးပေပဲ။ လှေအပေါ်မှာ မစွန့်ခွာနိုင်သေးလျှင် တစ်ဘက်ကမ်းရောက်ခါနီးမှ မြစ်အလယ်ထဲသို့ပြန်လှည့်ကာ တဝဲလည်လည်ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် နောင်တတစ်ဖန် ကုက္ကုစ္စနှင့် ကိုယ့်ကိုယ်ကို အပြစ်မတင်လေနှင့်။

ထိုနည်းလမ်းကိုလည်း အပြစ်မတင်လေနှင့်။ ပြီးတော့ သူတစ်ပါးကိုလည်း အပြစ်မတင်လေနှင့်။ ကိုယ့်နည်းမှကိုယ်ဟု





အစွဲကြီးစွဲကာ သူတစ်ပါးနည်းကိုလည်း အပြစ်မတင်လေနှင့်။

ဗိုလ်ငါးပါးအားကောင်းဖို့အတွက် စိတ်အေးသက်သာစွာ တရားအလုပ်လုပ်နေခြင်းသည်သာ အမြတ်ဆုံးဖြစ်ပေမည်။ သို့ဆိုလျှင် ရှေ့ကသွားခဲ့ကြပြီဖြစ်သော အရိယာကြီးများကဲ့သို့ ကိုယ်လည်း တစ်ဘက်ကမ်းသို့ တစ်ချိန်ချိန်မှာ ရောက်ရမည်မှာ မလွဲပါ။

ကုက္ကုစ္စမီးများ စိတ်မှာမတောက်လောင်အောင် တရားရေအေးဖြင့် ငြိမ်းသတ်လိုက်ပါ အိုယောဂီ . . .။

BURMESE CLASSIC .com

(အပ္ပမာဒ မဇ္ဈိမ မဂ္ဂဇင်း အတွဲ (၁) ၊ အမှတ် (၆) မှ)



www.burmeseclassic.com